# ကြေးမုံ

The Mirror

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်၊ အင်္ဂါနေ့၊ (20-1-2015) (၈၀၉၁)


**မမေ့လျော့ခြင်း**

အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ၊

အပ္ပမတ္တာ န မီယန္တိ၊ ယေ ပမတ္တာ ယထာ မတာ။

မမေ့မလျော့ခြင်းသည် နိဗ္ဗာန်ကိုရခြင်း၏ အကြောင်းတည်း။

မေ့လျော့ခြင်းသည် သေခြင်း၏ အကြောင်းတည်း။ မမေ့မလျော့သော သူတို့သည် သေသည် မမည်ကုန်။ မေ့လျော့သူတို့သည် သေသည် မည်ကုန်၏။ (အပ္ပမာဒဝဂ်၊ ဓမ္မပဒ)

# နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးစီးပွားအတွက် အပြည့်အဝ ဝန်ဆောင်မှုပေးနိုင်ရန် ကြိုးစားကြရမည်

နေပြည်တော် ဇန်နဝါရီ ၁၉

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်သဘင်ဆောင်၌ ကျင်းပသည့် အဆင့်မြင့်အရာရှိကြီးများ အထူးမွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။**

အခမ်းအနားတွင် နိုင်ငံတော်သမ္မတက မိန့်ခွန်းပြောကြားရာ၌ အဆင့်မြင့်အရာရှိကြီးများ အထူးမွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနားတွင် အဆင့်မြင့်အရာရှိကြီးများဖြစ်ကြသည့် ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများအတွက် အထူးဖွင့်လှစ်သည့် သင်တန်းဖြစ်သည်ကိုဦးစွာပြောကြားလိုပါကြောင်း။

သင်တန်းဖွင့်လှစ်ရသည့် အဓိကရည်ရွယ်ချက်သည် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအနေဖြင့် အစိုးရအုပ်ချုပ်ရေးယန္တရားကို ဦးဆောင်မောင်းနှင်ကြသည့် Key Driver များဖြစ်ကြသူများပီပီ မည်သည့်အစိုးရတက်တက် နိုင်ငံတော်၏မျှော်မှန်းချက်(Vision)ကို ကဏ္ဍအလိုက် မဟာဗျူဟာလုပ်ငန်းစဉ် (Strategy)များ၊ နည်းဗျူဟာ (Tactics)များနှင့် အကောင်အထည်ဖော်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ (Rules of Law)အတိုင်း အကောင်အထည်ဖော်လုပ်ဆောင်နိုင်ရန်နှင့် ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ အုပ်ချုပ်စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားတိုးတက်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း။

အစိုးရစတင်တာဝန်ယူကတည်းက ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ရှိသည့် သန့်ရှင်းသောအစိုးရဖြစ်ရေးမူဝါဒချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ စတင်တာဝန်ယူခဲ့သည့် တစ်နှစ်ကျော်ကာလတွင် ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုအဆင့်နှင့် ဒေသအဆင့် အဖွဲ့အစည်းအဆင့်ဆင့်ဖွဲ့စည်းတည်ဆောက်မှုနှင့်အတူ ခေတ်သစ်အုပ်ချုပ်မှုစနစ်သစ်တစ်ရပ်ကို လွှတ်တော်သာမက အစိုးရပါလေ့လာရင်း၊ သင်ယူရင်း ပြောင်းလဲလုပ်ဆောင်ခဲ့ကြရပါကြောင်း၊ အရွေးချယ်ခံကိုယ်စားလှယ်များနှင့်ဖွဲ့စည်းထားသည့် တိုင်းဒေသကြီး/ပြည်နယ် **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

**ပြည်သူတို့၏ လူမှုစီးပွားလိုအပ်ချက်များကို ပြည်သူများ၊ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများကို အလေးထားလုပ်ဆောင်ရန် လိုအပ်။**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အဆင့်မြင့်အရာရှိကြီးများ အထူးမွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

# ခြောက်ပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး ပြည်ထောင်စုလွှတ်တော်၏ အရေးကြီးအဆိုအပေါ် နိုင်ငံတော်သမ္မတ၏ ပြန်ကြားချက်နှင့်စပ်လျဉ်း၍ အများပြည်သူသိရှိရန် သတင်းထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သတင်းထုတ်ပြန်ရေးအဖွဲ့

**သတင်းထုတ်ပြန်ချက် ( ၁/၂၀၁၅ )**

**၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်**

**၁၃၇၆ ခု၊ ပြာသိုလကွယ်နေ့**

**ခြောက်ပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး ပြည်ထောင်စုလွှတ်တော်၏ အရေးကြီးအဆိုအပေါ် နိုင်ငံတော်သမ္မတ၏ ပြန်ကြားချက်နှင့်စပ်လျဉ်း၍ အများပြည်သူသိရှိရန် သတင်းထုတ်ပြန်ခြင်း**

၁။ ၂၅-၁၁-၂၀၁၄ ရက်တွင် ကျင်းပသော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့၌ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွန်းက အရေးကြီးအဆိုတင်သွင်းခြင်းအပေါ် အဆိုတင်သွင်းဆွေးနွေးခြင်းနှင့် ထောက်ခံဆွေးနွေးခြင်းတို့ဆောင်ရွက်ခဲ့ပြီး လွှတ်တော်က အတည်ပြုကြောင်းဆုံးဖြတ်ခဲ့ခြင်းအား သိရှိနိုင်ပါရန်နှင့် သုံးသပ်ဆောင်ရွက်နိုင်ပါရန် နိုင်ငံတော်သမ္မတထံ ပြည်ထောင်စုလွှတ်တော်နာယက က ၂၆-၁၁-၂၀၁၄ ရက်တွင် စာပေးပို့လာပါသည်။

၂။ ယင်းအရေးကြီးအဆိုနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ က ၁၇-၁-၂၀၁၅ ရက်တွင် ပြည်ထောင်စုလွှတ်တော်နာယကထံသို့ စာပြန်လည်ပေးပို့ခဲ့ပါသည်။ ပေးပို့ခဲ့သည့် စာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

*"ရည် ညွှန်း ချက်။ နိုင်ငံတော်သမ္မတထံသို့ ပြည်ထောင်စုလွှတ်တော်နာယက က ၂၆-၁၁-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၁/ပထ(စည်းဝေး)၉/၂၀၁၄-၁၅၃ ဖြင့် ပေးပို့စာ*

*၁။ ပြည်ထောင်စုလွှတ်တော်၌ တင်သွင်းခဲ့သည့် အောက်ပါအရေးကြီးအဆိုအား အတည်ပြုခဲ့ပြီး နိုင်ငံတော်သမ္မတမှ သုံးသပ်ဆောင်ရွက်နိုင်ရန် ရည်ညွှန်းစာဖြင့် ပေးပို့လာပါသည်-*

*"ခေတ်စနစ်၊ အချိန်အခါအခြေအနေနှင့် ညီညွတ်သော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်လာရေး၊ ပစ္စုပ္ပန်နှင့် အနာဂတ် မြန်မာနိုင်ငံတည်ဆောက်ရေးအတွက် အခြေအနေကောင်းများ ဖန်တီးလမ်းခင်းပေးနိုင်ရန် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ တိုင်းရင်းသားအစုအဖွဲ့များမှ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ ဆောလျင်စွာတွေ့ဆုံညှိနှိုင်းဆွေးနွေးရေး ပြည်ထောင်စုလွှတ်တော်က တိုက်တွန်းကြောင်း"*

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ❋**


BUSINESS INSTITUTE YANGON

Study accredited EUROPEAN programme at BIY - Business Institute Yangon

No(27), မြေညီထပ်၊ အဆောင်(E)၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်း။ 09 73223 777, 09 73223 999

စီးပွားရေးနှင့်သက်ဆိုင်သော Diploma ရရှိထားသူတိုင်းအတွက် BBA (Entrepreneurial Management)

ဘွဲ့ရရှိပြီးသူတိုင်းအတွက် pre (or) International Executive MBA

MBA (သို့မဟုတ်) စီးပွားရေးနှင့်သက်ဆိုင်သော မဟာဘွဲ့ရရှိပြီးသူတိုင်းအတွက် Doctor of Business Administration DBA

အတွေးအမြင်

**ကြေးမုံ စာ တည်း ရှု ထောင့်** **၂၀-၁-၂၀၁၅၊ အင်္ဂါနေ့**

# သင့်တင့်မျှတစွာ နှလုံးသွင်း

'အစာလည်းဆေး ဆေးလည်းအစာ'ဆိုရိုးရှိပါသည်။ အစားအစာကို စနစ်တကျနှင့် ချင့်ချိန်စားသုံးတတ်ပါလျှင် လူသားအကျိုးပြုဆေးဖြစ်သွားနိုင်ပါသည်။ မစားသုံးတတ်ပါက အကြင်သူအတွက် အစာအဆိပ်ဖြစ်တတ်ပါသည်။ အစားတစ်လုတ်ကြောင့် ဘေးဖြစ်သူများလည်း ရှိဖူးပါသည်။

ထို့ကြောင့် ရှေးလူကြီးသူမများက အရာရာတွင် စားသတိ၊ သွားသတိ ရှိကြစေဖို့ ကြိုတင်မြော်တွေးသတိပေးခဲ့ကြပါသည်။ အစားတွင်သာ မဟုတ်၊ လူမှုဆက်ဆံရေးနယ်ပယ်တွင်လည်း လိုသည်ထက်ပိုပါက စေတနာမှ ဝေဒနာဖြစ်တတ်ပါသည်။ သဒ္ဓါလွန်ပါက တဏှာကျွံတတ်ပါသည်။ အချစ်ကြီး၍ အမျက်ကြီးတတ်ပါသည်။ ယင်းကို ကိလေသာအမှောင်ဟု ပညာရှိသူတော်ကောင်းတို့က သတိပေးခဲ့ပါသည်။

အချို့လူမှုကိစ္စများတွင် အချိန်နှင့်ကုစားရမည့် ဖြစ်စဉ်တစ်ရပ်အတွက် မလိုလားအပ်ဘဲ ကြားဝင်မိသည်နှင့် မဖြစ်သင့်မဖြစ်ထိုက်သော ပြဿနာများ ထပ်မံဖြစ်ပွားရသည်ကိုလည်း ကြုံဖူးပါလိမ့်မည်။ မည်သည့်အရာတွင်မဆို အစွန်းနှစ်ပါးကို ရှောင်ရှားမှသာ ငြိမ်းအေးခြင်းသို့ရောက်မည်ဖြစ်သည်။ ဗုဒ္ဓဘုရားရှင်၏ မဇ္ဈိမပဋိပဒါ အလယ်လမ်းစဉ်သည် သံသရာဝဲဩဃမှ လွတ်လမ်းဖြစ်သည်သာမက မည်သည့်လူမှုဘဝနယ်ပယ်အတွက်မဆို ငြိမ်းအေးချမ်းသာခြင်းကိုဖြစ်စေသော အကျင့်တရားဖြစ်ပါသည်။

နိစ္စဓူဝ ပြောဆိုပြုမူ ကြံစည်မှု ကံသုံးပါးစလုံးတွင် 'တန်ဆေး၊ လွန်ဘေး' စကားလေးနှင့် သတိကပ်ထားနိုင်ပါက အကြင်ပုဂ္ဂိုလ်အတွက် အကျိုးမယုတ်နိုင်။ အကျိုးတိုးပွား ကိုယ်ရောစိတ်ပါ ချမ်းသာသုခရရှိနိုင်မည်မှာ အမှန်ဖြစ်သည်။ 'နှုတ်ကြောင့်သေ'ရသူများမှာလည်း 'ဝစီဗေဒထိတိုင်းရှ'တတ်မှုကို သတိမမူမိကြသဖြင့် မဖြစ်သင့်သည်များ ဖြစ်ကြရသည်။ အချိန်အခါ နေရာဒေသ၏ ပကတိအခြေအနေများနှင့် လိုက်လျောညီထွေ မနေတတ်၊ မပြောတတ်၊ မကြံစည်တတ်သူများအတွက် ပြောသမျှ၊ လုပ်သမျှ၊ ကြံစည်တွေးတောမှုဟူသမျှ အနည်းနှင့်အများ အခက်အခဲနှင့်ကြုံတွေ့တတ်ကြသည်။

စကားကြီး (၁၀)ခွန်းတွင် 'အိုးတန်ဆန်ခတ်' ဆိုစကားရှိပါသည်။ ဆန်တစ်ပြည်သာဆံ့သည့်အိုးတွင် ဆန်နှစ်ပြည် တစ်ခါတည်းထည့်ချက်ပါက ထမင်းကောင်းဖြစ်လာမည်မဟုတ်ချေ။ သို့သော် မိမိတို့ထိတွေ့ဆက်ဆံနေရသည့် သတ္တလောကတွင် ပုံသေကားချပ်သတ်မှတ်၍ ရနိုင်မည်မဟုတ်ပါ။ ကံသုံးပါးနှင့် ထိတွေ့ဆက်ဆံမှုပြုနေရသမျှ 'တန်ဆေး လွန်ဘေး'ဆိုစကားအတိုင်း ကျင့်ကြံနေထိုင်တတ်ပါမှ ဘဝအတွက် ကောင်းသောအကာအကွယ်ဖြစ်လာနိုင်ပါသည်။

ထို့ကြောင့် မြတ်စွာဘုရားရှင်၏ 'မဇ္ဈိမပဋိပဒါ' အလယ်အလတ်လမ်းစဉ်ကို ကျင့်သုံးတတ်အောင် အားထုတ်ကြပြီး 'ယောနိသော မနသိကာရ' ပညာဉာဏ်နှင့်ယှဉ်၍ အမှန်တရားလက်ကိုင်ထား၍ အမှန်ကို အမှန်အတိုင်းသိအောင် သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းဆင်ခြင်နေထိုင်ခြင်းသည်သာ မြတ်ဘုရားအဆုံးအမနှင့်အညီ အကောင်းဆုံးနေထိုင်ခြင်းဖြစ်ပါသည်။

လူတစ်ဦးနှင့်တစ်ဦး ကံချင်းလည်းမတူနိုင်ပါ။ ဉာဏ်ဝီရိယချင်းလည်း မတူနိုင်ပါ။ လူ့လောကဖြစ်ပေါ်သမျှ ဘဝအကျိုးပေးတို့သည် မိမိပြုသမျှကံအကျိုးပေးတို့ကြောင့်သာလျှင် ဖြစ်ပါသည်။ ဖြစ်ပေါ်လာသမျှ ဘဝအကျိုးပေးနှင့် ဖြစ်ပေါ်နေမှုများကို သင့်တင့်မျှတအောင် နှလုံးသွင်းတတ်ဖို့လိုပါသည်။ အရာရာတွင် မိမိစိတ်တိုင်းကျမဖြစ်တတ်ဘဲ သူ့သဘောသူဆောင်ကြသည်လည်း ရှိပါသည်။

လူ့ဘဝအတွင်း နေ့စဉ်တွေ့ကြုံလာရနိုင်သော ကျေနပ်ခြင်း၊ မကျေနပ်ခြင်း၊ မှန်ကန်ခြင်း၊ မှားယွင်းခြင်းတို့ကို အသင့်အတင့်နှလုံးသွင်းနိုင်ခြင်း 'ယောနိသော မနသိကာရ' လက်ကိုင်ထားကြပါလျှင် မိမိတို့စိတ်များ ပြေလျော့၍ တစ်ဦးနှင့်တစ်ဦး မေတ္တာတရားတိုးပွားကာ ငြိမ်းအေးချမ်းသာမှုများ တိုးပွားလာမည်ဖြစ်ပါသည်။ ။

# ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာအကူအညီပေးရေး အင်္ဂလိပ်-မြန်မာဒီမိုကရက်တစ် ခက်ဆစ်အသုံးအနှုန်းများ မျှဝေ

**ရန်ကုန် ဇန်နဝါရီ ၁၉**

ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာအကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်းနှင့် ဖွံ့ဖြိုးရေးမဏ္ဍိုင်အဖွဲ့တို့ ပူးပေါင်းထုတ်ဝေသော အင်္ဂလိပ်-မြန်မာ ဒီမိုကရက်တစ် ခက်ဆစ်အသုံးအနှုန်းများ စာအုပ် ပထမအကြိမ်ထုတ်ဝေခြင်း အခမ်းအနားကို စာအုပ်ထုတ်ဝေရေးအတွက် ပူးပေါင်းပါဝင်ကူညီခဲ့ကြသူ ပညာရှင်များနှင့် International IDEA ရုံးတွင် ဇန်နဝါရီ ၁၈ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ထိုစာအုပ်၏ရည်ရွယ်ချက်မှာ ဒီမိုကရေစီဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ မြန်မာဝေါဟာရအသုံးအနှုန်းများကို မြှင့်တင်ရန်နှင့် အသုံးအနှုန်းတစ်ခုစီအတွက် တိကျသည့်အဓိပ္ပာယ်ဖွင့်ဆိုခြင်းထက် ပြည်သူများပါဝင်ဆွေးနွေးနိုင်သည့် ဆုံမှတ်တစ်ခုအဖြစ်သို့ ဖန်တီးနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု အဖွဲ့ကဆိုသည်။ ဒီမိုကရက်တစ် ခက်ဆစ် အသုံးအနှုန်းများသည် မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့်လည်း များစွာအသုံးဝင်သည်ဟု ဆိုသည်။

"ဒီခက်ဆစ်အသုံးအနှုန်းစာအုပ်က တကယ့်ကို အသုံးဝင်တဲ့စာအုပ်ဖြစ်ပါတယ်။ ကျွန်မတို့ ဒီမိုကရေစီနဲ့ပတ်သက်တဲ့ အသုံးအနှုန်းတွေကို မြန်မာဘာသာပြန်ဆိုတဲ့အခါမှာ အခက်အခဲတွေတွေ့ရပါတယ်။ ဒီစာအုပ်ဟာ ကနဦးမိတ်ဆက်ခြင်းဖြစ်ပြီး နောက်ပိုင်းမှာလည်း ပိုမိုဖွံ့ဖြိုးတိုးတက်ဖို့ မွမ်းမံသွားမှာဖြစ်ပါတယ်"ဟု ဖွံ့ဖြိုးရေးမဏ္ဍိုင်အဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဒေါ်ပန်စီထွန်းသိန်းက ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

စာအုပ်ကို အခမဲ့ဖြန့်ဝေသွားမည်ဖြစ်ပြီး http://www.idea.int/publications/english-myanmar-glossary-ofdemocratic-terms/index.cfm.တွင်လည်း ရယူနိုင်သည်ဟုသိရသည်။ ခက်ဆစ်အသုံးအနှုန်းများ ပိုမိုကျယ်ပြန့်စွာ သိရှိနိုင်ရန်အတွက် ဝက်ဘ်ဆိုက်နှင့် မိုဘိုင်း application ထုတ်လုပ်ထားရာ www.democraticglossary.org.mm တွင် ရယူနိုင်သည်ဟု ဆိုထားသည်။ International IDEA and LRC တို့က စာအုပ်ပိုမိုဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုထံမှ အကြံပြုချက်များကို မျှော်လင့်နေကြောင်း သိရသည်။ အထွေထွေအတွင်းရေးမှူး Mr.Yves Leterme (International IDEA) က "ယခု စာအုပ်နဲ့ပတ်သက်တဲ့ ဝက်ဘ်ဆိုက်နဲ့ မိုဘိုင်း application တွေဟာ သုံးစွဲသူပြည်သူတွေအတွက် ပိုမိုလက်လှမ်းမီနိုင်ပြီး အကြံပြုချက်တွေကို ထိထိရောက်ရောက်ပေးပို့နိုင်ဖို့ဖြစ်ပါတယ်။ မြန်မာနိုင်ငံက သုံးစွဲသူတွေဝက်ဘ်ဆိုက်နဲ့ မိုဘိုင်း application တွေကိုသုံးသပ်ပြီး အကြံပြုချက်တွေကိုပေးနိုင်ဖို့ မျှော်လင့်ပါတယ်" ဟု ပြောကြားသည်။ **(ကြေးမုံ)**




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၁၉**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၈၆၃၀၀ | - | ၆၈၇၃၀၀ |
| မန္တလေး | ရွှေဈေး | ၆၈၆၃၀၀ | - | ၆၈၇၃၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | | |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၆၀ | ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၇၀ | ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၅၆၀ | ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၂၅.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၁၈၄.၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၆၅.၁၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၁.၄၈၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၈၈.၂၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆.၅၆၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၇၂.၁၅ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၄.၉၈၉ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၄၄.၀၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၇၂.၅၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

# ကျပ် ၂၀၀ တန် ထီ ဖေဖော်ဝါရီ ၁ ရက်ဖွင့်မည်

**ရန်ကုန် ဇန်နဝါရီ ၁၉**

(၃၁၃)ကြိမ်မြောက် ကျပ် ၂၀၀ တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲကို အောင်ဘာလေ သိန်းဆုဌာနခွဲ တည်ရှိရာ အမှတ်(၃၈၄) မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ ဖေဖော်ဝါရီ ၁ ရက် နံနက် ၈ နာရီမှစတင်၍ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါထီဖွင့်ပွဲတွင် ဆုကြီးတစ်ဆုချင်းစနစ်အရ ကျပ်သိန်း ၁၅၀၀ တစ်ဆု၊ ကျပ်သိန်း ၁၀၀၀ နှစ်ဆု၊ ကျပ်သိန်း ၅၀၀ ငါးဆု၊ ကျပ်သိန်း ၃၀၀ ခြောက်ဆု၊ ကျပ်သိန်း ၂၀၀ ခုနစ်ဆု၊ ကျပ်သိန်း ၁၀၀ ၁၈ ဆု၊ ကျပ်သိန်း ၅၀ ဆု ၂၀၊ ကျပ် ၂၅ သိန်း ဆု ၂၀၊ ကျပ် ၁၀ သိန်း ဆု ၃၀၊ ကျပ်ငါးသိန်း ၃၄ ဆု၊ ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်များမှ အက္ခရာနှင့် ရှေ့ဂဏန်းငါးလုံးတူ ၁၀ ယူနစ်အတွက် ကျပ်သုံးသိန်း ၁၀၀ ဆု၊ အက္ခရာနှင့် ရှေ့ဂဏန်း လေးလုံးတူ ၁၀ ယူနစ်အတွက် ကျပ်နှစ်သိန်း ၁၀၀၀ ဆု၊ အက္ခရာနှင့် ရှေ့ဂဏန်းသုံးလုံးတူ ကိုးယူနစ်အတွက် ကျပ်တစ်သိန်း ၉၀၀၀ ဆုနှင့် အက္ခရာနှင့် ရှေ့ဂဏန်းနှစ်လုံးတူ သုံးယူနစ်အတွက် ကျပ်ငါးသောင်း ၃၀၀၀၀ ဆု အပါအဝင် ဆုမဲပေါင်း ၄၀၂၄၃ ဆု ဖွင့်လှစ်ပေးမည်ဖြစ်သည်။

**(သတင်းစဉ်)**

# ထန်းတပင်၌ ထရန်စဖော်မာများ တိုးချဲ့တပ်ဆင်

**ရန်ကုန် ဇန်နဝါရီ ၁၉**

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူလျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၅ ရက်က ထန်းတပင်မြို့နယ် အမှတ်(၃)ရပ်ကွက် လွမ်းစေတီကျောင်းထိပ်တွင် 11/0.4 KV, 250 KVA ထရန်စဖော်မာတစ်လုံး ဓာတ်အားလွှတ်ခြင်းလုပ်ငန်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထူးနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မျိုးထွန်းတို့ဦးဆောင်၍ လိုင်းဝန်ထမ်းအဖွဲ့များက လုပ်ငန်းဆောင်ရွက်ခဲ့သည်။ ယခုနှစ်အတွင်း မြောက်ပိုင်းခရိုင်အနေဖြင့် ၉၉ လုံးမြောက် ထရန်စဖော်မာအဖြစ် တိုးချဲ့တပ်ဆင်ပြီးစီးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**









## ပြည်တွင်းရေးရာ



☆ ရှေ့ဖုံးမှ

အစိုးရအဖွဲ့အစည်းများ အစီအစဉ်တကျလုပ်နိုင်ကိုင်နိုင်ရန်၊ ပြည်ထောင်စုနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုထိရောက်ကောင်းမွန်စေရန် ခေတ်သစ်၊ စနစ်သစ်အတွေ့အကြုံ ဒီမိုကရေစီအလေ့အကျင့်များကိုလုပ်ကိုင်ရင်း ပြောင်းလဲနိုင်စေရန်ကြိုးပမ်းဆောင်ရွက်နေကြရသကဲ့သို့ မြို့နယ်အဆင့် အစိုးရဌာနများနှင့် မြို့မိမြို့ဖများပါဝင်သည့် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေးကော်မတီများသည်လည်း လုပ်ရင်းကိုင်ရင်း စွမ်းဆောင်ရည်ကောင်းလာစေရန် ကြိုးစားဆောင်ရွက်နေရဆဲဖြစ်ပါကြောင်း။ အလားတူ ပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့် လွန်ခဲ့သည့်ကာလများတွင် ဒီမိုကရေစီခေတ်စနစ်နှင့်မညီသည့် ဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းများကို ပြည်တွင်း/ပြည်ပ ပညာရှင်များအကူအညီ၊ ပြည်သူများပူးပေါင်းပါဝင်ညှိနှိုင်းမှုနှင့် ပြင်ဆင်ဆောင်ရွက်ခဲ့ရပြီး ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းများစွာကျန်ရှိနေသေးသည်ကိုလည်း တွေ့ရှိရမှာဖြစ်ပါကြောင်း။

ခေတ်စနစ်အကူးအပြောင်းတွင် မတွေ့ဖူး၊ မကြုံဖူး၊ မလုပ်ဖူးသေးသည့် အလုပ်များကို လုပ်ရင်း၊ လေ့လာရင်း ပါတီစုံဒီမိုကရေစီစနစ်နှင့်ဈေးကွက်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်ရသည့် အခြေအနေမှန်ကို အတွင်းကျကျမသိသူများက အုပ်ချုပ်ရေးယန္တရားပြုပြင်ပြောင်းလဲမှုကို အားမလိုအားမရပြောဆိုမှုများရှိခဲ့သည်ကို အရာရှိကြီးများ ကြားသိပြီးဖြစ်ပါကြောင်း။

ကောင်းစေလို၍ ဝေဖန်ပြောဆိုမှုများကို ကြိုဆိုကြရမည်ဖြစ်ပြီး မိမိတို့၏ စွမ်းဆောင်မှု အရည်အသွေးမြင့်မားတိုးတက်စေရန်နှင့် ပြည်သူများလိုလားသည့် အုပ်ချုပ်ရေးယန္တရားဖြစ်စေရန်ကြိုးစားကြရမှာဖြစ်ပါကြောင်း။

နိုင်ငံတစ်ခု၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်လုပ်ဆောင်ရာတွင် ထိပ်ပိုင်းအဆင့် နိုင်ငံရေးစိတ်ဆန္ဒ (Political Will) ပြင်းပြမှုရှိရုံနှင့် မအောင်မြင်နိုင်ဘဲ အုပ်ချုပ်မှုယန္တရားအဆင့်ဆင့်တွင် တာဝန်ယူအကောင်အထည်ဖော်ကြရသည့် အထူးသဖြင့် အရာထမ်းအဆင့်ဆင့်၏ ပြုပြင်ပြောင်းလဲလိုစိတ် သန္နိဋ္ဌာန်ခိုင်မာမှု (Bureaucratic Commitment) အားကောင်းမှသာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အောင်မြင်နိုင်ကြောင်း နိုင်ငံတကာအတွေ့အကြုံများအရ လေ့လာတွေ့ရှိရမည်ဖြစ်ပါကြောင်း။

ကမ္ဘာပေါ်တွင်ပြုပြင်ပြောင်းလဲမှုပြုလုပ်ကြသည့် ဖွံ့ဖြိုးဆဲနိုင်ငံသစ်များရှိသကဲ့သို့ ဖွံ့ဖြိုးပြီးနိုင်ငံကြီးများသည်လည်း ပိုမိုတိုးတက်ကောင်းမွန်သည့်အခြေအနေရောက်အောင်ပြုပြင်နေကြဆဲ၊ ပြောင်းလဲတိုးတက်အောင်ကြိုးစားနေကြဆဲဖြစ်သည့်အတွက် မှန်ကန်ကောင်းမွန်သည့် သင်ခန်းစာများရယူပြီး မိမိနိုင်ငံနှင့် ဆီလျော်အောင် ပြုပြင်ပြောင်းလဲရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လူ့စွမ်းအား (Human Capital )၊ အဖွဲ့အစည်းစွမ်းအား (Institutional Capital)၊ လူမှုရေးစွမ်းအား (Social Capital)နှင့် အခြေခံအဆောက်အအုံအင်အား (Physical Capital) အားကောင်းမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်မည်ဖြစ်သည်ဟု ဥရောပစီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့အစည်း OECDနှင့် ပြည်တွင်းပြည်ပ ပညာရှင်များက ထောက်ပြကြပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်မီဒီမိုကရေစီနိုင်ငံတည်ဆောက်ရာတွင် အုပ်ချုပ်ရေးယန္တရား၏ အရေးပါသောအခန်းကဏ္ဍကို ခေတ်ဟောင်း၊ စနစ်ဟောင်းမှ ဖွဲ့စည်းတည်ဆောက်ပုံနှင့် လုပ်ငန်းတာဝန်များအတိုင်း ဆက်လက်လုပ်ဆောင်ရန် လိုက်လျောညီထွေမှုမရှိတော့သည့်အတွက် အစိုးရဌာနများ၏ အဖွဲ့အစည်းစွမ်းအားကောင်းစေရန် ဖွဲ့စည်းပုံ Institutional Structure ပြန်လည်သုံးသပ်ပြင်ဆင်ခြင်း၊ အစိုးရအရာထမ်း၊ အမှုထမ်းများ၏ စွမ်းဆောင်ရည် တိုးတက်ကောင်းမွန်စေရန် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု (Human Resources Management) ပြုပြင်ပြောင်းလဲခြင်း၊ အစိုးရဌာနများ၏ ရုံးလုပ်ငန်းစည်းမျဉ်း၊ စာရင်းဇယားကောက်ယူခြင်းနှင့်စီမံကိန်း၊ ဘဏ္ဍာရေးအခြေခံအဆောက်အအုံကို e-government စနစ်ဖြင့် ပေါင်းစပ်ပြုပြင်တည်ဆောက်ခြင်း၊ ဒီမိုကရေစီအုပ်ချုပ်ရေးအသွင်သစ်သို့ ပြည်သူများနှင့် ပူးပေါင်းပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ပြန်လည်ထိရောက်စွာ ပြောင်းလဲဆောင်ရွက်ခြင်းတို့သည် အဓိကကျသည့် ပြုပြင်ရမည့်လုပ်ငန်းများဖြစ်ပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် တစ်နှစ်ထက်တစ်နှစ် ဘဏ္ဍာငွေပိုမိုရင်းနှီးမြှုပ်နှံ အကုန်အကျခံဆောင်ရွက်နေသကဲ့သို့ ပြည်ပ ပညာသင် ဘွဲ့ကြို ဘွဲ့လွန်နှင့် ပါရဂူဘွဲ့များ အများအပြားတိုးမြှင့်စေလွှတ်နေသည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း၊ ကာလတိုသင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲများကိုလည်း ပြည်တွင်းပြည်ပတွင် စီစဉ်လေ့ကျင့်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အထူးသဖြင့် အစိုးရဌာနဝန်ထမ်းများနှင့် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းများကို ပိုမိုတိုးချဲ့ဖွင့်လှစ်လေ့ကျင့်ပေးခြင်း၊ နိုင်ငံတကာအတွေ့အကြုံရစေရန် စေလွှတ်ခြင်းတို့ကို ပိုမိုဆောင်ရွက်ပေးနေပါကြောင်း။

၂၀၁၁ ခုနှစ်မှစတင်ကာ ဘဏ္ဍာရေးကဏ္ဍပြုပြင်ပြောင်းလဲမှုများအဖြစ် ငွေကြေးမူဝါဒ၊ ဘဏ္ဍာငွေအရအသုံး မူဝါဒ၊ အခွန်မူဝါဒများအပါအဝင် ဘဏ်များပြုပြင်ပြောင်းလဲမှု၊ ငွေကြေးဈေးကွက်ထူထောင်မှု၊ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို ပြောင်းလဲဆောင်ရွက်ရာတွင် အစိုးရ၊ ပုဂ္ဂလိကနှစ်ရပ်စလုံးအတွက် စွမ်းဆောင်ရည်မြှင့်တင်ရန် လိုအပ်နေဆဲဖြစ်ပါကြောင်း။

အလားတူ ကိန်းဂဏန်းစာရင်းဇယား မှန်ကန်ပြည့်စုံရေးအတွက် သန်းခေါင်စာရင်းကောက်ယူရရှိသည့် အချက်အလက်များကို စတင်စာရင်းသွင်းကာ ပုံမှန်တွက်ချက်ဖြည့်ဆည်းသွားရေး ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ကုန်သွယ်ရေးမူဝါဒ၊ ရင်းနှီးမြှုပ်နှံမှုမူဝါဒများပြောင်းလဲပြီး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ရေးဆွဲဖြေလျှော့ဆောင်ရွက်ခဲ့သည့်အတွက် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ တိုးတက်သင့်သလောက်တိုးတက်လာသော်လည်း စွမ်းဆောင်ရည်မြှင့်တင်ရန်နှင့် ပြည်သူ့ဝန်ဆောင်မှုအဆင်ပြေချောမွေ့စေရေး၊ လာဘ်ပေးလာဘ်ယူကင်းရှင်းရေး ပညာပေးကြပ်မတ်ရန် လိုအပ်ဆဲဖြစ်သည့်အတွက် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအနေဖြင့် မိမိတို့၏ လက်အောက်ဝန်ထမ်းများ စိတ်ဓာတ်၊ စည်းကမ်း၊ ကိုယ်ကျင့်တရားကောင်းမွန်ပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအား စေတနာထားလုပ်ဆောင်စေရန်နှင့် ဝန်ထမ်းသက်သာချောင်ချိရေးကို အလေးထားလုပ်ဆောင်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

အလားတူ အခြားကဏ္ဍအသီးသီးတွင်လည်း အားသာချက်၊ အားနည်းချက်များရှိနေသည်ကို သိသိသာသာ ပြောင်းလဲတိုးတက်အောင် ကြိုးစားကြရမည်ဖြစ်ပါကြောင်း။

မိမိတို့အစိုးရ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်း (၄) ရပ်ထဲတွင် အစိုးရအုပ်ချုပ်ရေးယန္တရား တိုးတက်ကောင်းမွန်ရေးလုပ်ငန်းစဉ်သည် တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave) အဖြစ် ဆောင်ရွက်လျက်ရှိရာ ပြီးခဲ့သည့်ကာလအတွင်း ပြောင်းလဲတိုးတက်မှုနှင့် ပြည်သူတို့၏ တုံ့ပြန်ချက်များကို ပြန်လည်ရယူသုံးသပ်ခဲ့ရာ၌ ခေတ်စနစ်နှင့် ညီသည့် အစိုးရယန္တရားဖွဲ့စည်းပုံပြင်ဆင်ဆောင်ရွက်ရန်လိုအပ်သည်ကိုလေ့လာသုံးသပ်တွေ့ရှိရပါကြောင်း။

ထို့ကြောင့် ၂၀၁၄-၁၅ ဘဏ္ဍာနှစ်မကုန်မီ ပြည်ထောင်စုဝန်ကြီးဌာနများဖွဲ့စည်းပုံပြုပြင်ပြောင်းလဲဖွဲ့စည်းမှု (Restructuring and Reengineering) ပြုလုပ်သွားမည်ဖြစ်ပြီး ၂၀၁၅-၁၆ ဘဏ္ဍာနှစ်စတင်သည်နှင့် လူသစ်၊ စိတ်သစ်၊ ဖွဲ့စည်းပုံအသစ်နှင့် ပြည်သူများလိုလားနှစ်သက်သည့် အုပ်ချုပ်မှုယန္တရားဖြစ်စေရန် ပြောင်းလဲသွားမည်ဖြစ်ပါကြောင်း။

ယင်းသို့ အုပ်ချုပ်ရေးယန္တရားဖွဲ့စည်းပုံပြုပြင်ပြောင်းလဲရာတွင် ဖျက်သိမ်းသင့်သည့်ဌာနများကို ဖျက်သိမ်းခြင်း၊ ပူးပေါင်းဖွဲ့စည်းသင့်သည့် ဌာနများကို ပူးပေါင်းဖွဲ့စည်းခြင်း၊ နိုင်ငံရေးတာဝန်ဖြင့် ပြည်ထောင်စုဝန်ကြီးဌာနသို့ အလှည့်ကျလာရောက်တာဝန်ထမ်းဆောင်ကြသည့် ဝန်ကြီး၊ ဒုတိယဝန်ကြီးများ အလွှဲအပြောင်းကာလ လစ်လပ်ချိန်များ၌ ဝန်ကြီးဌာနတစ်ခုလုံး (လက်အောက်ဌာနများ အပါအဝင်) ကိုယ်စားတာဝန်ခံမည့် အမြဲတမ်းအတွင်းဝန်/ တာဝန်ခံညွှန်ကြားရေးမှူးချုပ်ဖွဲ့စည်းခန့်ထားပြီး စီမံကိန်းများ၊ ဘဏ္ဍာငွေအရအသုံးများစာရင်းအစစ်ဆေးခံ လွှဲပြောင်းလက်ခံပေးနိုင်ရန် စီမံခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်တွင် ပြည်ထောင်စုဝန်ကြီးဌာနကိုယ်စား လက်အောက်ဌာနအသီးသီးက ကိုယ်စားလှယ်များပါဝင်သည့် ကိုယ်စားလှယ်ရုံးအဖြစ် ဒေသအတွင်းဝန်ဆောင်မှုပေးနိုင်ရန် ပြင်ဆင်ဖွဲ့စည်းခြင်း၊ ခရိုင်အဆင့်တွင် စီမံကိန်းနှင့်ဘတ်ဂျက်သုံးစွဲမှု ဦးစားပေးစီမံရန်နှင့် မြေယာစီမံခန့်ခွဲမှု၊ အုပ်ချုပ်ရေးစီမံခန့်ခွဲမှု၊ ပေါင်းစပ်ညှိနှိုင်းမှု ပိုမိုကောင်းမွန်စေရန် ပြင်ဆင်ဖွဲ့စည်းခြင်း၊ မြို့နယ်အဆင့်တွင် ရုံးဌာနအသီးသီးမှ ပြည်သူများအတွက် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးနိုင်ရန်နှင့် ပေါင်းစပ်ညှိနှိုင်းမှု ပိုမိုကောင်းမွန်စေရန် စုပေါင်းရုံးများအဖြစ် ပြင်ဆင်ဖွဲ့စည်းခြင်း၊ e-government ဆက်သွယ်မှုနှင့် သတင်းအချက်အလက်နည်းပညာအသုံးပြု၍ ကိန်းဂဏန်းစာရင်းဇယားအချက်အလက်များ ပိုမိုပြည့်စုံမှန်ကန်ရေး၊ e-government စနစ်အသုံးပြုပြီး ရုံးလုပ်ငန်းများလျင်မြန်ချောမွေ့စေရေး၊ ဖွဲ့စည်း၊ တပ်ဆင်၊ တည်ဆောက်ခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်ပါကြောင်း။

အနာဂတ်ဒီမိုကရေစီနိုင်ငံတော် ရေရှည်ရှင်သန်ရေးအတွက် ဝန်ထမ်းအဖွဲ့အစည်းများ၏ အခန်းကဏ္ဍပိုမိုမြင့်မားပြီး စွမ်းဆောင်ရည်မြင့်မားတိုးတက်ရေးသည် အလွန်အရေးပါပြီး ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားအတွက် အပြည့်အဝ ဝန်ဆောင်မှုပေးနိုင်ရန် ကြိုးစားကြရမည်ဖြစ်ပါကြောင်း။

ပြီးခဲ့သည့်ကာလများတွင် လွှတ်တော်၏မေးခွန်းများ ဖြေဆိုရာ၌လည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံး တွက်ချက်ပြင်ဆင်ရာ၌လည်းကောင်း၊ ကတိကဝတ်များ လိုက်နာအကောင်အထည်ဖော်ရာ၌လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာနအချို့၏ အားနည်းမှုကို ထောက်ပြခြင်းများကို ပြုပြင်ရန်လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနများဖွဲ့စည်းမှုကျစ်လျစ်ခိုင်မာအားကောင်းပြီး စွမ်းဆောင်ရည်မြှင့်တင်နိုင်ရန် ပြင်ဆင်ဖွဲ့စည်းရာ၌ ဝန်ကြီးရုံးဖွဲ့စည်းသည့်အထဲတွင်အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်ရုံးမှာ စီမံခန့်ခွဲမှု၊ စီမံကိန်း၊ ဘဏ္ဍာရေး၊ လွှတ်တော်ရေးရာ၊ နိုင်ငံတကာရေးရာ၊ မီဒီယာဆက်ဆံရေး၊ ဌာနတွင်းစာရင်းစစ်စသည့်ဌာနခွဲများ ခိုင်မာစွာပါဝင်ဖွဲ့စည်းပေးမှာဖြစ်သည့်အတွက် အနာဂတ်တွင်အားနည်းချက်များ မရှိစေရန် စွမ်းဆောင်ရည်မြင့်မားစွာဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။

ပါလီမန်ဒီမိုကရေစီစနစ်က တည်ထောင်ခဲ့သည့် အတွင်းဝန်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များသည် ထိုခေတ်အခါက မြန်မာနှင့်ကမ္ဘာ့အခြေအနေ လိုအပ်ချက်များ၊ရည်မှန်းချက်များပေါ် မူတည်ပြီး ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ နောက်ပိုင်းတွင်ကျင့်သုံးဆောင်ရွက်ခဲ့သည့် နိုင်ငံ၏ နိုင်ငံရေး၊ အုပ်ချုပ်ရေးပုံသဏ္ဍာန်များနှင့် လိုက်လျောညီထွေမဖြစ်ခဲ့သည့်အတွက် ဖျက်သိမ်းခဲ့ခြင်းဖြစ်ပါကြောင်း၊ ယနေ့ ပြည်သူများလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဦးဆောင်ဦးရွက်ပြုတည်ထောင်ရာတွင် နိုင်ငံရေးစနစ်ပြောင်းလဲမှုနှင့်အတူ လိုက်လျောညီထွေရှိမည့် ဒေသတွင်းနှင့်နိုင်ငံတကာကျင့်သုံးအောင်မြင်နေသည့် အုပ်ချုပ်ရေးယန္တရားပုံစံကဲ့သို့ ပြောင်းလဲကျင့်သုံးရန် လိုအပ်လာပါကြောင်း၊ ထို့အတွက်ဝန်ကြီးဌာနများကို Restructuring နှင့် Reengineering လုပ်ဆောင်ရန်စီစဉ်နေခြင်းကို ပြည်သူများနှင့် ဝန်ထမ်းများ သိရှိနားလည်စေရန် ရှင်းပြကြရမည်ဖြစ်ပါကြောင်း။

ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်မှုသက်သက်သာမက ဝန်ထမ်းများ၏ သက်သာချောင်ချိရေး လိုအပ်ချက်များဖြစ်သော လစာစရိတ်တိုးမြှင့်ရေး၊ အငှားစနစ်ဖြင့် အရစ်ကျအိမ်ရာစနစ်၊ ကျန်းမာရေးစောင့်ရှောက်မှုစနစ်၊ သားသမီးများ ပညာသင်ထောက်ပံ့ကြေးစသည်တို့ကို နှစ်အလိုက်တိုးတက်စီမံဖြည့်ဆည်းပေးသွားရန် စီစဉ်လျက်ရှိသည်ကိုလည်း ဝန်ထမ်းအားလုံးသိရှိနားလည်ပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုး ကြိုးပမ်းထမ်းဆောင်သွားကြရမည် ဖြစ်ပါကြောင်း။

အမြဲတမ်းအတွင်းဝန်နှင့် ရုံးအဖွဲ့သည် ပါတီစုံဒီမိုကရေစီအုပ်ချုပ်ရေးယန္တရားပုံစံအရ နိုင်ငံရေးတာဝန်နှင့် ဝန်ကြီးဌာနအသီးသီးကို ရောက်ရှိလာမည့် ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် နိုင်ငံကချမှတ်ထားသည့် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးဆိုင်ရာ ကာလတို၊ ကာလလတ်နှင့်ကာလရှည်စီမံကိန်းများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ကြရသည့် အုပ်ချုပ်ရေးယန္တရားအဆင့်ဆင့်မှ ဝန်ထမ်းအဖွဲ့အစည်းများအကြား အကောင်းဆုံး ပေါင်းကူးဆက်သွယ်ပေးနိုင်မည့်သူများဖြစ်ရန်နှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုအားကောင်းစေရန် ကြိုးစားကြရမှာဖြစ်ပါကြောင်း။

အဆင့်မြင့်အရာရှိကြီးများ အထူးမွမ်းမံသင်တန်းဖွင့်လှစ် လေ့ကျင့်သင်ကြားမှုသည် အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်နှင့် လိုက်လျောညီထွေရှိစေမည့် အုပ်ချုပ်ရေးယန္တရားကို ခေါင်းဆောင်ကောင်းများ တည်ဆောက်နိုင်စေရန် လေ့ကျင့်ပြုစုပျိုးထောင်ပေးခြင်းဖြစ်ပါကြောင်း။

ယခုသင်တန်းတွင် နိုင်ငံတော်၏ မျှော်မှန်းချက်၊ မူဝါဒ၊ လုပ်ငန်းစဉ်များကို ခေတ်စနစ်သစ်၏ လိုအပ်ချက်နှင့်အညီ ပြည်သူများအတွက် ဒီမိုကရေစီ အလေ့အကျင့်နှင့်အညီ ကဏ္ဍအလိုက်လုပ်ဆောင်နိုင်စေရန် Public Policy, Public Administration, Leadership အပါအဝင် လိုအပ်သည့်ဘာသာရပ်များကို ပြည်တွင်း/ပြည်ပ ပညာရှင်များနှင့် ပြည်ထောင်စုဝန်ကြီးများက ဆွေးနွေးဟောပြောပို့ချမည်ဖြစ်ပါကြောင်း။

သင်တန်းတွင်ဆွေးနွေးပို့ချမည့် ပုံသဏ္ဍာန်သည် ဆရာနှင့် တပည့်ပုံစံမျိုးထက် အတွေ့အကြုံမျှဝေသည့် Cross Fertilization of ideas, Experience, knowledge ပုံစံဖြင့် ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် အထက်မှာ မှာကြားခဲ့သည့်အတိုင်း ယနေ့အစိုးရက ဦးဆောင်ဦးရွက်ပြု၍ အကောင်အထည်ဖော်နေသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် ဝန်ကြီးဌာနအသီးသီးက ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများအဖြစ်နှင့် ထိရောက်ထက်မြက်သည့် ခေါင်းဆောင်မှုများပေးနိုင်စေရန် ကြိုးစားကြဖို့လိုပါကြောင်း၊ မိမိသာမက မိမိလက်အောက်ငယ်သားများအားလုံးက နိုင်ငံ၏မူဝါဒလုပ်ငန်းစဉ်များကို သိရှိနားလည်ပြီး ပြုပြင်ပြောင်းလဲမှုကို ခံယူလိုက်ပါဆောင်ရွက်သူများဖြစ်လာအောင် စည်းရုံးဦးဆောင်ဆောင်ရွက်ကြဖို့လိုပါကြောင်း၊ ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်၏ အုပ်ချုပ်မှုယန္တရား မှန်ကန်သွက်လက်မြန်ဆန်ရေး၊ ပြည်သူတို့၏ လူမှုစီးပွားလိုအပ်ချက်များကို ပြည်သူများ၊ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများကို အလေးထားလုပ်ဆောင်ရန်လိုပါကြောင်း၊ ထိုကဲ့သို့ လုပ်ငန်းများဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများကို လိုက်နာကျင့်သုံးဆောင်ရွက်ရမည့် စီမံအုပ်ချုပ်မှု (Administration) တာဝန်အပြင် မိမိတာဝန်ယူရသည့်ကဏ္ဍ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး Sustainable Development အတွက် တီထွင်ဖန်တီးနိုင်သည့် စိတ်ကူးစိတ်သန်းများနှင့် အကောင်အထည်ဖော်ကြရန်လိုပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်သည် မိမိတို့တာဝန်ယူခဲ့သည့် ကာလတိုင်းနှစ်စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သည့်အတွက် မိမိတို့ဝန်ကြီးဌာနက တာဝန်ယူရသည့်ကဏ္ဍကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် အားသွန်ခွန်စိုက် အရှိန်မြှင့်တင်ဆောင်ရွက်ကြရန်လိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဒုတိယသမ္မတ ဦးဉာဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသားအဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ **(အပေါ်ဝဲပုံ)**

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီး ၅၇ ဦး တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၁၉ ရက်မှ ဖေဖော်ဝါရီ ၁၆ ရက်အထိ ရက်သတ္တပတ် လေးပတ်ကြာမြင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**

# နှစ်နိုင်ငံဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်တည်ဆောက်ရေး ဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာချွန်ယီွဟွာ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ယင်းသို့ တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးကျော်ဆန်း၊ ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်၊ ဦးမောင်မြင့်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဘတ်ဆွန်းနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုပိုမိုတိုးမြှင့်တည်ဆောက်ရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နေသည့် ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရေး၊ နည်းပညာ အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကင်းထောက်လူငယ်များ ပြုစုပျိုးထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။ **(သတင်းစဉ်)**

## ❋ ခြောက်ပွင့်ဆိုင်မှ

*၂။ မိမိဦးဆောင်သော အစိုးရအဖွဲ့သည် နိုင်ငံတော်အုပ်ချုပ်ရေးအား တာဝန်ယူသည့် အချိန်မှစတင်၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဆင့်ဆင့်သော ပြုပြင်ပြောင်းလဲမှုများကို စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်ခွင့်ရရှိစေရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုအခြေခံ၍ နိုင်ငံသားအားလုံး အခွင့်အရေးညီမျှစွာ ရရှိစေရေးတို့အတွက် တွေ့ဆုံဆွေးနွေးရေးမူကို အလေးထားကျင့်သုံးပါသည်။ ထိုသို့တွေ့ဆုံဆွေးနွေးခြင်းမှ တူညီသောသဘောထားများကို ပူးပေါင်းဆောင်ရွက်ခြင်း၊ ကွဲပြားသောသဘောဆန္ဒများကို ညှိနှိုင်းဆွေးနွေး အဖြေရှာခြင်းတို့ဖြင့် နိုင်ငံရေးယဉ်ကျေးမှုသစ်တစ်ရပ်အား အောင်မြင်စွာကျင့်သုံးလျက်ရှိပါသည်။ ယင်းသို့ဆောင်ရွက်ခဲ့မှုများကြောင့် ပေါ်ထွက်လာသည့် ရလဒ်ကောင်းများအနက်မှ ယနေ့ လွှတ်တော်များတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ကိုယ်စားလှယ်များ ပါဝင်လာခြင်းကို ထင်ရှားစွာ တွေ့မြင်နိုင်ပါသည်။ ထို့ပြင် အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးအတွက် မရှိမဖြစ်လိုအပ်သော တိုင်းရင်းသားစည်းလုံးညီညွတ်မှု တည်ဆောက်နိုင်ရန် ဗိုလ်ချုပ်အောင်ဆန်း ကျင့်သုံးခဲ့သည့် ပင်လုံညီလာခံအား စံပြု၍ အစပျိုးမှုအနေဖြင့် ၃၁-၁၀-၂၀၁၄ ရက်နေ့တွင် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ တိုင်းရင်းသားနိုင်ငံရေးပါတီများ စသည်ဖြင့် ၁၄ ဦး တွေ့ဆုံဆွေးနွေးမှုကို စတင်ဆောင်ရွက်ခဲ့ပြီး မူဘောင်များချမှတ်၍ ဆက်လက်တိုးမြှင့်ဆွေးနွေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။ ၁၂-၁-၂၀၁၅ ရက်နေ့ကလည်း နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ တိုင်းရင်းသားကိုယ်စားလှယ်ခေါင်းဆောင်များပါဝင်သည့် တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကို ပြုလုပ်ခဲ့ပါသည်။ ထို့ကြောင့် ယခုကဲ့သို့ ၆ ဦး တွေ့ဆုံဆွေးနွေးရန် တိုက်တွန်းချက်သည် မိမိတို့ဖော်ဆောင်နေသော နိုင်ငံရေးယဉ်ကျေးမှုသစ်နှင့် ညီညွတ်သည့်ကောင်းမွန်သော နိုင်ငံရေးလုပ်ငန်းလမ်းစဉ် တစ်ရပ်ဖြစ်ပြီး "စုပေါင်းညှိနှိုင်းဖြေရှင်းသည့်သဘောတရား"ကို အခြေခံထားပါသဖြင့် မိမိအနေဖြင့် ကြိုဆိုပါသည်။*

*၃။ ရည်ညွှန်းစာပါ နိုင်ငံတော်သမ္မတ ဦးဆောင်၍ ၆ ဦး တွေ့ဆုံဆွေးနွေးရန် တိုက်တွန်းလာသည့် ရည်ရွယ်ချက်များအဖြစ် အောက်ပါအတိုင်း တွေ့ရှိရပါသည်-*

*(က) ခေတ်စနစ်၊ အချိန်အခါ အခြေအနေနှင့် ညီညွတ်သော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်လာရေး၊*

*(ခ) ပစ္စုပ္ပန်နှင့် အနာဂတ်မြန်မာနိုင်ငံ တည်ဆောက်ရေးအတွက် အခြေအနေကောင်းများ ဖန်တီးလမ်းခင်းပေးနိုင်ရန်။*

*၄။ တွေ့ဆုံဆွေးနွေးရန် ရည်ရွယ်သည့် အကြောင်းအရာများအနက် "ခေတ်စနစ်၊ အချိန်အခါ အခြေအနေနှင့်ညီညွတ်သော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်လာရေး"ကိစ္စနှင့် စပ်လျဉ်း၍ မည်သည့်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေမဆို ခေတ်စနစ်၊ အချိန်အခါ အခြေအနေနှင့် ရာနှုန်းပြည့် ညီညွတ်သော ဖွဲ့စည်းပုံအခြေခံဥပဒေဟု မဆိုနိုင်သကဲ့သို့ မိမိတို့နိုင်ငံ၏ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) သည်လည်း ခေတ်စနစ်၊ အချိန်အခါ အခြေအနေနှင့် ရာနှုန်းပြည့်ညီညွတ်သော ဖွဲ့စည်းပုံအခြေခံဥပဒေဟု မဆိုနိုင်ပါ။ သို့ရာတွင် ခေတ်စနစ်၊ အချိန်အခါ အခြေအနေနှင့် ညီညွတ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေအဖြစ် ရပ်တည်နိုင်ရန် ပြည်ထောင်စုလွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တာဝန်အရှိဆုံးဖြစ်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေအား လိုက်နာရသည့် နိုင်ငံသားတိုင်းက သိရှိနားလည်ထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း ၁၂ တွင် ပုဒ်မ ၄၃၃၊ ၄၃၄၊ ၄၃၅၊ ၄၃၆ တို့ဖြင့် လိုအပ်ချိန်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်ရေး ဆောင်ရွက်ပုံနည်းလမ်းများဖြင့် ပြည့်စုံရှင်းလင်းစွာ ပြဋ္ဌာန်းထားပါသည်။ မိမိတို့လိုက်နာရန် တာဝန်ရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များအရ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိစ္စသည် လွှတ်တော်တွင်း၌ အဆင့်ဆင့်ဆောင်ရွက်ရန်နှင့် အချို့ကိစ္စများကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ(Referendum)ကျင်းပ၍ နိုင်ငံသားများ၏ သဘောဆန္ဒရယူအတည်ပြုရန် ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပါပြဋ္ဌာန်းထားသည့် နည်းလမ်းများနှင့်အညီ ဆောင်ရွက်ပါက နိုင်ငံတော်သမ္မတအနေဖြင့် လွှတ်တော်၏ဆုံးဖြတ်ချက်အတိုင်း လိုက်နာလုပ်ဆောင်သွားရန်အသင့်ရှိပါသည်။ ထိုလုပ်ထုံးလုပ်နည်းများကို ကျော်လွန်၍လုပ်ဆောင်ပါက တရားဥပဒေစိုးမိုးရေး(Rule of Law)ကို ကျော်လွန်လုပ်ဆောင်သကဲ့သို့ ဖြစ်နိုင်သည်ကို သတိပြုရမည်ဖြစ်ပါသည်။*

*၅။ ဒုတိယဆွေးနွေးရန် ရည်ရွယ်ထားသည့် "ပစ္စုပ္ပန်နှင့် အနာဂတ်မြန်မာနိုင်ငံ တည်ဆောက်ရေးအတွက် အခြေအနေကောင်းများ ဖန်တီးလမ်းခင်းပေးနိုင်ရန်" ကိစ္စသည် တစ်နိုင်ငံလုံးနှင့်သက်ဆိုင်ပြီး တိုင်းရင်းသားလူမျိုးစုအားလုံးနှင့်လည်း သက်ဆိုင်၍ ကြီးမားကျယ်ပြန့်သည့်ကိစ္စဖြစ်ပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အကျိုးသက်ရောက်မှုရှိသည့်ကိစ္စရပ်အပေါ် လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့နှင့် တပ်မတော်တို့မှ တာဝန်ရှိသူများသာမက ပါဝင်သင့် ပါဝင်ထိုက်သူများပါဝင်ရေး လိုအပ်မည်ဟု အကြံပြုလိုပါသည်။ ဤကိစ္စနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၏ ဆုံးဖြတ်ချက်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်၏ ဆုံးဖြတ်ချက်နှင့် ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တို့အတွင်းရှိ တိုင်းရင်းသားများ၏ သဘောထား ထုတ်ဖော်ထားရှိမှုများကိုလည်းကောင်း၊ ကျန်တိုင်းရင်းသားများ၏ သဘောထားများကိုလည်းကောင်း အလေးထားထည့်သွင်းစဉ်းစားရမည် ဖြစ်ပါသည်။*

*၆။ ပေးပို့လာသောဆွေးနွေးရန် တိုက်တွန်းသည့်အချက်များသည် အကြောင်းအရာတစ်ခုချင်း၏ ခေါင်းစဉ်မျှသာဖြစ်ရာ ခေါင်းစဉ်တစ်ခုချင်းအပေါ် ထည့်သွင်းဆွေးနွေးလိုသည့်မူဘောင်နှင့် အသေးစိတ်အကြောင်းအရာများအား ကြိုတင်လေ့လာနိုင်ရန်အတွက် ပေးပို့ရန် လိုအပ်မည်ဖြစ်ပါသည်။*

*၇။ ရည်ညွှန်းစာဖြင့် ပေးပို့လာသည့် နိုင်ငံတော်သမ္မတ ဦးဆောင်၍ ၆ ဦး တွေ့ဆုံဆွေးနွေးရန် တိုက်တွန်းလာသောကိစ္စသည် ကောင်းမွန်သောလုပ်ငန်းတစ်ရပ် ဖြစ်ပါသည်။ သို့ရာတွင် တိုင်းရင်းသားပြည်သူအားလုံး၊ လူထုလူတန်းစားအဖွဲ့အစည်းများနှင့် နိုင်ငံရေးအင်အားစုများက လက်ခံသော ကိုယ်စားပြုမှုဖြစ်စေရေး၊ အလားတူယင်းတို့၏ လိုလားတောင့်တချက်များ ပါရှိစေမည့် မူဘောင်များ ကြိုတင်ချမှတ်ထားသည့် တွေ့ဆုံဆွေးနွေးမှုဖြစ်စေရေးနှင့် ပွင့်လင်းမြင်သာမှု ရှိစေရေးတို့အတွက် စီမံဆောင်ရွက်နိုင်ပါက ပိုမို၍ ပြည့်စုံကောင်းမွန်မည်ဟု အကြံပြုလိုပါသည်။ သို့ပါ၍ အဆိုပါတွေ့ဆုံဆွေးနွေးပွဲအား မည်သို့ဆောင်ရွက်ပေးစေလိုသည်ကို ပြန်ကြားပေးရန် ဖြစ်ပါသည်။"*

၃။ သို့ပါ၍ ခြောက်ပွင့်ဆိုင် တွေ့ဆုံဆွေးနွေးရေး ပြည်ထောင်စုလွှတ်တော်၏ အရေးကြီးအဆိုအပေါ် နိုင်ငံတော်သမ္မတ၏ ပြန်ကြားချက်နှင့်စပ်လျဉ်း၍ အများပြည်သူသိရှိနိုင်ရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**



# မြရည်နန္ဒာတန်ဖိုးနည်းအိမ်ရာ မဲနှိုက်ရောင်းချ လက်ငင်းငွေချေစနစ်ဖြင့် ဝယ်ယူသူများအား တိုက်ခန်းသော့ပေးအပ်

**မန္တလေး ဇန်နဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက ရောင်းချပေးလျက်ရှိသော မြရည်နန္ဒာတန်ဖိုးနည်းအိမ်ရာ တိုက်ခန်းပိုင်ဆိုင်မှုစာအုပ်နှင့် တိုက်ခန်းသော့ပေးအပ်ပွဲကို ယနေ့နံနက်၉နာရီခွဲက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မြရည်နန္ဒာတန်ဖိုးနည်းအိမ်ရာ စီမံကိန်းရှင်းလင်းဆောင်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက်အားပေးသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ရောင်းချပေးလျက်ရှိသည့် တိုက်ခန်းပေါင်း ၁၃၄၄ ခန်းပါ မြရည်နန္ဒာတန်ဖိုးနည်းအိမ်ရာများကို ပြည်သူများအားစနစ်တကျ မဲနှိုက်၍ လက်ငင်းငွေချေစနစ်ဖြင့် လည်းကောင်း၊ ဘဏ်များနှင့်ချိတ်ဆက်၍ လည်းကောင်း ရောင်းချပေးလျက်ရှိရာ ဇန်နဝါရီ ၁၇ ရက်က လက်ငင်းငွေချေစနစ်ဖြင့် ဝယ်ယူခွင့်ရရှိသည့် ၃၇ဦးအား တိုက်ခန်းပိုင်ဆိုင်မှု စာအုပ်နှင့် တိုက်ခန်းသော့ ပေးအပ်ခဲ့သည်။

မြရည်နန္ဒာတန်ဖိုးနည်းအိမ်ရာရောင်းချပေးမည့် အစီအစဉ်များ စနစ်တကျဖြစ်စေရန်အတွက် ၂၀၁၃ ခုနှစ်မှစတင်၍ စနစ်တကျ ကွင်းဆင်း စာရင်းများကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ အများစုကကျေနပ်မှုရှိသည့်အတွက် ရောင်းချပေးမည့်အစီအစဉ်များကို နေ့စဉ်ထုတ်သတင်းစာများတွင် အချိန်တစ်လခန့်ပေး၍ အဆက်မပြတ်ကြေညာပေးခြင်း၊ သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများတွင် ကြေညာပေးခြင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများက အကြိမ်ကြိမ်ခေါ်ယူတွေ့ဆုံခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ တန်ဖိုးနည်းအိမ်ရာတိုက်ခန်းများ သတ်မှတ်ချိန်အတွင်းပြီးစီးလာပြီဖြစ်၍ တိုက်ခန်းဝယ်ယူမည့်သူများ များပြားလျက်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

ပြည်တွင်းရေးရာ

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ



**ရန်ကုန် ဇန်နဝါရီ ၁၉**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့နံနက် ၈ နာရီ မိနစ် ၄၀ က ရန်ကုန်မြို့မှ အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံမှတစ်ဆင့် ဆက်လက်ထွက်ခွာသွားသည်။

ဒုတိယသမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ အိန္ဒိယနိုင်ငံသံရုံးမှ တာဝန်ရှိသူများနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။**(ယာပုံ)**

ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် ဒုတိယသမ္မတနှင့် ဇနီးနှင့်အတူ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဒေါက်တာဝင်းမြင့်၊ ဒေါ်စန္ဒာခင်၊ ချင်းပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးငွန်ဆန်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် တာဝန်ရှိသူများလည်း လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံအရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင်မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

# ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၉**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးပထမနေ့ကို ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(အပေါ်ပုံ)**

အစည်းအဝေးတွင်ပြည်ထောင်စုလွှတ်တော်နာယကက နှုတ်ခွန်းဆက်စကားပြောကြားရာ၌ ယခုအစည်းအဝေးတွင် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုလွှတ်တော်တို့ ပူးပေါင်းပြီး နိုင်ငံတော်အတွက် နှစ်စဉ်မဖြစ်မနေ ဆောင်ရွက်ပေးရမည့် အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းတို့ကို စိစစ်အတည်ပြုနိုင်ရေး ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသည့်ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုလွှတ်တော်အနေဖြင့်လည်း လက်ရှိလွှတ်တော် သက်တမ်းအတွင်း နောက်ဆုံးစိစစ်ဆောင်ရွက်ပေးနိုင်မည့် အခွင့်အရေးဖြစ်သည့်အတွက် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသည် နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက်သော်လည်းကောင်း၊ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သက်တမ်းအတွက်သော်လည်းကောင်း အရေးကြီးသည့်အစည်းအဝေးဖြစ်ပါကြောင်း။

ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း ဆက်လက်ဆောင်ရွက်ရန်ရှိသည့်အတွက် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ပထမသက်တမ်းကာလ လုပ်ဆောင်ချက်များအတွက် အဆုံးအဖြတ်ပေးမည့် ၂၀၁၅ ခုနှစ်၏ အဓိကကျသည့် ဦးဆောင်အစည်းအဝေးဖြစ်သည်ဟုလည်း သတ်မှတ်နိုင်ပါကြောင်း။

နိုင်ငံတော်၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးအပါအဝင် လွှတ်တော်အသီးသီးတွင် ကျန်ရှိနေသည့် ဆောင်ရွက်ဆဲ ဥပဒေကြမ်းများထဲက ဦးစားပေးပြဋ္ဌာန်းသင့်သည့် ဥပဒေကြမ်းများ ဆွေးနွေးအတည်ပြုနိုင်ရေးနှင့် အစည်းအဝေးကာလအတွင်းပေါ်ပေါက်လာသည့် အခြားသော အရေးကြီးသည့် လွှတ်တော်ဆိုင်ရာလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး/ပြည်နယ်များမှတစ်ဆင့် ထောက်ပံ့ငွေအဖြစ် ဆောင်ရွက်ပေးထားသည့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေများကို သက်ဆိုင်ရာမြို့နယ်များအလိုက် ခွဲဝေသုံးစွဲကြသည့်နေရာတွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုထုတ်ပြန်ထားသည့်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ပြည်ထောင်စုအစိုးရအဖွဲ့က ထုတ်ပြန်ထားသည့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ သုံးစွဲရာ၌ လိုက်နာရမည့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျနှင့် မှန်ကန်စွာ သုံးစွဲကြရန်၊ လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင်မြင်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ပြင်ဆင်သည့် ဥပဒေကြမ်း အတည်ပြုနိုင်ရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကြမ်းကို လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

ဆက်လက်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းကိုလည်းကောင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းကိုလည်းကောင်း လွှတ်တော်သို့ တင်သွင်းခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့်သဘောထားမှတ်ချက်အစီရင်ခံစာကို ကော်မတီဝင် ဦးခင်မောင်ရီက ဖတ်ကြားခဲ့သည်။ **(သတင်းစဉ်)**

# ပထမဦးဆုံးပွဲဦးထွက်သံစုံတီးဝိုင်းကြီးဖျော်ဖြေပွဲ အမျိုးသားကဇာတ်ရုံ၌ ပြုလုပ်မည်

**ရန်ကုန် ဇန်နဝါရီ ၁၉**

ယူကေနိုင်ငံသားဂီတပညာရှင် Sebastian See-Schierenberg က စီစဉ်တင်ဆက်ပြီး မြန်မာဂီတပညာရှင်များနှင့် နိုင်ငံတကာဂီတပညာရှင်များ ပူးပေါင်းတင်ဆက်မည့် "Orchestra of Myanmar" သံစုံတီးဝိုင်းကြီး၏ ပထမဦးဆုံးပွဲဦးထွက်ဖျော်ဖြေပွဲကိုအမျိုးသားကဇာတ်ရုံ၌ ဇန်နဝါရီ ၃၁ ရက်(စနေနေ့) ည ၇ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ဗြိတိသျှကောင်စီမှ သိရသည်။

မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော မြန်မာလူငယ်ဂီတပညာရှင်များပါဝင်သည့် အဆိုပါသံစုံတီးဝိုင်းကြီး ပေါ်ပေါက်လာရန်အတွက် ယင်းပရောဂျက်အား လွန်ခဲ့သောလအနည်းငယ်ခန့်ကတည်းက ပြပွဲဒါရိုက်တာ တယောပညာရှင် Sebastian See-Schierenberg က ကြိုးပမ်းအားထုတ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ ပရောဂျက်ကို UK အခြေစိုက် Live4 Music charity အသင်းကြီးမှ တင်ဆက်ကာ KT Wong Foundation မှ အထောက်အပံ့ပေးထားကြောင်း၊ ဗြိတိသျှကောင်စီ၊ Goethe Institute နှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့၏ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံတစ်ဝန်း ပြည်နယ်အသီးသီးရှိလူ့အဖွဲ့အစည်းများအသင်းအဖွဲ့များနှင့် ဌာနများမှ ထူးချွန်သောဂီတပညာရှင်များကို ဖော်ထုတ်ရန်အတွက် ရည်ရွယ်ကြောင်းသိရသည်။ သံစုံတီးဝိုင်းကြီး၏ အဓိကရည်ရွယ်ချက်အရ မြန်မာနိုင်ငံရှိ ရွက်ပုန်းသီး လူငယ်ဂီတပညာရှင်များအတွက် နိုင်ငံတကာအဆင့် လေ့ကျင့်ပျိုးထောင်ပေးရန် အခြေခံအုတ်မြစ် ဖြစ်စေမည်ဖြစ်ကြောင်း၊ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် လူငယ်များအတွက် ဤသံစုံတီးဝိုင်းကြီးက စံနမူနာဖြစ်စေရမည်ဖြစ်ကြောင်း၊ ချစ်ခင်ရင်းနှီးမှုနှင့် ငြိမ်းချမ်းရေးသင်္ကေတအမှတ် လက္ခဏာအဖြစ် တည်ရှိရန်ဖြစ်ကြောင်း သိရသည်။

"Orchestra of Myanmar" သံစုံတီးဝိုင်းကြီးအား အမျိုးသားအနုပညာနှင့် ယဉ်ကျေးမှုတက္ကသိုလ်၊ the AOC Ochestra၊ ဂီတမိတ်၊ Myanmar Institute of Theology(MIT)၊ International School Yangon(ISY)၊ the British International School အပါအဝင် အခြားသောကျောင်းများ၊အဖွဲ့အစည်းများမှ ဂီတပညာရှင်ပေါင်းများစွာဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ရန်ကုန်အခြေစိုက် အပြည်ပြည်ဆိုင်ရာဂီတပညာရှင်များကလည်း ပရောဂျက်အား ပံ့ပိုးကူညီလျက်ရှိကြောင်းနှင့် ပွဲဦးထွက်ဖျော်ဖြေပွဲအား မည်သူမဆိုအခမဲ့ လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်းသိရသည်။ **(စိုးဝင်း-MLA)**

MPC

မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)

♦ သင်ဖတ်နေသော သတင်းများသည် မှားယွင်းသောဖော်ပြချက်တွေလား?
♦ သင်ဖတ်နေသော သတင်းများသည် မခိုင်မာသောကိုးကားချက်တွေ ထည့်သွင်းထားသလား?
♦ မီဒီယာမှာဖော်ပြမှုကြောင့် သင့်၏သိက္ခာထိခိုက်နေပါသလား?

စာဖတ်သူများက နစ်နာမှုနှင့် မကျေနပ်မှု တစ်စုံတစ်ရာရှိပါက သက်ဆိုင်ရာ သတင်းဌာန (သို့မဟုတ်) မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)ထံသို့ တိုက်ရိုက်တိုင်ကြားနိုင်ပါသည်။

မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)
အမှတ်(၉၀၂)၊ ၉-လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၄၈၀၂၆၃၂၆၊ အီးမေးလ် mmpresscouncil@gmail.com

ပြည်တွင်းရေးရာ

# လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ဆောင်ပေးရန် လိုအပ် ကိုရီးယားနည်းပညာများ မြန်မာနိုင်ငံသို့ မျှဝေပေးစေလို



**နေပြည်တော် ဇန်နဝါရီ ၁၉**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာချွန်ယွီဟွာ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော် နာယကနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ကော်မတီအတွင်းရေးမှူးများ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီဘတ်ဆွန်းလည်း တက်ရောက်သည်။

တွေ့ဆုံစဉ် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ကိုရီးယားသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် မိတ်ဟောင်းဆွေဟောင်းများဖြစ်ကြပါကြောင်း၊ ယခုနှစ်ပိုင်းတွင် မြန်မာ-ကိုရီးယားပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်လာသည်ကို တွေ့ရှိရပါကြောင်း၊ ရှိရင်းစွဲ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်မြင့်မားလာမည်ဟု ယုံကြည်ပါကြောင်းဖြင့် ပဏာမပြောကြားပြီး မြန်မာနိုင်ငံသည် ပါတီစုံဒီမိုကရေစီနှင့် စျေးကွက်စီးပွားစနစ်ကိုကျင့်သုံးပြီး ပြုပြင်ပြောင်းလဲမှုလုပ်ဆောင်နေသည့် နိုင်ငံဖြစ်ပါကြောင်း၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု ထိုက်သင့်သလောက် အောင်မြင်မှုရှိသော်လည်း စီးပွားရေးနှင့် လူမှုရေးအပိုင်းတွင် မျှော်မှန်းသလောက် ဖြစ်မလာသေးပါကြောင်း။

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်သည် လွယ်ကူသည့် လုပ်ငန်းမဟုတ်ပါကြောင်း၊ မည်သို့ပင် အခက်အခဲကြုံတွေ့သည်ဖြစ်စေ အောင်မြင်အောင် ဆောင်ရွက်မည်ဟု ရည်မှန်းချက်ထားရှိပါကြောင်း၊ ကိုရီးယားနိုင်ငံသည် ပါတီစုံဒီမိုကရေစီနှင့် စျေးကွက်စီးပွားရေးစနစ်ကို ရဲရဲဝံ့ဝံ့ပြောင်းလဲနိုင်ခဲ့၍ စီးပွားရေး၊ နည်းပညာနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် ကမ္ဘာ့ထိပ်တန်းနိုင်ငံဖြစ်လာခဲ့ပါကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သကဲ့သို့ လူသားအရင်းအမြစ်များကို အသုံးချနိုင်ရန်လည်း အရေးကြီးပါကြောင်း၊ မိမိတို့နိုင်ငံသည် သဘာဝအရင်းအမြစ်ပေါကြွယ်ဝသော်လည်း လူသားအရင်းအမြစ်ဖွံ့ဖြိုးမှု နောက်ကျခဲ့ကြောင်း၊ ယနေ့အချိန်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ ဖြစ်ပေါ်လာပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန်ဆိုလျှင် နိုင်ငံသားများ၏ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ပေးရန် လိုအပ်ပါကြောင်း၊ ယခုအခါ အဆိုပါလမ်းကြောင်းပေါ် ရောက်ရှိနေပြီဖြစ်ရာ ရှေ့သို့ ဆက်လက်ချီတက်ရန်လိုအပ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် မိတ်ဆွေများ၏ အကြံဉာဏ်များနှင့် အားပေးမှုလိုအပ်ပါကြောင်း၊ ကိုရီးယား-မြန်မာစီးပွားရေးပူးပေါင်းဆောင်ရွက်ရန်အတွက် ကိုရီးယားနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံစေလိုပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်စေလိုပါကြောင်း၊ ကုန်သွယ်မှုများလည်း မြှင့်တင်ဆောင်ရွက်စေလိုပါကြောင်း၊ ကိုရီးယားနိုင်ငံမှ နည်းပညာများကို မြန်မာနိုင်ငံသို့ မျှဝေပေးစေလိုပါကြောင်း၊ ကိုရီးယားနိုင်ငံက မြန်မာနိုင်ငံ၌ လုပ်ငန်းများလာရောက်ဆောင်ရွက်ရာတွင် မိမိတို့လွှတ်တော်အပိုင်းက ကူညီရမည့်ကိစ္စရပ်များရှိပါက ပွင့်ပွင့်လင်းလင်း ပြောကြားရန်နှင့် မိမိတို့ ကြိုးစားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဧည့်သည်တော် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ဆွေးနွေးပြောကြားရာတွင် မိမိတို့ကိုယ်စားလှယ်အဖွဲ့အား လှိုက်လှိုက်လှဲလှဲကြိုဆိုသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့လွှတ်တော် အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာသည်ဟု ယုံကြည်ပါကြောင်း၊ လွှတ်တော်နှစ်ရပ်အကြား သဘောတူလက်မှတ်ရေးထိုးခဲ့သည့်လုပ်ငန်းများ စဉ်ဆက်မပြတ်လှုပ်ရှားဆောင်ရွက်နေသည့်အတွက် ဝမ်းမြောက်ပါကြောင်းဖြင့် ပဏာမပြောကြားပြီး မြန်မာနိုင်ငံသည် အာရှတိုက်၏ ကြယ်တစ်ပွင့်ဟု ပြောဆိုခြင်းအပေါ် မိမိမြန်မာနိုင်ငံကို ရောက်ရှိခဲ့ပြီးနောက် နားလည်ခံစားမိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် သမိုင်းကြောင်းနှင့် ဘာသာရေးဆိုင်ရာတူညီချက်များရှိပါကြောင်း၊ ကိုရီးယားနိုင်ငံတွင် ဗုဒ္ဓဘာသာကိုးကွယ်သူ ၄၀ ရာခိုင်နှုန်းခန့် ရှိပါကြောင်း၊ ကိုရီးယားနိုင်ငံတွင် စစ်ပွဲများဖြစ်ပွားပြီးနောက် ဒုက္ခများ ကြုံတွေ့ခဲ့ရပါကြောင်း၊ အခြားနိုင်ငံများက အကူအညီပေးခဲ့ကြ၍ ယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာပြီး အကူအညီများ ပြန်လည်ပေးနိုင်ခြင်းဖြစ်ပါကြောင်း။

မိမိတို့ကိုရီးယားနိုင်ငံ ဖွံ့ဖြိုးတိုးတက်လာသည်မှာ အဓိကအချက် သုံးချက်ရှိပါကြောင်း၊ အရေးကြီးဆုံးအချက်မှာ မိဘများက မိမိတို့သားသမီးများကို ပညာသင်ကြားရေးတွင် အားပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ဒုတိယအချက်အနေဖြင့် ပြည်သူများသည် မိမိတို့လုပ်နိုင်သည်ဟု ယုံကြည်ပြီး တိုက်တွန်းရန်မလိုဘဲ ဆန္ဒအလျောက် လုပ်ဆောင်ခဲ့ကြပါကြောင်း၊ တတိယအချက်မှာ နိုင်ငံ့ခေါင်းဆောင်၏ကြိုးစားမှုနှင့် ဦးဆောင်မှုကြောင့်ဖြစ်ပါကြောင်း၊ ယင်းအချက်သုံးချက်မှာ မြန်မာနိုင်ငံတွင်လည်း ရှိပြီးဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာပြည်သူများ၏ ကြိုးစားအားထုတ်မှုဖြင့် မကြာမီကာလတွင် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။

ယခုနှစ်ကုန်ပိုင်းတွင် မြန်မာနိုင်ငံ၌ ရွေးကောက်ပွဲကျင်းပမည်ဟု သိရှိရပါကြောင်း၊ အဆိုပါရွေးကောက်ပွဲပြီးစီးပါက ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ပြီး မျှော်မှန်းချက်များ အောင်မြင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့ ကိုရီးယားနိုင်ငံ ဒုက္ခရောက်စဉ်က မြန်မာနိုင်ငံ၏ အကူအညီပေးခဲ့ခြင်းကို ကျေးဇူးတင်ရှိပြီး ကိုရီးယားပြည်သူများကလည်း မြန်မာနိုင်ငံ၏ကူညီပေးခဲ့မှုများကို အမှတ်ရနေပါကြောင်း၊ ပြန်လည်ကူညီနိုင်မည့် ကိစ္စရပ်များရှိပါက ကူညီပေးသွားမည်ဖြစ်ပြီး သိပ္ပံနည်းပညာနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍများတွင် ကူညီပေးသွားရန်ရှိပါကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ကိုရီးယားအမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကသည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါဂုဏ်ပြုနေ့လယ်စာစားပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ကော်မရှင်အဖွဲ့ဝင်များ၊ လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# မြဝတီမြို့၌ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၁၆ သိန်း သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၉**

ဇန်နဝါရီ ၁၆ ရက်က မြဝတီမြို့နယ်မြေခံတပ်မှ တပ်မတော်သားများပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်ကွက်(၄) အောင်မြေရွှေဘုံရပ် အောင်သိပ္ပံလမ်းနေ စောဘိုဘို၏ နေအိမ်သို့ သတင်းအရ ဝင်ရောက်ရှာဖွေရာ အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ နယ်မြေခံတပ်နှင့် မူးယစ်တပ်ဖွဲ့စု(၃၂) မြဝတီမှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြဝတီမြို့ ရပ်ကွက်(၄) အောင်ရတနာလမ်း အမှတ်(၆၅၉)နေ စိုင်းဆမ်လင်း၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ မနန်းဆာနှင့် နန်းယိမ်းအွမ်တို့ သုံးဦးအားတွေ့ရှိပြီး နေအိမ်အောက်ထပ် မြေကြီးအတွင်းမြှုပ်ထားသည့် ရေသန့်ဘူးကြီး သုံးဘူးအတွင်း ပလတ်စတစ်အိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၆၄ သိန်းပြား၊ မော်တော်ယာဉ်အမှတ် ၃C/--- မတ်တူးယာဉ်နောက်အဖုံးအတွင်းမှ ပလတ်စတစ်အိတ်ဖြင့် ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ စုစုပေါင်းဆေးပြား ၂ ဒသမ ၁၄ သိန်းနှင့် အိမ်ခန်းအတွင်းမှ မြန်မာငွေကျပ် ၅၅ သိန်းတို့ကို ထပ်မံသိမ်းဆည်းရမိပြီး မူးယစ်တပ်ဖွဲ့စု(၃၂) မြဝတီသို့ လွှဲပြောင်းပေးအပ်သဖြင့် စောဘိုဘို (၃၅ နှစ်)၊ စိုင်းဆမ်လင်း(၃၇ နှစ်)၊ မနန်းဆာ(၅၃ နှစ်)နှင့် မနန်းယိမ်းအွမ်(၄၀ နှစ်)တို့ လေးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(မူးယစ်ဗဟို)**



# မြန်မာလူငယ်တင်းနစ်အဖွဲ့ ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဇန်နဝါရီ ၁၉**

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၈ ရက်မှ ၂၉ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ကျင်းပမည့် အသက်(၁၄)နှစ်နှင့်အောက် (ITF ASIA 14 Under Development Championship 2015, Division-2) လူငယ်တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်မှ ဦးမင်းမင်း ခေါင်းဆောင်သော မြန်မာလူငယ်တင်းနစ်အဖွဲ့သည် ဇန်နဝါရီ ၁၇ ရက် ညနေပိုင်းက ဗီယက်နမ်နိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာလူငယ်တင်းနစ်အဖွဲ့တွင် အမျိုးသမီးအုပ်ချုပ်သူ ဒေါ်အိအိခိုင်၊ အမျိုးသားအုပ်ချုပ်သူ ဦးကျော်ကျော်လတ်၊ အားကစားသမားများဖြစ်သည့် ရဲမင်းပိုင်၊ ကောင်းခန့်ဦး၊ ပိုင်ဟိန်းကို၊ ဘရဏီခင်၊ ရွှန်းလဲ့ဝေနှင့် စုရတီတို့ လိုက်ပါသွားကြောင်း သိရသည်။ **(ကြေးမုံ)**

❒

# လှျပ်စစ်မီးကြိုးကိုင်မိရာမှ ဓာတ်လိုက်သေဆုံး

**ပခုက္ကူ ဇန်နဝါရီ ၁၉**

ပခုက္ကူမြို့မရဲစခန်းမှ ဒုရဲအုပ်ကျော်ခိုင်ထွန်းသည် ဇန်နဝါရီ ၁၈ ရက် မွန်းတည့် ၁၂ နာရီက တာဝန်မှူး တာဝန်ဆောင်ရွက်နေစဉ် မြို့မရဲစခန်း မြောက်ဘက်ဝင်းအတွင်း ဓာတ်လိုက်နေကြောင်း သတင်းအရ ပခုက္ကူမြို့မရဲစခန်းမှူး ဒုရဲမှူး ဝင်းလှိုင်နှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ ပခုက္ကူခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်ကြပ် ညွန့်ဝင်း၏ဇနီး မသင်းသင်းခိုင် အသက်(၄၇)နှစ် ချည်မျှင်နှင့်အထည်စက်ရုံဝန်ထမ်းသည် အိမ်နောက်ဖေးသို့ အပေါ့သွားစဉ် မြေပေါ်သို့ပြတ်ကျနေသော လျှပ်စစ်မီးကြိုးအား ကိုင်မိရာမှ ဓာတ်လိုက်ခဲ့သည်။ ထို့နောက် ဆေးရုံသို့ ပို့ဆောင်ကုသစဉ် သေဆုံးသွားသဖြင့် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**

# လင်းခေး၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား

**လင်းခေး ဇန်နဝါရီ ၁၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ ဦးဘိုဘိုသန်းရွှေ (ဦးစီးအရာရှိ)အား အမည်မသိသေနတ်ကိုင်ဆောင်သူတစ်ဦးက ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် သေနတ်ဖြင့် ပစ်ခတ်မှုဖြစ်ပွားကြောင်း သိရသည်။

အဆိုပါအမည်မသိသူသည် ဇန်နဝါရီ ၁၉ ရက် နံနက် ၉ နာရီ မိနစ် ၂၀ တွင် လင်းခေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ဆိုင်ကယ်စီးဝင်လာခဲ့ပြီးနောက် ဘိုဘိုသန်းရွှေ ရှိပါသလားဟု မေးမြန်း၍ တစ်ဦးတည်း ပြင်ပသို့ခေါ်ဆောင်ကာ ခရိုင်ရုံး အစည်းအဝေးခန်းမနှင့် ကွန်ပျူတာအခန်းကြားရှိ နေရာ၌ ပစ္စတိုသေနတ်ဖြင့် ပစ်ခတ်ခဲ့ပြီး ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

သေနတ်ထိမှန်သူ ဦးဘိုဘိုသန်းရွှေ (ဦးစီးအရာရှိ)မှာ ဦးခေါင်းတွင် (သေနတ် ရှပ်ထိဒဏ်ရာ) တစ်ချက်သာရရှိခဲ့ပြီး အသက်အန္တရာယ်စိုးရိမ်ဖွယ်ရာမရှိကြောင်းနှင့် တောင်ကြီးဆေးရုံသို့ ဆက်လက်ပို့ဆောင်ထားကြောင်း သိရသည်။

သေနတ်ဖြင့် လာရောက်ပစ်ခတ်ထွက်ပြေးသွားသူအား ဖမ်းဆီးရမိရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၆၆၂)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ဝန်ထမ်းတာဝန်ဖြင့် ခရီးသွားရာ၌ အသုံးစရိတ်များကို ခေတ်ကာလနှင့်ညီညွတ်မှုရှိစေရန် စီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၉**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် လွှတ်တော်ရပ်နားထားသည့် အချိန်တွင် မိမိအနေဖြင့် ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒများကို တိုက်ရိုက်ကြားသိနိုင်ရန် ဒေသအနှံ့သို့ သွားရောက်ခဲ့ပြီး ပြည်သူတို့၏ လိုအပ်ချက်များကို တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ မိမိနည်းတူ ပြည်သူ့ကိုယ်စားလှယ်များကလည်း သက်ဆိုင်ရာနယ်မြေများသို့ ကွင်းဆင်းပြီး တာဝန်ရှိသူများနှင့် ပူးပေါင်းကာ ပြည်သူတို့၏ လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းက ဆောင်ရွက်ပေးနေပါကြောင်း၊ ယင်းသို့လုပ်ဆောင်မှုများသည် ကိုယ်စားလှယ်တစ်ဦးချင်း မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သောကြောင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လွှတ်တော်အနေဖြင့် (၄)နှစ်သက်တမ်းအတွင်း ဥပဒေ(၅၅)ခု ပြင်ဆင်ခြင်း၊ (၂၆)ခု အသစ်ပြဋ္ဌာန်းခြင်း၊ (၂၇)ခုအစားထိုးခြင်း၊ (၁၄)ခု ရုပ်သိမ်းခြင်း၊ စီမံကိန်း၊ ဘတ်ဂျက်၊ အခွန်ဆိုင်ရာ ဥပဒေ(၁၁)ခုပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအကြိမ်အစည်းအဝေးတွင်လည်း သတ်မှတ်ထားသည့်အချိန်အတွင်း စည်းကမ်းများနှင့်အညီ မေးခွန်းများ၊ အဆိုများနှင့် ယခုနှစ်ပြဋ္ဌာန်းရမည့် ဥပဒေများကို အားထည့်ပြီး ဆောင်ရွက်ကြစေလိုကြောင်း။

အချိန်ကန့်သတ်ချက်အတွင်း လုပ်ငန်းများ၏အရေးကြီးမှုအပေါ် ဆောင်ရွက်နေရသည်ကို ကိုယ်စားလှယ်များအနေဖြင့် နားလည်သဘောပေါက်ပြီးဖြစ်သည့်အတွက် စေတနာထားပြီး စနစ်တကျဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်သည်ပြည်သူက ရွေးချယ်ထားသည့် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည်ဖြစ်၍ ပြည်သူက အပ်နှင်းထားသည့် အခွင့်အရေး တာဝန်ပေါ်မူတည်ပြီး လုပ်ဆောင်ရမည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျေပွန်အောင် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့အပြင် အစည်းအဝေးကြားကာလတွင် လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ပြည်ပနိုင်ငံများသို့ ချစ်ကြည်ရေးခရီး၊ လေ့လာရေးခရီးသွားရောက်ခဲ့ခြင်းတို့ကို မှတ်တမ်းတင်ခြင်း၊ တရားဥပဒေစိုးမိုးရေးဌာနများ တည်ထောင်ခြင်းဆိုင်ရာ ညှိနှိုင်းမှုအဖွဲ့ ဖွဲ့စည်းကြောင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။



ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း။



ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး။

ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း၏ **ရှေ့နေ၊ ရှေ့ရပ်ငှားရမ်းသူ ပြည်သူများအတွက် မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ရှေ့နေအသင်းများ၊ ဘားကောင်စီများဖွဲ့စည်းခွင့် ရှိ မရှိ သိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးက မြန်မာနိုင်ငံတွင် ဥပဒေအကျိုးဆောင်အဖြစ် ဆောင်ရွက်ရန် ခွင့်ပြုထားသည်မှာ တရားလွှတ်တော်ချုပ်ရှေ့နေနှင့် အထက်တန်းရှေ့နေတို့ဖြစ်ပါကြောင်း၊ ၎င်းရှေ့နေများအနေဖြင့် ယင်းတို့လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်သိက္ခာကို ဖောက်ဖျက်ပါက တရားလွှတ်တော်ရှေ့နေများ ကောင်စီအက်ဥပဒေ၊ ရှေ့နေလိုက်သူများအက်ဥပဒေတို့နှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ တရားလွှတ်တော်ရှေ့နေများနှင့်စပ်လျဉ်း၍ တင်ပြတိုင်တန်းမှုများရှိပါက ပြည်ထောင်စု တရားလွှတ်တော်ချုပ် စီမံခန့်ခွဲရေးကော်မတီက ကျင့်ဝတ်သိက္ခာဖောက်ဖျက်သည့် တရားလွှတ်တော်ရှေ့နေများကို အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။

တရားရုံးချုပ်ရှေ့နေများကောင်စီသည် ဘားကောင်စီနှင့်မတူဘဲ ရှေ့နေ၊ ရှေ့ရပ်များသည် တည်ဆဲဥပဒေနှင့်အညီ ရှေ့နေများအသင်း ဖွဲ့စည်းဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ တရားရုံးချုပ်ရှေ့နေများကောင်စီက ထုတ်ဝေသည့် ရှေ့နေ၊ ရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ၊ တာဝန်နှင့် အခွင့်အရေးများဆိုင်ရာအရ ရှေ့နေလုပ်ငန်းများ တိုးတက်ကောင်းမွန်ရေး၊ စည်းလုံးညီညွတ်မှုရှိစေရေးတို့အတွက် ရှေ့နေအသင်းများကို ဒေသအလိုက် ဖွဲ့စည်းဆောင်ရွက်ခွင့်ရှိကြောင်း ပါရှိသည့်အတွက် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဥပဒေအရဖွဲ့စည်းခွင့်ရှိပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ကြံခင်းမဲဆန္ဒနယ်မှ ဒေါက်တာတင်မောင်ကြိုင်၏ **ဝန်ထမ်းများခရီးသွားရာ၌ သတ်မှတ်ထားသော နေ့တွက် စရိတ်နှုန်း(၁၇၀၀)ကျပ်အစား ခေတ်နှင့်ဆီလျော်သည့် နှုန်းထားသတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၀ ခုနှစ် စက်တင်ဘာ ၃၀ ရက်စွဲဖြင့် ဝန်ထမ်းများ၏ ခရီးသွားနေ့တွက်စရိတ်ကို (၁၁၀၀) ကျပ်နှုန်း တိုးမြှင့်ခွင့်ပြုခဲ့ပါကြောင်း၊ ယင်းနောက် ၂၀၁၃ ခုနှစ် ဧပြီ ၁ ရက် ရက်စွဲဖြင့် (၁၇၀၀)ကျပ်နှုန်းသို့ ထပ်မံတိုးမြှင့် ခွင့်ပြုခဲ့ပါကြောင်း၊ ယခုအခါ ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ဌာန/အဖွဲ့အစည်းအသီးသီးတွင် ဝန်ထမ်းတာဝန်ဖြင့် ခရီးသွားရာ၌ ခွင့်ပြုသည့်စရိတ်၊ နေ့တွက်စရိတ်နှင့် အချိန်ပိုဆောင်ရွက်မှုများအတွက် အသုံးစရိတ်များကို ခေတ်ကာလနှင့် ညီညွတ်မှုရှိစေရန်အတွက် စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်းဖြင့် ပြန်လည် ရှင်းလင်းဖြေကြားခဲ့သည်။

အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်သည်။

**(သတင်းစဉ်)**

◆◆◆

အမျိုးသားလွှတ်တော်အစည်းအဝေး

# ယခုလွှတ်တော်ကာလများတွင် တတ်နိုင်သမျှ စုံစုံညီညီ အင်တိုက်အားတိုက် ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၉**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို တက်ရောက် လာကြသည့်အတွက် လွှတ်တော်ကိုယ်စားလှယ် အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေဟု ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သပါကြောင်း၊ ယခုနှစ်သည် ပထမအကြိမ် အမျိုးသားလွှတ်တော်၏ နောက်ဆုံးနှစ် ဖြစ်သည့်အတွက် ယခုကျင်းပမည့် အစည်းအဝေးမှစ၍ လွှတ်တော်၏ လုပ်ငန်းများကို လက်စသတ် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခု လွှတ်တော်ကာလများတွင် တတ်နိုင်သမျှ စုံစုံညီညီ တက်ရောက်ကြပြီး အင်တိုက်အားတိုက် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ် (၁၀)မှ ဦးနုက "လသာမြို့နယ် ပြည်သူပိုင်သိမ်း အမှတ် (၂) အခြေခံပညာမူလတန်းကျောင်း အဆောက်အအုံ အကျိုးတူ ဆောက်လုပ်ရာတွင် မူလအခန်းပိုင်ရှင်အား အကျိုးတူစာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ အခန်းများ ပြန်လည်ပေးအပ်ခြင်း မရှိသေးသည့်ကိစ္စ"နှင့်စပ်လျဉ်း၍ မေးမြန်းရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသန့်ရှင်းက လသာမြို့နယ် ကျုံးကြီးလမ်းနှင့် (၂၃) လမ်းထောင့်ရှိ ယခင်ယူတိတ် တရုတ်အလယ်တန်းကျောင်းသည် ၁၉၆၆ ခုနှစ် မတ် ၃၁ ရက်တွင် ပြည်သူပိုင်သိမ်းခဲ့သည့်ကျောင်းဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးစဉ်က မူထိုင်ဘုရားကျောင်း ဝေယျာဝစ္စဆောင်ရွက်သည့်မိသားစု၊ ဦးထွန်းခင်မိသားစု၊ ဦးလှဝေမိသားစု၊ ဦးရွှေမောင် မိသားစုနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့ နေထိုင်မှုနှင့်အတူ အဆောက်အအုံအား လက်ခံခဲ့ပါကြောင်း။



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု။

အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ မြေငှားရန်ရရှိရေးဆောင်ရွက်ခဲ့ရာတွင် ၂၀၀၃ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် မြေငှားရန်ရရှိခဲ့ပါကြောင်း၊ ရန်ကုန်မြို့တော်အိမ်ရာ စီမံကိန်း ကြီးကြပ်မှုကော်မတီအစည်းအဝေး အမှတ်စဉ်(၃/၂၀၀၃)၏ သဘောတူခွင့်ပြုချက်ဖြင့် ပညာရေးဝန်ကြီးဌာန အမှတ်(၃)အခြေခံပညာဦးစီးဌာနနှင့် မြန်မာမြကုမ္ပဏီတို့ (၂၀ အချိုး ၈၀ ဖြင့်) သဘောတူစာချုပ်ချုပ်ဆို၍ လုပ်ငန်းအပ်နှံဆောင်ရွက်ခဲ့ပါကြောင်း၊ အဆိုပါအချိုးအရ မူလနေထိုင်သူများကို ကုမ္ပဏီရရှိသည့်အချိုးမှ ပြန်လည်ပေးအပ်ရန် စာချုပ်တွင် ချုပ်ဆိုခဲ့ပါကြောင်း။

မူလနေထိုင်သူများအား ဖယ်ရှားပေးရန် အကြိမ်ကြိမ်နှိုးဆော်စာပေးပို့ခဲ့သော်လည်း ဖယ်ရှားခြင်းမရှိပါကြောင်း၊ လက်ရှိနေထိုင်ရာအခန်းများမှ ဖယ်ရှားပေးပါက ပြောင်းရွှေ့စရိတ်နှင့်နေထိုင်ရန်အခန်းများ ဝယ်ပေးမည်ဖြစ်ပါကြောင်း၊ ဖယ်ရှားခြင်းမရှိပါက ဥပဒေနှင့်အညီဆောင်ရွက်မည်ဖြစ်ကြောင်းကို ကုမ္ပဏီနှင့်ဌာနမှ ညှိနှိုင်းအသိပေးခဲ့ပါကြောင်း၊ သို့သော် ဦးရွှေမောင်မိသားစုနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှလွဲ၍ ကျန်မိသားစုများသည် ဖယ်ရှားခြင်းမရှိခဲ့ပါကြောင်း၊ ထို့ကြောင့် ဥပဒေနှင့်အညီ ဥပစာမှနှင်ထုတ်ခြင်းကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ဥပစာနှင်ပြီးနောက် အဆိုပါအဆောက်အအုံအား ဖျက်သိမ်းလျက် စာချုပ်ပါအတိုင်း အဆောက်အအုံအသစ်ဆောက်လုပ်ခဲ့ပါကြောင်း၊ ထိုသို့ဆောက်လုပ်ပြီး ဦးစီးဌာနမှ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ တင်ပြစဉ် ကုန်သွယ်မှုအချိုးသည် (၂၀ အချိုး ၈၀)မှ (၄၀ အချိုး ၆၀) သို့ ပြောင်းလဲသဖြင့် အကျိုးတူဆောင်ရွက်ခဲ့သော အဆိုပါလုပ်ငန်းအား ပြင်ဆင်စာချုပ် ချုပ်ဆိုခဲ့ရပါကြောင်း၊ အဆိုပါကုမ္ပဏီမှ ရရှိသည့် အခန်းများကို ရောင်းချခဲ့ပြီးဖြစ်၍ အမှတ်(၃) အခြေခံပညာဦးစီးဌာနအနေဖြင့် အချိုးပြောင်းလဲခြင်းကြောင့် ရရှိမည့် အခန်းသုံးခန်းကို အချိုးပြည့်ရန် ပေးအပ်ခဲ့ရပါကြောင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်ပါကြောင်း။



ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်း။

သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာနမှ (၄၀ အချိုး ၆၀)အရ ပြန်လည်ရရှိခဲ့သည့် အခန်းသုံးခန်းကို ဦးထွန်းခင်၊ ဦးလှဝေ မိသားစုတို့အား ပြန်လည်ပေးအပ်ရန် အခန်းများမရှိပါကြောင်းဖြင့် ဖြေကြားသည်။

ထို့ပြင် အစည်းအဝေးတွင် ဒေသဖွံ့ဖြိုးရေး ချောင်းကူးတံတားအား ဘေလီတံတားအဖြစ် တည်ဆောက်ပေးရန်၊ ကျေးရွာချင်းဆက် ဂဝံလမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် အခြေခံပညာကျောင်းများအား အဆင့်တိုးမြှင့်ပေးနိုင်ရန်တို့ကို မေးမြန်းဖြေကြားခဲ့ကြသည်။

**(သတင်းစဉ်)**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။



# ပြည်တွင်းရေးရာ

**❑ ဒုတိယသမ္မတမှ**

ဒုတိယသမ္မတအား အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်ခင်စိုး၊ ဂါယာခရိုင်တရားသူကြီးနှင့် တာဝန်ရှိသူများက ဂါယာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် Royal Residency ဟိုတယ်သို့ ရောက်ရှိကြသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဗုဒ္ဓဂယာ မြန်မာဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိရာ ကျောင်းထိုင်ဆရာတော်ကြီး အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိန္ဒအား ဖူးမြော်ကြည်ညိုပြီး စကျင်ဗုဒ္ဓ ရုပ်ပွားဆင်းတုတော်မြတ်အား လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် မဟာဗောဓိစေတီတော်မြတ်ကြီးသို့ ရောက်ရှိပြီး မဟာဗောဓိစေတီတော်မြတ်ကြီးနှင့် မဟာဗောဓိညောင်ပင်အား ရွှေကြာသက်န်းနှင့် ရွှေဆိုင်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် သတ္တသတ္တာဟ(၇)ဌာနသို့ လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး ခေတ္တတည်းခိုမည့် Royal Residency ဟိုတယ်သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**



**❂ အာရှမှ**

ဒါက အကြိုလေ့လာမှုပဲရှိသေးတယ်ဆိုတော့ တစ်နှစ်လောက်မကြာပါဘူး။ အဲဒါလေ့လာပြီးရင် စီမံကိန်းတွေ ဆက်လုပ်ပါမယ်"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေယာစီမံခန့်ခွဲမှုဌာန၊ မြို့ပြစီမံကိန်းဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်မြို့လယ် ပြန်လည်ဖွံ့ဖြိုးရေးတွင် ရန်ကုန်မြို့လယ်ရှိ မြို့ပြအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းများလည်း ပါဝင်မည်ဖြစ်ပြီး ပုဂ္ဂလိက အဆောက်အအုံများ ထိန်းသိမ်းဆောင်ရွက်ရာတွင် အခက်အခဲများနှင့် မြေပိုင်ရှင်များမနစ်နာအောင် ပူးပေါင်းဆောင်ရွက်ခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ရမည့် နည်းလမ်းများထွက်ရှိလာရေးများလည်း ပါဝင်မည်ဟု သိရသည်။

"ပုဂ္ဂလိကပိုင်အဆောက်အအုံတွေ ထိန်းသိမ်းတာခက်ပါတယ်။ ပြင်ဆင်ခွင့်တင်လာရင် မူလလက်ရာမပျက် ထိန်းသိမ်းပြင်ဆင်သင့်ပါတယ်ဆိုပြီးဌာနအနေနဲ့ အကြံပေးတာရှိပါတယ်။ ဒါတွေကို ဖြိုဖျက်လိုက်ရင် ဆုံးရှုံးမှုကြီးပါတယ်။ ဒါပေမဲ့ မြေရှင်တွေအနေနဲ့ ကန်ထရိုက်တိုက်ကြီးဆောက်လိုက်ရင် အခန်းတွေအများကြီးဖြစ်မယ်။ တန်ဖိုးတက်လာမယ်ပေါ့။ မူလလက်ရာမပျက် ပြန်ပြင်တာထက် တန်ဖိုးကွာဟနေတော့ အဲဒါကိုလည်း နည်းလမ်းရှာဖွေနေပါတယ်။ အာရှဖွံ့ဖြိုးရေးဘဏ်ပရောဂျက်ကတော့ ဒါတွေကို လေ့လာမယ်။ မြေရှင်ဘက်ကလည်း မနစ်နာအောင်၊ ဒီဘက်ကအမွေအနှစ်တွေ မပျက်စီးအောင် ဘက်ပေါင်းစုံက ဘယ်လိုလုပ်မလဲဆိုတာပေါ့။ အခြားရင်းနှီးမြှုပ်နှံမှုတွေကိုရော ဘယ်လိုထည့်ရမလဲ၊ ငွေကြေးစိုက်ထုတ်မှုတွေ ဘယ်လိုရှိမလဲ၊ ဘယ်လိုပုံစံနဲ့ ငွေကြေးကိုရယူနိုင်မလဲ။ ဒါတွေ ဆက်ဆွေးနွေးသွားမှာပါ။ အမွေအနှစ်အဆောက်အအုံတွေ ဘယ်လိုထိန်းသိမ်းမယ်ဆိုတဲ့ ဂိုက်လိုင်းတွေလည်း ထွက်လာပါမယ်" ဟု အဆိုပါတာဝန်ရှိသူက ဆက်လက်ရှင်းပြသည်။

ရန်ကုန်မြို့လယ်သည် ရှေးဟောင်းအဆောက်အအုံပေါင်းများစွာ တည်ရှိနေပြီး အဆိုပါအမွေအနှစ်များကို စိတ်ပါဝင်စားလေ့လာလိုသူမှာ ပြည်ပဧည့်သည်များအပြင် ပြည်တွင်းမှလည်း တိုးမြင့်လာသည်ဟု သိရသည်။ ရှေးဟောင်းအမွေအနှစ်အဆောက်အအုံများကို ရှေးမူမပျက် ပြုပြင်ထိန်းသိမ်းရန်မှာ အရေးကြီးပြီး မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများသည် ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းခြင်းကိုခက်ခဲစေလျက်ရှိပြီး ရန်ကုန်မြို့၏ မြို့ပြပုံရိပ်မြင်ကွင်းများသည်လည်း အနာဂတ်တွင် ထိခိုက်လာနိုင်သည်ဟု မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်သူများနှင့် မြို့ပြရေးရာ ကျွမ်းကျင်သူများက သုံးသပ်ကြသည်။ လက်ရှိကာလ မြန်မြန်ဆန်ဆန် ဆုံးဖြတ်ချက်ဆောင်ရွက်မှုများသည် ရန်ကုန်မြို့၏ မူလတည်ရှိခဲ့သော အခြေခံကောင်းများနှင့် မြို့ပြပုံရိပ်ကောင်းများ လာမည့်နှစ်များအတွင်း ဆုံးရှုံးသွားနိုင်သည်ဟု ပညာရှင်များက သုံးသပ်ကြသည်။

**(၀၀၁)**

**❄ ကျောဖုံးမှ**

မြန်မာနိုင်ငံ အောက်ပိုင်းဒေသတွေမှာတော့ တရုတ်နိုင်ငံဘက်က လာတဲ့ လေဖိအားကြီးရပ်ဝန်း အားကောင်းမှုတွေဖြစ်ပေါ်လို့ ဖြစ်ရတာပါ။ ဒုတိယအချက်ကတော့ အနောက်ဘက်ကလာတဲ့ လေအေးစီးကြောင်းနဲ့ အရှေ့ဘက်ကလာတဲ့ လေပွေလှိုင်းတွေ ဆုံတဲ့အခါဆိုရင် မြန်မာနိုင်ငံ အထက်ပိုင်းရော အောက်ပိုင်းမှာပါ အချိန်အခါမဟုတ် မိုးတွေရွာတတ်ပါတယ်။

အခုတော့ အရှေ့ဘက်က လေပွေလှိုင်းက တဖြည်းဖြည်းနဲ့ အားလျော့သွားပါပြီ။ ဒါပေမယ့် မြန်မာနိုင်ငံအထက်ပိုင်းမှာ အချိန်အခါမဟုတ် မိုးတွေရွာနေသေးတယ်။ လေပွေလှိုင်းအားလျော့သွားပေမယ့် အနောက်ဘက်နဲ့ မြောက်ဘက်ကလာတဲ့ လေအေးစီးကြောင်းတွေ တစ်ခါပြန်အားကောင်းလာတဲ့အတွက် ပင်လယ်ဘက်ကတက်လာတဲ့ လေနွေးတွေ၊ အိန္ဒိယဘက်ကလာတဲ့ လေအေးစီးကြောင်းတွေက မြန်မာနိုင်ငံဘက်ကို ပြန်ပြီးတိုးဝင်လာလို့ ၁၇ ရက်နောက်ပိုင်းမှာ မိုးရွာသွန်းမှုတွေ ထပ်မံဖြစ်ပေါ်လာတာပါ။

ပုံမှန်အားဖြင့် အရှေ့ဘက်လေကတော့ မြန်မာနိုင်ငံကို ဖြတ်မယ်။ မြန်မာနိုင်ငံကိုဖြတ်ပြီး ဘင်္ဂလားပင်လယ်အော်ဘက်ကို ဦးတည်ကာ အိန္ဒိယဘက်သို့သွားတယ်။ ဒါပေမယ့် အခုဟာက လေပွေလှိုင်းတွေက ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်ရောက်တဲ့အခါ အရှေ့ဘက်ကို တည့်တည့်မသွားဘဲနဲ့ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း၊ ရခိုင်ကမ်းရိုးတန်းကနေ မြန်မာနိုင်ငံအလယ်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး စတဲ့ မြန်မာနိုင်ငံ အလယ်ပိုင်းကနေ ရှမ်းပြည်နယ်ဘက်ထိ ရောက်သွားပြီး အချိန်အခါမဟုတ် မိုးတွေရွာတာဖြစ်တယ်။ အဲဒါဟာလည်း အနောက်တောင်ဘက်ကလာတဲ့ လေစီးကြောင်းတွေကို ပင်လယ်ဘက်ကလာတဲ့ လေတွေပါ ထပ်မံဆုံလိုက်တော့ အချိန်အခါမဟုတ် မိုးရွာသွန်းမှုတွေ ဖြစ်လာရခြင်းပါပဲ။

တချို့ဒေသတွေဆို မိုးလည်းရွာတယ်။ မြူလည်းကျတယ်။ အဲဒီလို အခြေအနေတွေတောင် ဖြစ်တာတွေ့ရတယ်။ ဒါဘာကြောင့်လဲဆိုရင် ပင်လယ်ရေမျက်နှာပြင် ပိုမိုပူနွေးလာတယ်။ ပုံမှန်ထက် မြင့်နေတဲ့ အနေအထားတွေကြောင့်ပါ။ အဲလို ပင်လယ်ရေမျက်နှာပြင်မြင့်တက်ရင် တိမ်ဖြစ်ထွန်းမှု အားကောင်းမယ်။ တိမ်ဖြစ်ထွန်းမှု အားကောင်းတာရယ်၊ လေစီးကြောင်းတွေ ဝင်ရောက်တာရယ် အားလုံးပေါင်းလိုက်တော့ အခုလို အချိန်အခါမဟုတ်ဘဲ မိုးရွာသွန်းမှုတွေ ဖြစ်လာတယ်လို့ ပြောလို့ရပါတယ်။



ဦးလှထွန်း ဒုတိယညွှန်ကြားရေးမှူး
မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန။

အခုလိုမျိုး အချိန်အခါမဟုတ် မိုးတွေရွာတတ်တယ်ဆိုတာနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ မိုးလေဝသနဲ့ ဇလဗေဒဦးစီးဌာနကနေ ၁၄ ရက်နေ့ကတည်းက နောက်သုံးရက်အတွင်းမှာ မြန်မာနိုင်ငံအထက်ပိုင်းနဲ့ ရှမ်းပြည်နယ်တွေမှာ မိုးရွာသွန်းမှုတွေ ဖြစ်ပေါ်လိမ့်မယ်လို့ ထုတ်ပြန်ထားတာရှိပါတယ်။ အခုလို ဇန်နဝါရီလမှာ အချိန်အခါမဟုတ် မိုးရွာသွန်းလို့ မိုးရေချိန်စံချိန်သစ်တင်တာတွေတောင် ရှိလာခဲ့တာပါ။။ အဲဒီမြို့တွေကတော့ ဟဲဟိုးနဲ့ ကျောက်ဖြူတို့မှာပါ။ အချိန်အခါမဟုတ်မိုးကြောင့် ဟဲဟိုးမှာ ၃၆ နှစ်အတွင်း ပထမဆုံးအကြိမ် မိုးရေချိန်စံချိန်သစ်နဲ့ ကြုံတွေ့ရတဲ့ အနေအထားပါ။ အခုလက်ရှိလည်း လေအေးစီးကြောင်းတွေဝင်ရောက်မှုတွေ၊ ပင်လယ်မြေမျက်နှာပြင် အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်နေပါတယ်။ အခုလို အချိန်အခါမဟုတ်မိုးတွေ နောက်တစ်ခါလည်း ရွာနိုင်ပါသေးတယ်။ အချိန်အခါမဟုတ်မိုးကတော့ ရွာတတ်ပါတယ်။ မိုးရေချိန်နည်းတာ၊ များတာနဲ့ ရွာတဲ့ရက်ကြာတာ၊ မကြာတာပဲ ကွာတာပါ။ အခုလို ရက်ရှည်ရွာတာတော့ မရှိခဲ့ပါဘူး" စသည်ဖြင့် အချိန်အခါမဟုတ် မိုးရွာသွန်းမှုနှင့် ပတ်သက်၍ ရှင်းပြသည်။

ထိုသို့ အချိန်အခါမဟုတ်မိုးရွာသွန်းမှုအကျိုးဆက်အဖြစ် မြန်မာနိုင်ငံ၏ ဆောင်းသီးနှံစိုက်ပျိုးသည့် ဒေသအများအပြားတွင် သီးပင်စားပင်များ ပျက်စီးမှုများရှိခဲ့ကြောင်းနှင့် လက်ရှိ ပျက်စီးမှုမရှိသေးသော သီးနှံများအတွက်လည်း မိုးမကြိုက်သည့်သီးနှံများဖြစ်ပါက ဆိုးကျိုးဖြစ်ပေါ်မည့် အခြေအနေတွင်ရှိနေကြောင်း သိရသည်။

# ကျေးလက်ဒေသဖွံ့ဖြိုးရေး လမ်းတံတားများ ဖောက်လုပ်လှူဒါန်းရန် ပြည်ပအဖွဲ့အစည်းများ လာရောက်လေ့လာ

**လွိုင်လင် ဇန်နဝါရီ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် မိုင်းပွန်တိုက်နယ် နားယမ်းကျေးရွာအုပ်စု မိုင်းပွန်-နားယမ်း ကျေးရွာချင်းဆက် လမ်းအရှည် ၁၄ မိုင်အား ပြည်ပအဖွဲ့အစည်းတစ်ခုဖြစ်သည့် Department of Rural Development မှ အသင်းခေါင်းဆောင် Greg.J.Marks သည် ဇန်နဝါရီ ၁၆ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရှမ်းပြည်နယ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး လွိုင်လင်ခရိုင်ဦးစီးမှူး ဦးဝင်းကိုကို လိုက်ပါ၍ မိုင်းပွန်သို့ ရောက်ရှိလာပြီး မိုင်းပွန်-နားယမ်းကျေးရွာချင်းဆက်လမ်း ဖောက်လုပ်လှူဒါန်းရန် လေ့လာသွားကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

# အသည်းရောင်အသားဝါ ဘီပိုးတားဆီးရန် ကာကွယ်ဆေးထိုးခြင်းက အကောင်းဆုံးသောနည်းလမ်းဖြစ်ဟုဆို

**ရန်ကုန် ဇန်နဝါရီ ၁၉**

ကမ္ဘာတစ်ဝန်း အသည်းရောင်အသားဝါဘီပိုး ကူးစက်မှုတွင် ကာကွယ်တားဆီးရန် အဓိကကျသော နည်းလမ်းမှာ ကာကွယ်ဆေးထိုးနှံပေးခြင်းဖြစ်ကြောင်း အသည်းဖောင်ဒေးရှင်း (မြန်မာ)မှ သုတေသီများထံက သိရသည်။

တစ်ကမ္ဘာလုံးတွင် ဘီပိုးသယ်ဆောင်သူမှာ သန်း ၃၅၀ ခန့်ရှိနေပြီး အဓိကသေဆုံးရသော အကြောင်းအရင်းများတွင် အမှတ်စဉ်(၁၀)တွင် ရှိနေကြောင်း၊ သန်း ၃၅၀ ခန့်အနက် အရှေ့တောင်အာရှတွင် ၅ ဒသမ ၆ ရာခိုင်နှုန်းခန့်ရှိပြီး အဆိုပါရောဂါဖြစ်ပွားမှုအများဆုံးသော ၁၀ နိုင်ငံအနက်တွင် မြန်မာနိုင်ငံ ပါဝင်နေလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် တိုးချဲ့ကာကွယ်ဆေးထိုးခြင်းစီမံချက်များအရ အသက် ငါးနှစ်အောက် ကလေးများကို ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခြင်းများရှိသော်လည်း လူလတ်ပိုင်းအရွယ်များအားလုံးကို အသည်းရောင်အသားဝါဘီပိုး ကာကွယ်ဆေးအခမဲ့ ထိုးနှံပေးခြင်း မရှိသေးသောကြောင့် နိုင်ငံတော်၏ လုပ်ငန်းများအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် လူထုအခြေပြုအသည်းဖောင်ဒေးရှင်းကို ၂၀၁၂ ခုနှစ်တွင် တည်ထောင်ခဲ့ကြောင်း၊ အသည်းရောဂါဖြစ်ပွားမှုနှုန်းနှင့် အသည်းရောဂါများကြောင့် သေဆုံးမှုနှုန်း လျှော့ချရန်တို့ကိုလည်း အဓိကရည်ရွယ်ကာ ပြည်သူလူထုကို ပညာပေးခြင်းနှင့် ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းတို့ကို ၂၀၁၃ ခုနှစ်မှ စတင်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး စီမံကိန်းပေါင်း ၂၄ ခုကို ဆောင်ရွက်ပေးနိုင်ခဲ့သလို စုစုပေါင်းလူဦးရေ ၄၁၈၆ ဦးကို သွေးစစ်ဆေးပေးခြင်း၊ ကာကွယ်ဆေးထိုးပေးခြင်း၊ ပညာပေးဆောင်ရွက်ခြင်းများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ ထို့အပြင် ၂၀၁၃ ခုနှစ်အတွင်း ၂၁၂၁ ဦးကို စမ်းသပ်ပေးခဲ့ရာ ၉၄ ဒသမ ၅ ရာခိုင်နှုန်းမှာ ဘီပိုးမရှိသူများဖြစ်သည်ကို တွေ့ရပြီး ၅ ဒသမ ၂ ရာခိုင်နှုန်းမှာ ဘီပိုးရှိသူများဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ၂၀၀၅ ဦးကို စမ်းသပ်စစ်ဆေးပေးခဲ့ရာ ၉၆ ရာခိုင်နှုန်းမှာ ဘီပိုးမရှိသူများဖြစ်ပြီး လေးရာခိုင်နှုန်းမှာ ဘီပိုးရှိသူများဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ဘီပိုးမရှိသူများကို ကာကွယ်ဆေးထိုးပေးကာ ဘီပိုးရှိသူများကို ဆွေးနွေးအကြံပေးမှုများ ပြုလုပ်၍ ဆက်လက်ပြသနိုင်ရန် ဆောင်ရွက်ပေးပြီး ဘီပိုးကာကွယ်ဆေးအောင်၊ မအောင်ကိုလည်း နမူနာအချို့ယူ၍ စမ်းသပ်ခဲ့ရာ ၉၅ ရာခိုင်နှုန်းက အောင်မြင်ကြောင်း တွေ့ရသည်ဟု ဆက်လက်သိရသည်။

**ထက်ခိုင်(စမ်းချောင်း)**

ပြည်တွင်းရေးရာ

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၉**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာ ချွန်ယွီဟွာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီ ၂၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းနှင့် ရေးရာကော်မတီဥက္ကဋ္ဌများ၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံလွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ဆက်ဆံရေးကဏ္ဍ တိုးမြှင့်ဖော်ဆောင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

# ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၉**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးလည်ပတ်ရန်အတွက် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာ ချွန်ယွီဟွာဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၁၈ ရက် နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိလာကြရာ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

ညပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့အား ကိုရီးယား-မြန်မာ လွှတ်တော်များ ချစ်ကြည်ရေးအသင်းက နေပြည်တော်ဟိုတယ်ဇုန်ရှိ Royal ACE ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(သတင်းစဉ်)**



# သံအမတ်ကြီးဦးကိုကိုလတ်အား ကာတာနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဇန်နဝါရီ ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဆော်ဒီ အာရေဗျနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကိုကိုလတ်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ကာတာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

# တောင်ကြီးမြို့ရှိ ဒေသခံတောင်သူများနှင့်တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၉**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းသည် ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တောင်ကြီး၊ ညောင်ရွှေ၊ ရပ်စောက်မြို့နယ်များမှ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများမှ ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ လယ်ယာကဏ္ဍမြှင့်တင်ရေးနှင့် တောင်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်အကောင်အထည်ဖော်ရေး လုပ်ငန်းများ ဆောင်ရွက်ရေးမှာကြားသည်။

ထို့နောက် ဟိုပုံးမြို့နယ်ရန်ကင်းကျေးရွာရှိ ကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဟိုပုံးမြို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခန်းမ၌ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဟိုပုံး၊ ဆီဆိုင်၊ လွိုင်လင်မြို့နယ်များမှ မြို့တော်ကော်မတီဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ လယ်ယာကဏ္ဍမြှင့်တင်ရေးနှင့် တောင်သူများ၏ လူမှုစီးပွားဘဝ မြှင့်တင်အကောင်အထည်ဖော်ရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်က ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ဆောင်ရွက်ခဲ့သော ဒေသဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဆိုလာမီးများကို မြို့နယ်ကိုယ်စားလှယ်များထံ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**

■

# ကြော်ငြာနှုန်းထားများ ၁-၂-၂၀၁၅ ရက်နေ့မှ စတင်၍ လျှော့ချဝန်ဆောင်မှုပေးမည်

ကြေးမုံသတင်းစာကို ၁-၁-၂၀၁၅ ရက်နေ့တွင်လည်းကောင်း၊ မြန်မာ့အလင်းသတင်းစာကို ၄-၁-၂၀၁၅ ရက်နေ့တွင် လည်းကောင်း ရောင်စုံသတင်းစာ ၃၂ မျက်နှာအဖြစ် ပြောင်းလဲထုတ်ဝေလျက်ရှိပါသည်။ ထိုသို့ ရောင်စုံစာမျက်နှာများအဖြစ် ပြောင်းလဲထုတ်ဝေမှုနှင့်အတူ ၁-၂-၂၀၁၅ ရက်နေ့မှစတင်၍ ကြော်ငြာနှုန်းထားများကို အောက်ပါအတိုင်း လျှော့ချသတ်မှတ်၍ ဝန်ဆောင်မှုပေးသွားမည် ဖြစ်ပါသည် -

| စဉ် | ကြော်ငြာအမျိုးအစား | ရောင်စုံကြော်ငြာ | | အဖြူအမည်းကြော်ငြာ | |
|---|---|---|---|---|---|
| | | လက်ရှိ နှုန်းထား | လျှော့ချမည့် နှုန်းထား | လက်ရှိ နှုန်းထား | လျှော့ချမည့် နှုန်းထား |
| ၁ | ဌာနဆိုင်ရာကြော်ငြာ (၁ လက်မ × ၁ ကော်လံ) ၃၁" နှင့် အထက် စီးပွားရေးနှုန်းထားအတိုင်း | ၁၂၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၇၅၀၀ |
| ၂ | လူမှုရေးကြော်ငြာ (၁ လက်မ × ၁ ကော်လံ) | ၁၂၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၇၅၀၀ |
| ၃ | စီးပွားရေးကြော်ငြာ | | | | |
| | (ရှေ့-စာမျက်နှာ) (၁ လက်မ × ၁ ကော်လံ) | ၄၀၀၀၀ | ၄၀၀၀၀ | | |
| | (နောက်-စာမျက်နှာ) (၁ လက်မ ×၁ ကော်လံ) | ၃၀၀၀၀ | ၃၀၀၀၀ | | |
| | [(အတွင်းစာမျက်နှာများ)(၁ လက်မ × ၁ ကော်လံ) | | | | |
| | (၁"×၂၀. ၅ လက်မ)အထိ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၁၅၀၀ | ၁၀၀၀၀ |
| | (၂၁"×၄၀. ၅လက်မ)အထိ | ၁၇၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၁၁၅၀၀ |
| | (၄၁"×၆၀. ၅လက်မ)အထိ | ၁၉၀၀၀ | ၁၆၀၀၀ | ၁၄၅၀၀ | ၁၃၀၀၀ |
| | (၆၁"× ၈၁ လက်မ)အထိ] | ၂၁၅၀၀ | ၁၈၅၀၀ | ၁၆၀၀၀ | ၁၄၅၀၀ |

**ယခင်နှုန်းထားအတိုင်း ပြောင်းလဲမှုမရှိသော ကြော်ငြာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

| စဉ် | ကြော်ငြာအမျိုးအစား | ရောင်စုံ | အဖြူ/အမည်း | မှတ်ချက် |
|---|---|---|---|---|
| ၁ | သုတ၊ ရသဆိုင်ရာစာအုပ်ကြော်ငြာ (ဂျာနယ်/မဂ္ဂဇင်းကြော်ငြာများမပါ) (၁ လက်မ × ၁ ကော်လံ) | ၆၀၀၀ | ၄၅၀၀ | ၁-၁၂-၂၀၁၄ ရက်မှစ၍ ထက်ဝက် လျှော့ချခဲ့သည့် နှုန်းထားအတိုင်းဖြစ်ပါသည်။ |
| ၂ | နာရေးကြော်ငြာ (၁ လက်မ × ၁ ကော်လံ) | ၃၀၀၀ | ၃၀၀၀ | |

ကြော်ငြာနှုန်းထားများ လျှော့ချသတ်မှတ်ပြီး ဝန်ဆောင်မှုပေးမည့်အစီအစဉ်အား ကြော်ငြာရှင်များသိရှိနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက ကြေးမုံသတင်းစာတိုက်သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။

**ကြေးမုံသတင်းစာတိုက်**

# ခရီးသွားကဏ္ဍ၏ အမှတ်တရပုံရိပ်တစ်ခု

မျိုးမြင့်သန်း(မန်းစက်မြေ)

ကောလာဟလမျိုးမှတစ်ပါး အမှန်တကယ် ဖြစ်ရပ်တစ်ခုနှင့်ပတ်သက်၍ ကောင်းသတင်း၊ မကောင်းသတင်းပျံ့နှံ့မှုအပေါ်တွင် မြန်မာစာပေလောကၥ ရေးသားသုံးနှုန်းလေ့ရှိသော စကားပုံတစ်ခုမှာ "ဟုတ်လို့ကျော် ပုပ်လို့ပေါ်" ဟူ၍ မှတ်သားခဲ့မိဖူးပါသည်။ ယခုလည်းအဟုတ်မှန်၍ တကယ်ကျော်ခဲ့သည့် မြန်မာနိုင်ငံခရီးသွားကဏ္ဍ၏အမှတ်တရ မှတ်တိုင်တစ်ခုနှင့်ပတ်သက်၍ တင်ပြလိုပါသည်။

၂၀၁၁ ခုနှစ် မြန်မာနိုင်ငံတော်အစိုးရသစ် တာဝန်ယူပြီးနောက်တွင် သိသာထင်ရှားသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကြောင့် နိုင်ငံတကာ အသိုက်အဝန်း၏ နွေးထွေးရင်းနှီးမှုများ တိုးတက်များပြားလာခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ကြွယ်ဝသောယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များ ပေါင်းစပ်မှုရလဒ်အဖြစ် မြန်မာနိုင်ငံသို့ ၂၀၁၃ ခုနှစ်တွင် နိုင်ငံခြား ခရီးသွားဧည့်သည် ၂ ဒသမ ၀၄ သန်း ရောက်ရှိခဲ့ပြီး ယခင်နှစ်ထက် ၉၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် မျှော်မှန်းဆောင်ရွက်ခဲ့သော ခရီးသည် သုံးသန်းကို ကျော်လွန်ခဲ့ပြီး ၃ ဒသမ ၀၈၁ သန်း ရောက်ရှိကာ ယခင်နှစ်ထက် ၅၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၃ ခုနှစ် ASEAN SEA Gamesပြိုင်ပွဲကြီး၊ ၂၀၁၄ ခုနှစ် ASEAN အလှည့်ကျဥက္ကဋ္ဌတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်သကဲ့သို့ G 20 ထိပ်သီးအစည်းအဝေးကြီးသို့ပင် တက်ရောက်ရန် ဖိတ်ကြားခံခဲ့ရကာ ကမ္ဘာ့နိုင်ငံကြီးများဖြစ်သည့် အမေရိကန်၊ ရုရှား၊ တရုတ်၊ အိန္ဒိယ အပါအဝင် နိုင်ငံကြီးများနှင့်လည်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့ပါသည်။

သိသာထင်ရှားသော ပြုပြင်ပြောင်းလဲမှုများနှင့် ပွင့်လင်းမြင်သာမှုများ၏ အကျိုးရလဒ်တစ်ခုအဖြစ် မြန်မာနိုင်ငံခရီးသွားကဏ္ဍအတွင်းပေါ်ထွန်းလာခဲ့ပြန်ပါပြီ။ ၎င်းမှာ Lonely Planet Traveller မဂ္ဂဇင်းမှ "Lonely Planet Traveller Destination Awards 2014" တတိယအကြိမ်မြောက် ဆုချီးမြှင့်ပွဲတွင် မြန်မာနိုင်ငံအား အကောင်းဆုံး AEC နိုင်ငံခရီးသွားဆု (Best in Travel – AEC Country) ချီးမြှင့်ခြင်းခံရပါသည်။ ပေးအပ်ခဲ့သော ဆုတံဆိပ်များမှာ Destination Awards-International အမျိုးအစားတွင် -

(၁) Best in Travel Oversea City
(၂) Best Value Travel Destination
(၃) Best Destination for Festival
(၄) Best Destination For Art and Architecture
(၅) Best Destination For Romantic Travel
(၆) Best Destination For Family Holiday
(၇) Best Destination For Adventure
(၈) Best Destination For-AEC Country
(၉) Ultimate Dream Destination ဟူ၍ စုစုပေါင်း ကိုးမျိုးအနက် မြန်မာနိုင်ငံမှ အကောင်းဆုံး AEC နိုင်ငံခရီးသွားဆုကို ရရှိခဲ့ခြင်းဖြစ်ပါသည်။

အဆိုပါဆုသည် ခရီးသွားလုပ်ငန်းမြှင့်တင်ရန်နှင့် ကမ္ဘာလှည့်ခရီးသွားများအား အကောင်းဆုံးနိုင်ငံများသို့လည်ပတ်နိုင်ရေး အားပေးတိုက်တွန်းရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး အွန်လိုင်းမှ စာဖတ်သူများ၏ ၂၀၁၄ ခုနှစ် ဇူလိုင်လမှ စက်တင်ဘာလအတွင်း လေ့လာဆန်းစစ်ချက်များအပေါ် အခြေခံ၍ ဆုရွေးချယ်ပေးအပ်ခြင်းဖြစ်ပါသည်။

Lonely Planet Traveller မဂ္ဂဇင်းကြီး၏ သမိုင်းကြောင်းနှင့်ကမ္ဘာလှည့် ခရီးသွားဧည့်သည်များအပေါ်တွင် ထိုမဂ္ဂဇင်းကြီး၏ ဩဇာတိက္ကမ ကြီးမားလွှမ်းမိုးမှုကို အနည်းငယ်တင်ပြလိုပါသည်။ Lonely Planet သည် ပုဂ္ဂလိကပိုင် Media လုပ်ငန်းတစ်ခုဖြစ်ပြီး ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် အခြေစိုက်သော ကမ္ဘာ့အကြီးဆုံး ခရီးသွားလမ်းညွှန်စာအုပ်များပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းတစ်ခုဖြစ်ပါသည်။ ၁၉၇၂ ခုနှစ်တွင် ကမ္ဘာလှည့် ခရီးသွားလာခြင်းကို ဝါသနာကြီးလှသော Tony Wheeler နှင့် Maureen Wheeler ဇနီးမောင်နှံက ၎င်းတို့၏ မင်္ဂလာဦးပျားရည်ဆမ်းခရီးမှ စတင်အခြေပြုတည်ထောင်ခဲ့ပြီး ၁၉၇၅ ခုနှစ်တွင် ပထမဆုံးစာအုပ်ကို Across Asia on the Cheap အမည်ဖြင့် ပုံနှိပ်ထုတ်ဝေခဲ့ပြီး တစ်စတစ်စ အောင်မြင်မှုရရှိလာခဲ့ပါသည်။ ၂၀၀၇ ခုနှစ်တွင် Wheeler ဇနီးမောင်နှံနှင့် ရှယ်ယာရှင် John Singleton တို့က BBC Worldwide သို့ ကုမ္ပဏီ၏ ရှယ်ယာ ၇၅ ရာခိုင်နှုန်းကို ရောင်းချခဲ့ပါသည်။

ထို့အပြင် Lonely Planet's Online Community "Thorn Tree"ကို ၁၉၉၆ ခုနှစ်တွင် စတင်ဖန်တီးခဲ့ပြီး ကမ္ဘာလှည့်ခရီးသည် သန်းပေါင်းများစွာထံမှ ခရီးသွားအတွေ့အကြုံများဖလှယ်ခြင်းနှင့် အကြံဉာဏ်များရယူခြင်းအတွက် အသုံးပြုခဲ့ပါသည်။ ၂၀၁၃ ခုနှစ်တွင် BBC မှ Lonely Planet ၏ ပိုင်ဆိုင်မှုအချို့ကို အမေရိကန် ဘီလျံနာ Brad Kellely ၏ NC2 Media သို့ ရောင်းချခဲ့ပါသည်။ လက်ရှိတွင် အမေရိကန်ပြည်ထောင်စု၊ အင်္ဂလန်၊ တရုတ်၊ အိန္ဒိယနိုင်ငံများတွင် ရုံးခွဲများဖွင့်လှစ်ကာ ဝန်ထမ်းပေါင်း ၄၀၀ ကျော်၊ စာရေးဆရာပေါင်း ၂၀၀ ကျော်တို့ဖြင့် လုပ်ငန်းလည်ပတ်ကာ ၂၀၁၁ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းလုံးသို့ Travel Guide Book စာအုပ်ရေသန်း ၁၂၀ အထိ စံချိန်တင်ရောင်းချနိုင်အောင် ခရီးသွားလုပ်ငန်းကဏ္ဍတွင် အရေးပါမှုကြီးမားသော Media တစ်ခုဖြစ်ပါသည်။

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်အားလုံးနီးပါးလောက် Lonely Planet Guide Book စာအုပ်များကိုင်ဆောင်၍ ဝင်ရောက်လာသည်ကို မြင်တွေ့ဖူးပါသည်။ နိုင်ငံတော်အစိုးရသစ်လက်ထက်ကာလမတိုင်မီအထိ ခရီးသွားလုပ်ငန်းအပေါ်တွင် အားပေးမှုနည်းပါးခြင်း၊ ချို့ယွင်းအားနည်းချက်များပြားမှုတို့အပေါ် အခြေခံ၍ ယင်းမဂ္ဂဇင်း၏ တင်ပြချက်များမှာ မိမိတို့နိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူမပြုသည်သာမက အဟန့်အတားပင် ဖြစ်စေခဲ့ပါသည်။

၂၀၁၁ ခုနှစ် နိုင်ငံတော်အစိုးရသစ်တာဝန်ယူပြီးနောက်ပိုင်း ပွင့်လင်းမြင်သာသော ပြောင်းလဲမှုအရပ်ရပ်အပေါ်အခြေခံ၍ ကောင်းမွန်သောရေးသားမှုများ သာမက ယခုကဲ့သို့ ဂုဏ်ပြုမှတ်တမ်းတင်သည်အထိ အောင်မြင်မှုရရှိသည်မှာလည်း နိုင်ငံချစ်သောပြည်သူအားလုံး၏ ဝိုင်းဝန်းကြိုးပမ်းမှုကြောင့်ပင်ဖြစ်ပါသည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကတာဝန်ယူဆောင်ရွက်နေရသည့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် လမ်းညွှန်ချက်တာဝန်(၄) ရပ် ချမှတ်ကာ ဆောင်ရွက်ခဲ့ပါသည်-

(က) ခရီးသည်များ ဝင်၊ ထွက်မှု စနစ်တကျ လွယ်ကူအဆင်ပြေစေရေး
(ခ) ခရီးသည်များသွားလာရာတွင် အလွယ်တကူ အဆင်ပြေစေရေးအတွက်ခရီးသွားဆိုင်ရာယာဉ်များ စနစ်တကျဖြစ်စေရေး
(ဂ) ဟိုတယ်နှင့် စားသောက်ဆိုင်များ အဆင့်အတန်းမြင့်မားစေရေး
(ဃ) ခရီးစဉ်ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းရေးဟူ၍ ဖြစ်ပါသည်။

လမ်းညွှန်ချက်တာဝန်(၄)ရပ် အောင်မြင်စေရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏လမ်းညွှန်မှု၊ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ဆက်စပ်ဝန်ကြီးဌာနများနှင့်လည်းကောင်း၊ ပုဂ္ဂလိကကဏ္ဍအသင်းအဖွဲ့များနှင့်လည်းကောင်း ပေါင်းစပ်ညှိနှိုင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ခရီးသွားလုပ်ငန်းပင်မစီမံကိန်း၏ မဟာဗျူဟာ(၆) ရပ်အောက်တွင် လမ်းညွှန်ချက်တာဝန်များ ကျေပွန်နိုင်စေရေးအတွက် စီမံကိန်း ၃၈ ခု ထည့်သွင်းရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

> **မြန်မာနိုင်ငံ၏ ကြွယ်ဝသောယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များ ပေါင်းစပ်မှုရလဒ်အဖြစ် ၂၀၁၄ ခုနှစ်တွင် မျှော်မှန်းဆောင်ရွက်ခဲ့သော ခရီးသည် သုံးသန်းကို ကျော်လွန်ခဲ့ပြီး ၃ ဒသမ ၀၈၁ သန်း ရောက်ရှိကာ ယခင်နှစ်ထက် ၅၁ ရာခိုင်နှုန်း တိုးတက်ခဲ့။**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ အဓိကပံ့ပိုးကူညီမှုဖြင့် Visa On Arrival ကို နိုင်ငံပေါင်း (၅၁)နိုင်ငံသို့ ထုတ်ပေးနိုင်ရေးနှင့် E.Visa စနစ်ကို ၁-၉-၂၀၁၄ ရက်မှစ၍ နိုင်ငံပေါင်း(၆၇)နိုင်ငံအတွက် ထုတ်ပေးနိုင်ရေးဆောင်ရွက်နိုင်ခဲ့သဖြင့် ခရီးသွားဧည့်သည်များ ဝင်/ထွက်မှု စနစ်တကျဖြင့် လွယ်ကူအဆင်ပြေစွာ တိုးတက်ဝင်ရောက်မှုရှိခဲ့ပါသည်။

ဆက်စပ်ဝန်ကြီးဌာနများကလည်း ၎င်းတို့၏ ပင်မလုပ်ငန်းတာဝန်များ ကျေပွန်စွာထမ်းဆောင်ရင်း ခရီးသွားကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြုခဲ့ကြပါသည်။ ယခုအခါ ပြည်တွင်းလေကြောင်းလိုင်း ရှစ်ခုအပြင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြည်ပလေကြောင်းလိုင်း ၂၅ ခု၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေကြောင်းလိုင်း ခုနစ်ခု၊ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေကြောင်းလိုင်းနှစ်ခု ပျံသန်းပြေးဆွဲနေပြီးဖြစ်ပါသည်။ မြန်မာ့လေကြောင်းမှ စင်းလုံးငှားလေယာဉ်ငယ်များဖြင့် ဝန်ဆောင်မှုပေးနေပြီး ဧည့်သည်များလေ့လာလိုသည့် နေရာဒေသများတွင် ဝေဟင်မှ မီးပုံးပျံစီးပြီး ကြည့်ရှုခံစားနိုင်ရန် မီးပုံးပျံဖြင့် ဝန်ဆောင်မှုပေးသည့် ကုမ္ပဏီများလည်း ပေါ်ထွန်းလာခဲ့ပြီဖြစ်ပါသည်။ ရေကြောင်းဖြင့် ခရီးသွားလာရင်း အပန်းဖြေလေ့လာလိုသူများအတွက် အိပ်ခန်းပါသင်္ဘောကြီးများနှင့် ကမ်းခြေဒေသများတွင် ရွက်တပ်စက်လှေများလည်း အရန်သင့်ရှိပါသည်။ မြန်မာ့မီးရထားကလည်း နိုင်ငံခြားသားခရီးသည်များအတွက် အထူးသီးသန့်တွဲများချိတ်ဆွဲ၍ ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ ပြည်တွင်းမော်တော်ယာဉ်လိုင်းအသီးသီးတွင် အဆင့်မြင့်ခေတ်မီမော်တော်ယာဉ်ကြီးများဖြင့် ဆောင်ရွက်နေကြသကဲ့သို့ စင်းလုံးငှား Taxi ကုမ္ပဏီများလည်း ပေါ်ထွန်းလာခဲ့ပြီဖြစ်ပါသည်။

ဟိုတယ်နှင့် စားသောက်ဆိုင်ကြီးများ အဆင့်အတန်းမြင့်မားရေးအတွက် ဟိုတယ်လုပ်ငန်းလိုင်စင်များ ထုတ်ပေးရာတွင် မိမိတို့ဝန်ကြီးဌာနမှ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းအမိန့်များနှင့်အညီ စနစ်တကျစေ့စပ်သေချာစွာစိစစ်ပြီးမှ ထုတ်ပေးသကဲ့သို့ စားသောက်ဆိုင်ကြီးများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနမှ စနစ်တကျစိစစ်ပြီးမှသာ ထုတ်ပေးခဲ့ပါသည်။ ဟိုတယ်နှင့် စားသောက်ဆိုင်ကြီးများတွင် ပြင်ဆင်မွမ်းမံမှု (Decoration) သာမက ဝန်ဆောင်မှု (Service) မှာလည်း အဓိကကျသဖြင့် ဝန်ဆောင်မှုဆိုင်ရာသင်တန်းများတွင် ဟိုတယ်ဝန်ထမ်းများသာမက စားသောက်ဆိုင်ကြီးများမှ ဝန်ထမ်းများကိုပါ လေ့ကျင့်သင်ကြားပေးမှုပြုခဲ့ပါသည်။




နိုင်ငံတော်အစိုးရသစ်လက်ထက် ၂၀၁၁ ခုနှစ် ဧပြီလမှ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအထိ တိုင်းဒေသကြီးအသီးသီးနှင့် ပြည်နယ်များတွင် ဝန်ဆောင်မှုဆိုင်ရာသင်တန်း (၂၁)ကြိမ်ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသား ၃၃၃၇ ဦး တက်ရောက်ခဲ့ပါသည်။ ထို့အတူ ခရီးသွားဧည့်သည်များအတွက် အဓိက လိုက်ပါရမည့် အရည်အသွေးမီ ဧည့်လမ်းညွှန်များ ပေါ်ထွန်းရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပေါ်ပေါက်စေရေးအတွက် ဧည့်လမ်းညွှန်အခြေခံသင်တန်းခုနစ်ကြိမ် သင်တန်းသား ၇၆၄ ဦး၊ ဧည့်လမ်းညွှန်များ အထူးမွမ်းမံသင်တန်းလေးကြိမ် သင်တန်းသား ၃၈၃ ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဒေသဆိုင်ရာဧည့်လမ်းညွှန်အခြေခံသင်တန်း အကြိမ် ၂၀ သင်တန်းသား ၁၀၇၀ ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့ပါသည်။ ထို့အပြင် ရန်ကုန်နှင့် မန္တလေးမြို့ရှိ ပုဂ္ဂလိကသင်တန်းကျောင်းများကလည်း ဝန်ဆောင်မှုဆိုင်ရာသင်တန်းများ ပို့ချပေးခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတစ်ဝန်းရှိ ခရီးစဉ်ဒေသများပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းရေးအပါအဝင် အခြားလိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ခရီးသွားလုပ်ငန်းဆိုင်ရာ စာတမ်းဖတ်ပွဲများ ကျင်းပပြုလုပ်ဆောင်ရွက်ခဲ့သကဲ့သို့ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍကို တာဝန်ယူဆောင်ရွက်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများအား နေပြည်တော် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသို့ ဖိတ်ကြား၍ ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

ထို့အပြင် ပုဂ္ဂလိကကဏ္ဍများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှုအင်အားကလည်း တစ်တပ်တစ်အားပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (Myanmar Tourism Federation) အောက်တွင် အသင်းအဖွဲ့(၁၁)ခု ဖွဲ့စည်းထားရှိပါသည်။ ယင်းအဖွဲ့အစည်းများမှာ-

(၁) မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း
(၂) မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း
(၃) မြန်မာနိုင်ငံစားဖိုမှူးကြီးများအသင်း
(၄) မြန်မာ့ဈေးကွက်မြှင့်တင်ရေးကော်မတီ
(၅) မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်း
(၆) မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း
(၇) မြန်မာနိုင်ငံခရီးသွားသယ်ယူပို့ဆောင်ရေးအသင်း
(၈) မြန်မာနိုင်ငံအမှတ်တရပစ္စည်းအရောင်းဆိုင်များအသင်း
(၉) မြန်မာနိုင်ငံပြည်တွင်းခရီးသွားဝန်ဆောင်မှုအသင်း
(၁၀) မြန်မာနိုင်ငံကျန်းမာရေးနှင့် အထွေထွေဝန်ဆောင်မှုအသင်း
(၁၁) မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလာရေးသင်တန်းကျောင်းအသင်းတို့ ဖြစ်ပါသည်။

အဆိုပါအသင်းအဖွဲ့များအနေဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာတာဝန်များတွင် ကျေပွန်စွာထမ်းဆောင်ခဲ့ကြပါသည်။ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကလည်း အသင်းအဖွဲ့အားလုံးနှင့် တွေ့ဆုံဆွေးနွေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။ ဤသို့ တက်ညီလက်ညီ ဆောင်ရွက်မှုကြောင့်လည်း ယခုကဲ့သို့အောင်မြင်မှုအသီးအပွင့်များ ရရှိလာခြင်းဖြစ်ပါသည်။ဆက်လက်၍လည်းပိုမိုတိုးတက်စေရန် ပိုမိုပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ဤနေရာတွင် အလျဉ်းသင့်၍ တင်ပြလိုပါသည်။ မိမိတို့နိုင်ငံ၏ ခရီးသည်ဝင်ရောက်မှုမှာ အိမ်နီးချင်းနိုင်ငံအချို့နှင့် နှိုင်းယှဉ်လျှင် နည်းပါးနေသေးသည်မှာ မှန်ကန်ပါသည်။ သို့ရာတွင် နိုင်ငံတော်အစိုးရသစ်လက်ထက်မတိုင်မီကာလက သန်းဂဏန်းဟု မဖော်ပြနိုင်ခဲ့ပါ။ ၂၀၁၁ ခုနှစ်တွင် သန်းဂဏန်းနီးပါးရှိခဲ့ရာမှ ၂၀၁၂ ခုနှစ်တွင် ၁ ဒသမ ၀၆ သန်း၊ ၂၀၁၃ ခုနှစ်တွင် ၂ ဒသမ ၀၄ သန်း၊ ၂၀၁၃ ခုနှစ်တွင် ၃ ဒသမ ၀၈၁ သန်း အသီးသီး တိုးတက်လာပြီဖြစ်ပါသည်။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❁

# ကော့သောင်းမြို့တွင် ကလေးတရားပွဲကျင်းပ



**ကော့သောင်း ဇန်နဝါရီ ၁၉**

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းမြို့ ရွှေပြည်သာရပ်ကွက် ဓမ္မာရုံ၌ ဇန်နဝါရီ ၁၈ ရက် မွန်းလွဲပိုင်းက ကလေးတရားပွဲဓမ္မသဘင် အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ မြို့ပေါ်ရပ်ကွက်မှ ယဉ်ကျေးလိမ္မာကလေးငယ်များ တက်ရောက် ကုသိုလ်ယူခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ ကလေးတရားပွဲကို ရွှေပြည်သာရပ်ကွက် ဗုဒ္ဓဘာသာဝင် ရပ်မိရပ်ဖ အကျိုးတော်ဆောင် တာဝန်ရှိသူများ၏ စီစဉ်မှုဖြင့် ကော့သောင်းမြို့ နိဗ္ဗာန်အေး ပရိယတ္တိစာသင်တိုက် ဆရာတော် အရှင်အဂ္ဂညဏက ရွှေပြည်သာရပ်ကွက် အလယ်တန်းကျောင်းနှင့် မူလတန်းကျောင်းသား ကျောင်းသူများအား ကျောင်းအားလပ်ရက် တနင်္ဂနွေနေ့တွင် ကလေးငယ်များ အချိန်ကိုအကျိုးရှိစွာဖြင့် ဘာသာတရားအဆုံးအမဖြင့် လိမ္မာယဉ်ကျေးလာစေရန်နှင့် ယနေ့အချိန်ကာလတွင် လူငယ်များလမ်းလွဲလိုက်၍ မပြုအပ်မပြုထိုက်သည့် လူမှုဝန်းကျင်နယ်ပယ်မှ ဟီရိဩတ္တပ္ပတရားကင်းမဲ့သော ဆိုးရွားသည့် အကျင့်ဓလေ့စရိုက် အတွေးအခေါ်များ စိမ့်ဝင်ပျံ့နှံ့နေမှု ပပျောက်စေရေး ကျောင်းသားအရွယ် ကလေးငယ်ဘဝမှစ၍ အမျိုးဘာသာ သာသနာ အကျိုးသယ်ပိုးကြမည့် အနာဂတ်သားကောင်း ရတနာများပေါ်ထွန်းလာရေး၊ မိဘဆရာသမားတို့၏ ဂုဏ်ကျေးဇူးနှင့် လူမှုပတ်ဝန်းကျင်တွင် ရိုးသားစိတ်စေတနာကောင်းများထားရှိ မွေးမြူတတ်လာကြစေရန်၊ အနာဂတ်ဗုဒ္ဓဘာသာဝင် အမျိုးကောင်း သားသမီးရတနာလေးများ ဖြစ်လာစေရန်ရည်ရွယ်ပြီး ကျင်းပဟောပြောခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

❁ စာမျက်နှာ ၁၀ မှ

တစ်ခုသတိပြုရန်လိုအပ်သည်မှာ မိမိတို့နိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံ၏ ရသုံးဝင်ငွေအခြေအနေပေါ်မူတည်၍ အခြေခံအဆောက်အအုံဆိုင်ရာများ ဆောင်ရွက်ရခြင်းနှင့် မိမိတို့နိုင်ငံရှိ တိုင်းရင်းသားလူမျိုးအသီးသီး၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို ထိခိုက်နစ်နာမှုအနည်းဆုံးနှင့် အကျိုးအမြတ်အများဆုံးရရှိနိုင်စွာဖြင့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် အဓိကအခြေခံထားဆောင်ရွက်နေမှုဖြစ်ပါသည်။ သို့ဖြစ်၍လည်း တာဝန်သိခရီးသွားလုပ်ငန်းမူဝါဒ (ResponsibleTourism Policy)၊ ဆောင်ရန်၊ ရှောင်ရန် (Dos & Don'ts)များကို ဝန်ကြီးဌာနမှ အလေးထားဖြန့်ဝေဆောင်ရွက်နေခြင်းဖြစ်ပါသည်။ ရေရှည်တည်တံ့ခိုင်မြဲအောင် စည်းနှင့်ကမ်းနှင့် တိုးတက်မှုများကို ရှေးရှု၍ စည်းမဲ့ကမ်းမဲ့တိုးတက်မှုမျိုးမဖြစ်ပေါ်စေရေး ဂရုပြုဆောင်ရွက်နေခြင်းကို နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။

ဟိုတယ်အခန်းခများ ဈေးနှုန်းကြီးမြှင့်သည်ဟုဆိုကြရတွင် ၂၀၁၂ ခုနှစ်၌ ခရီးသည်ဝင်ရောက်မှု ရုတ်တရက်တိုးမြင့်မှုကြောင့် အိပ်ခန်းလိုအပ်ချက်အချို့ရှိရာ အချို့သောလုပ်ငန်းရှင်များ၏ ဈေးကစားမှုကြောင့် ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်ပြီး ဝန်ကြီးဌာနမှ အချိန်မီဝင်ရောက်ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ခဲ့ပါသည်။ ယခုအခါ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအထိ တစ်နိုင်ငံလုံးတွင် နိုင်ငံခြားသားတည်းခိုခွင့်လုပ်ငန်းလိုင်စင်ရ ဟိုတယ်၊ မိုတယ်၊ အင်း စုစုပေါင်း ၁၁၀၆ လုံး၊ အခန်းပေါင်း ၄၃၂၄၃ ခန့်ရှိပြီ ဖြစ်ပါသည်။ လုပ်ငန်းရှင်များမှ မိမိတို့ ဟိုတယ်အဆင့်အတန်းအလိုက် ဈေးနှုန်းသတ်မှတ် ရောင်းချသကဲ့သို့ ဧည့်သည်များမှလည်း စိတ်ကြိုက်ရွေးချယ်နိုင်ခွင့်ရရှိပြီးဖြစ်ပါသည်။ အခြားအိမ်နီးချင်းနိုင်ငံများကဲ့သို့ အနိမ့်ဆုံးနှင့် အမြင့်ဆုံးဈေးနှုန်း မကန့်သတ်နိုင်စေကာမူ တည်ငြိမ်သောဈေးနှုန်းနှင့် ဈေးကွက်စီးပွားရေးစနစ်ပုံစံ ရရှိနေပြီကို ခရီးသွားလုပ်ငန်းကဏ္ဍအား ထဲထဲဝင်ဝင်လေ့လာသူတိုင်း သိရှိကြပါသည်။

အချုပ်အားဖြင့်ဆိုရပါလျှင် တစ်ချိန်သောအခါက မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍ၏ အားနည်းချို့ယွင်းချက်များကိုထောက်၍ ရေးသားလေ့ရှိသော ခရီးသွားကဏ္ဍတွင် ဩဇာတိက္ကမ ကြီးမားစွာဖြင့် စာဖတ်ပရိသတ်များပြားသည့် ကမ္ဘာကျော်ပုဂ္ဂလိကပိုင် Media အုပ်စုကြီးဖြစ်သည့် Lonely Planet မှ ထုတ်ဝေသည့် Lonely Planet Traveller မဂ္ဂဇင်းကြီးမှ မြန်မာနိုင်ငံကို အကောင်းဆုံး AEC နိုင်ငံခရီးသွားဆု (Best in Travel – AEC Country) ကို ချီးမြှင့်ခဲ့ပြီး၊ (၂၀၁၅)ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့ ညနေ နေပြည်တော် MICC-2 ၌ ကျင်းပမည့် Asean Tourism Forum (AT - ၂၀၁၅) ဖွင့်ပွဲအခမ်းအနားကြီးတွင် ထိုမဂ္ဂဇင်းကြီး၏ အမှုဆောင်အယ်ဒီတာချုပ်က တက်ရောက်အပ်နှင်းမည်မှာ အထက်တွင်တင်ပြခဲ့သည်နှင့်အညီ မြန်မာနိုင်ငံ၏ ဘက်ပေါင်းစုံမှ ကောင်းသတင်းများ၊ အဟုတ်မှန်၍ တကယ်ကျော်ခဲ့သည့် ခရီးသွားကဏ္ဍ၏ အမှတ်တရပုံရိပ်တစ်ခုအဖြစ် မျိုးချစ်စိတ်အပြည့်နှင့် ပြည်သူများက လက်ခံယုံကြည်ကြမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

မြန်မာ့နိုင်ငံရေး နှင့်
ဆက်စပ်အတွေးများ

မင်းဗထူး

ထွက်ပြီ

ဖြန့်ချိရေး - တူဒေးစာအုပ်တိုက်
ရန်ကုန်- ၅၀၇ ၃၈၅၊ မန္တလေး - ၀၉ ၉၁၀ ၂၇၅ ၂၄

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၁၉**

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ် အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူ အမည်ပြောင်းလျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများဖြင့် စိစစ်၍ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ (၁၆-၁-၂၀၁၅)ရက်ကပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ပုံနှိပ်လုပ်ငန်းသက်တမ်းတိုး ၂၁၅ ဦးနှင့် ထုတ်ဝေသူ သက်တမ်းတိုး ၁၉၂ ဦး ပေါင်း သက်တမ်းတိုး ၄၀၇ ဦးအားလည်းကောင်း၊ ပုံနှိပ်လုပ်ငန်းအသစ် လျှောက်ထားသူ ၁၁ ဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့်ခြောက်ဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့်သုံးဦး၊ အထွေထွေထုတ်ဝေခွင့် ၁၃ ဦး၊ သတင်းစာထုတ်ဝေခွင့်တစ်ဦး ပေါင်း ပုံနှိပ်လုပ်ငန်းနှင့် ထုတ်ဝေခွင့် ၄၄၁ ဦးတို့အား အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။ ယခင်အပတ်က စိစစ်ဆဲဖြစ်သော ဂျာနယ် သက်တမ်းတိုးတစ်ဦးနှင့် အထွေထွေထုတ်ဝေခွင့်အသစ်လျှောက်ထားသူ တစ်ဦးတို့အား ယခုအပတ်တွင် ပြန်လည်ခွင့်ပြုပေးခဲ့ပါသည်။ ယခုအပတ်တွင် တင်ပြထားသည့်အထဲမှ ဂျာနယ်အသစ်ထုတ်ဝေခွင့်သုံးဦးနှင့် ဂျာနယ်သက်တမ်းတိုးတစ်ဦးတို့နှင့် ပတ်သက်၍ စိစစ်ဆဲဖြစ်ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများ ပြဋ္ဌာန်းသည့်(၁၀-၁၀-၂၀၁၄)ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၅၁၀ နှင့် အသစ်လျှောက်ထားသူ ၆၅ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၄၉၈ ဦးနှင့် အသစ်လျှောက်ထားသူ ၂၂၃ ဦး၊ သတင်းအေဂျင်စီလုပ်ငန်းအသစ် လျှောက်ထားသူ သုံးဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြု လက်မှတ် ၁၂၉၉ စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ဂျာနယ်ထုတ်ဝေခွင့် အသစ်လျှောက်ထားသူ ရှစ်ဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် အသစ်လျှောက်ထားသူတစ်ဦး၊ ဂျာနယ်သက်တမ်းတိုးလျှောက်ထားသူတစ်ဦး၊ အထွေထွေထုတ်ဝေခွင့် သက်တမ်းတိုးလျှောက်ထားသူတစ်ဦး၊ ပုံနှိပ်လုပ်ငန်းအသစ်လျှောက်ထားသူတစ်ဦးတို့ကို အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# စစ်တွေ - ရန်ကုန် မန်းရတနာပုံ လေကြောင်းလိုင်း စတင်ပြေးဆွဲ

**စစ်တွေ ဇန်နဝါရီ ၁၉**

ပုဂ္ဂလိကလေကြောင်းလိုင်းတစ်ခုဖြစ်သည့် မန်းရတနာပုံလေကြောင်းလိုင်းသည် ဇန်နဝါရီ ၁၉ ရက်တွင် ရန်ကုန်- စစ်တွေခရီးစဉ်အား စတင်ဖွင့်လှစ်ပြေးဆွဲရာ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့မှ စစ်တွေလေဆိပ်သို့ရောက်ရှိပြီး ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းနှင့် တာဝန်ရှိသူများက လေကြောင်းခရီးစဉ်ဖြင့် လိုက်ပါလာသည့် ပြည်တွင်းပြည်ပ သာသနာပြုအလိုတော်ပြည့်ဆရာတော်ဘုရားကြီး ဒေါက်တာဘဒ္ဒန္တအရိယဝံသနှင့် ခရီးသွားပြည်သူများအား ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မန်းရတနာပုံ လေကြောင်းလိုင်းဖွင့်လှစ်ခြင်းအခမ်းအနားကို စစ်တွေလေဆိပ် ဧည့်ခန်းမဆောင်၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက အဖွင့်အမှာစကား ပြောကြားပြီး မန်းရတနာပုံ လေကြောင်းလိုင်းမှ Chief Operating Officer ဦးအုန်းမြင့်က လေကြောင်းလိုင်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မန်းရတနာပုံလေကြောင်းလိုင်းမှ တာဝန်ရှိသူများက အလိုတော်ပြည့်ဆရာတော်ကြီးထံ အလှူငွေကျပ် ၁၀ သိန်းကို ဆက်ကပ်လှူဒါန်းပြီး ရခိုင်ပြည်နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေကျပ် သိန်း ၅၀ ကို ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးထံ ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ မန်းရတနာပုံလေကြောင်းလိုင်းမှ စစ်တွေ - ရန်ကုန် လေယာဉ်ခရီးစဉ်များအား ရက်သတ္တတစ်ပတ်လျှင် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ ၃ ရက် ပြေးဆွဲပေးမည်ဖြစ်ပြီး ပုံမှန်လေယာဉ်ခရီးစဉ်နှုန်းထားများမှာ နိုင်ငံခြားသား ၁၂၆ ဒေါ်လာနှင့် ပြည်သူများအတွက် ၉၇၀၀၀ ကျပ်ဖြင့် သတ်မှတ်ထားကြောင်းနှင့် အထူးပရိုမိုးရှင်းတစ်ရပ်အနေဖြင့် ဇန်နဝါရီ ၁၉ ရက်မှ ဖေဖော်ဝါရီ ၁၉ ရက်အထိ စစ်တွေမြို့မှ ရန်ကုန်မြို့သို့ စီးနင်းလိုက်ပါမည့် ခရီးသွားပြည်သူများအား ပထမဝယ်ယူသည့် ထိုင်ခုံ ၃၀ အတွက် တစ်နေရာလျှင် ငွေကျပ်ငါးသောင်းနှုန်းဖြင့် ဝန်ဆောင်မှု ပေးထားကြောင်း သိရသည်။

**ဇော်နိုင်ထွန်း (စစ်တွေ)**



# ကျေးလက်သောက်သုံးရေ ရရှိရေး ဆောင်ရွက်

**မော်လမြိုင် ဇန်နဝါရီ ၁၉**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ခွင့်ပြုရန်ပုံငွေဖြင့် မော်လမြိုင်မြို့နယ် ကျေးလက်ရေပေးရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၁၂ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းဌေး၊ မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်လွင်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီမှတာဝန်ရှိသူများကွင်းဆင်းစစ်ဆေးကြသည်။

အဆိုပါ ကျေးလက်ရေပေးရေး လုပ်ငန်းများကို မြန်မာ့ရှုခင်းကုမ္ပဏီမှ တင်ဒါရယူဆောင်ရွက်ခြင်းဖြစ်ပြီး လုပ်ငန်းများပြီးစီးပါက ကျေးရွာငါးရွာရှိ အိမ်ခြေ ၆၈၅ အိမ်အား သန့်ရှင်းသော သောက်သုံးရေရရှိမည်ဖြစ်ကြောင်း သိရသည်။

**(ကျေးလက်ဦးစီး)**

## ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့က အိုင်အက်စ်ဟု သင်္ကာမကင်းသူလေးဦးကို ဖမ်းဆီး




**ဒါကာ ဇန်နဝါရီ ၁၉**

ဘင်္ဂလားဒေ့ရှ် ရဲတပ်ဖွဲ့၏ စုံထောက်ဌာနစိတ်သည် မြို့တော်ဒါကာတွင် အိုင်အက်စ်စစ်အဖွဲ့ဝင်များဟု သံသယရှိသူလေးဦးကို ဖမ်းဆီးခဲ့သည်ဟု ဆင်ဟွာသတင်းတွင် ယနေ့ဖော်ပြသည်။

ဖမ်းဆီးရမိသူများအနက် တစ်ဦးသည် ဘင်္ဂလားဒေ့ရှ်ရှိ အိုင်အက်စ်အဖွဲ့၏ အကြီးအကဲဖြစ်မည်ဟု ယူဆထားကြောင်း တာဝန်ရှိသူများက ပြောသည်။

၎င်းတို့ထံမှ လက်တော့ပ် နှစ်လုံးနှင့် အိုင်အက်စ်အဖွဲ့၏ လက်ကမ်းစာစောင်များကို သိမ်းဆည်းရမိကြောင်း စုံထောက်ဌာနစိတ်မှ မာစူဒါရာမာက ပြောသည်။

၎င်းတို့သည် အိန္ဒိယနှင့် ပါကစ္စတန်အပါအဝင် အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်ခဲ့ဖူးကြောင်းနှင့် ပါကစ္စတန်နိုင်ငံတွင် အကြမ်းဖက်မှုသင်တန်းကို တက်ရောက်ခဲ့ကြောင်း မာစူဒါရာမာက ထပ်လောင်းပြောကြားသည်။

၎င်းတို့အား စစ်ဆေးမေးမြန်းစဉ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လှုပ်ရှားနေသော အိုင်အက်စ်အဖွဲ့ဝင်များသည် ငွေကြေးနှင့် လက်နက်များစုဆောင်းပြီး ဘင်္ဂလားဒေ့ရှ်အစိုးရကို အကြမ်းဖက်တိုက်ခိုက်မည်ဖြစ်ကြောင်း ဖမ်းဆီးမိသူများအနက် တစ်ဦးက ပြောသည်။

ထိုသို့ တိုက်ခိုက်ခြင်းသည် ဘင်္ဂလားဒေ့ရှ်တွင် အစ္စလာမ့်နိုင်ငံတည်ထောင်ရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု ၎င်းက ဆိုသည်။

ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့သည် ၂၀၁၃ ခုနှစ်တွင် အိုင်အက်စ်အဖွဲ့ဝင်များဟု သံသယရှိသူရှစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ။**



## ကင်မရွန်းနိုင်ငံမြောက်ပိုင်းတွင် ဘိုကိုဟာရမ်များက ဆယ်ကျော်သက် ၅၀ ကျော် ဖမ်းဆီး

**ယောင်ဒေး ဇန်နဝါရီ ၁၉**

ဘိုကိုဟာရမ်သောင်းကျန်းသူများက ကင်မရွန်းနိုင်ငံမြောက်ပိုင်းရှိရွာများကို မီးရှို့ဖျက်ဆီးခဲ့ပြီး အနည်းဆုံးလူပေါင်း ၈၀ ကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း ယနေ့စကိုင်းနယူးစ်က ဖော်ပြထားသည်။

နိုင်ဂျီးရီးယားနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် အကြီးမားဆုံးသော အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုသည် ၎င်းတို့၏ လက်ချက်ဖြစ်ကြောင်း ဘိုကိုဟာရမ်သောင်းကျန်းသူများက ရက်အနည်းငယ်အကြာက ဖွင့်ဟခဲ့သည်။

ဖမ်းဆီးခေါ်ဆောင်ခံရသူများတွင် အသက်(၁၀)နှစ်နှင့်(၁၅)နှစ်ကြားအရွယ်ရှိသော မိန်းကလေးနှင့်ယောက်ျားလေး ၅၀ ကျော်ပါဝင်ကြောင်း ကင်မရွန်းနိုင်ငံမြောက်ပိုင်းမှ လုံခြုံရေးရဲအရာရှိတစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောသည်။

ဘိုကိုဟာရမ်တို့၏ ယခုဖမ်းဆီးခေါ်ဆောင်သွားခြင်းသည် ကင်မရွန်းနိုင်ငံတွင် အကြီးမားဆုံးသော ဖမ်းဆီးခေါ်ဆောင်သည့်ဖြစ်ရပ်ဖြစ်ကြောင်း ၎င်းကဆိုသည်။

ယမန်နှစ်ဧပြီလတွင် ဘိုကိုဟာရမ်တို့က နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်းချီဘော့ခ်မြို့ရှိ ကျောင်းတစ်ကျောင်းမှ ကျောင်းသူ၂၀၀ကျော်ကို ပြန်ပေးဆွဲသွားခဲ့သည်။

ဘိုကိုဟာရမ်သောင်းကျန်းသူများက နိုင်ဂျီးရီးယားနိုင်ငံတွင် အစ္စလာမ့်နိုင်ငံထူထောင်ရန် ခြောက်နှစ်ကြာတိုက်ခိုက်မှုများဆင်နွှဲခဲ့ရာ လူထောင်ပေါင်းများစွာ သေဆုံးခဲ့ရသည်။ ဘိုကိုဟာရမ်တို့က နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်းရှိ နယ်မြေများကို သိမ်းယူနေသရွေ့ စစ်ပွဲများ မကြာခဏ ဖြစ်ပွားနေမည်ဖြစ်သည်။

ချဒ်တပ်ဖွဲ့များသည် ဘိုကိုဟာရမ်သောင်းကျန်းသူများကို တိုက်ခိုက်ချေမှုန်းရန် ယမန်နေ့က ကင်မရွန်းနိုင်ငံသို့ ရောက်ရှိနေပြီဖြစ်ကြောင်းသိရသည်။

**စကိုင်းနယူးစ်။**

## ကရာချိမြို့တွင် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရေး အစောင့်ရဲတစ်ဦး သေနတ်ပစ်ခံရ၍ သေဆုံး

**ကရာချိ ဇန်နဝါရီ ၁၉**

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ကရာချိမြို့တွင် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရေးအဖွဲ့တစ်ဖွဲ့အား လိုက်လံစောင့်ကြပ်ပေးသည့် ရဲတပ်ဖွဲ့ဝင်တစ်ဦးကို သေနတ်သမားများက ပစ်ခတ်ခဲ့ရာ ၎င်းမှာ သေဆုံးခဲ့ရကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အဆိုပါတိုက်ခိုက်မှုမှာ တရားဥပဒေစိုးမိုးမှု ကင်းမဲ့သည့် အော်ရန်ဂီဒေသတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းဖြစ်ရပ်ကြောင့် ကရာချိမြို့တွင် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးမှုလုပ်ငန်းကို ရပ်ဆိုင်းထားကြောင်း သတင်းတွင် ဖော်ပြသည်။

မော်တော်ဆိုင်ကယ်စီး သေနတ်သမားများကို ရဲတပ်ဖွဲ့ဝင်များက အပြန်အလှန်ပစ်ခတ်ခဲ့သော်လည်း ၎င်းတို့မှာ လွတ်မြောက်သွားခဲ့သည်။

ပါကစ္စတန်နိုင်ငံသည် ကမ္ဘာပေါ်တွင် ပိုလီယိုရောဂါကင်းစင်မှုမရှိသေးသည့် နိုင်ငံသုံးနိုင်ငံတွင် ပါဝင်သည်။

ပိုလီယိုရောဂါကာကွယ်ဆေး တိုက်ကျွေးသူများသည် သူလျှိုများဖြစ်နိုင်ကြောင်း၊ ပိုလီယိုကာကွယ်ဆေးသည် မျိုးပွားမှုစနစ်ကို ထိခိုက်စေကြောင်း စစ်သွေးကြွများက ပြောကြားကြသည်။

ပါကစ္စတန်နိုင်ငံတွင် လွန်ခဲ့သည့်နှစ်နှစ်အတွင်းက ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးရေးလုပ်သားများနှင့် အစောင့်လိုက်ရဲတပ်ဖွဲ့ ၆၀ ကျော်တို့ သတ်ဖြတ်ခံခဲ့ကြရသည်။

ပါကစ္စတန်နိုင်ငံတွင် ယမန်နှစ်က ပိုလီယိုရောဂါကူးစက်ဖြစ်ပွားမှုအရေအတွက် ၃၀၀ ကျော်ရှိကြောင်း အတည်ပြုနိုင်ခဲ့ပြီး ယင်းမှာ လွန်ခဲ့သည့် ၁၆ နှစ်အတွင်း ရောဂါကူးစက်ဖြစ်ပွားမှု ကိန်းဂဏန်းများအရ အမြင့်မားဆုံးဖြစ်သည်။

**ဘီဘီစီ။**



## ဆယ်ကျော်သက်အရွယ် ဝရမ်းပြေးနှစ်ဦးအား ဖလော်ရီဒါတွင် ဖမ်းမိ

**ပနားမားစီးတီး ဇန်နဝါရီ ၁၉**

အမေရိကန်နိုင်ငံအရှေ့တောင်ပိုင်းတွင် ရက်သတ္တနှစ်ပတ်မျှ ရှောင်တိမ်းနေသူ ဆယ်ကျော်သက်အရွယ်စုံတွဲအား ဖလော်ရီဒါရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ချေရင်နီဖီးလစ်အမည်ရှိ(၁၃)နှစ်အရွယ် မိန်းကလေးနှင့် သူမ၏ ယောက်ျားလေးသူငယ်ချင်း(၁၈)နှစ်အရွယ်ရှိ ဒေါ်လတန်ဟေးရက်(စ်)တို့ကို တနင်္ဂနွေနေ့အစောပိုင်းက ပနားမားစီးတီးကမ်းခြေတွင် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဆယ်ကျော်သက် နှစ်ဦးသည် ဖောက်ထွင်းမှု၊ ခိုးမှုနှင့် ရာဇဝတ်မှုဆိုင်ရာကျော်နင်းမှုတို့ဖြင့် တရားရင်ဆိုင်ရမည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ ထိုစုံတွဲမှာ ကင်တပ်ကီ အနောက်ပိုင်းရှိ အိမ်မှ ပျောက်ဆုံးသွားပြီးနောက် ပြည်နယ်များစွာတွင် ရဲလက်မှလွတ်မြောက်ရန် ရှောင်တိမ်းနေခဲ့ကြောင်း သိရသည်။

၎င်းတို့ကို ဖလော်ရီဒါတွင် ခိုးယူထားသော နောက်ပွင့်ကားပေါ်တွင် အိပ်ပျော်နေစဉ် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ ၎င်းတို့သည် တောင်ကာရိုလိုင်းနားပြည်နယ်နှင့် ဂျော်ဂျီယာပြည်နယ်များသို့ ခရီးထွက်ခဲ့ကြောင်း တာဝန်ရှိသူများက ယုံကြည်ထားသည်။ ဖော်ပြပါ ဆယ်ကျော်သက်နှစ်ဦးကို ဆူပူထိခိုက်မှုတစ်စုံတစ်ရာမရှိဘဲ ရဲစခန်းသို့ခေါ်ဆောင်သွားခဲ့ကြောင်း ပနားမားစီးတီးကမ်းခြေရဲတပ်ဖွဲ့က ပြောကြားသည်။

ထိုစုံတွဲမှာ မော်တော်ယာဉ်အများအပြားကို ခိုးယူခဲ့ခြင်းနှင့် ခိုးထားသော ချက်လက်မှတ်များကို သုံးစွဲခဲ့ဖွယ်ရာရှိကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

**ဘီဘီစီ။**

## အိုင်အက်စ်ချေမှုန်းရေးအရှိန်မြှင့်ရန် လန်ဒန်တွင် စည်းဝေးမည်

**ဝါရှင်တန် ဇန်နဝါရီ ၁၉**

အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် အိုင်အက်စ်စစ်သွေးကြွများအား တိုက်ခိုက်ချေမှုန်းရေးဆိုင်ရာအစည်းအဝေးတက်ရောက်ရန် ဇန်နဝါရီ၂၂ရက်တွင် လန်ဒန်သို့ထွက်ခွာမည်ဖြစ်ကြောင်းသိရသည်။

အစည်းအဝေးတွင် ဗြိတိန်နိုင်ငံအပါအဝင် အခြားသောအိုင်အက်စ်ချေမှုန်းရေး ညွန့်ပေါင်းအဖွဲ့ဝင်နိုင်ငံ ၂၀မှ နိုင်ငံခြားရေးဝန်ကြီးများက အိုင်အက်စ်စစ်သွေးကြွများအား ချေမှုန်းရေးဆိုင်ရာ ဆွေးနွေးမှုများပြုလုပ်မည်ဖြစ်သည်။ အိုင်အက်စ်စစ်သွေးကြွများသည် အီရတ်နှင့်ဆီးရီးယားနိုင်ငံများတွင် နယ်မြေအများအပြားကို သိမ်းပိုက်ထားသည်။

**ဆင်ဟွာ။**

## ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမြှင့်တင်ရေး တောင်ကိုရီးယားအစိုးရအဖွဲ့အစီအစဉ်ချမှတ်

**ဆိုးလ် ဇန်နဝါရီ ၁၉**

တောင်ကိုရီးယားနိုင်ငံသည် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို မြှင့်တင်နိုင်ရန်အတွက် အပန်းဖြေစခန်းနှစ်ခုကို ယခုနှစ်အတွင်း တည်ဆောက်မည်ဖြစ်ကြောင်း၊ အဆိုပါ အပန်းဖြေစခန်းနှစ်ခုတွင် ဟိုတယ်များအပြင် ကာစီနိုလောင်းကစားခန်းမများနှင့် အကောက်ခွန်လွတ် အရောင်းဆိုင်များလည်း ပါဝင်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇန်နဝါရီ ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ယောင်ဆောင်ဒေသရှိ အမေရိကန် စစ်စခန်းဟောင်းတည်ရှိခဲ့ရာ နေရာဟောင်းနှင့် ဂန်နမ်းဒေသရှိ နိုင်ငံပိုင်ကိုရီးယား လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်း တည်ရှိခဲ့ရာနေရာဟောင်းတို့တွင် မြေရာဖွံ့ဖြိုးရေးလုပ်ငန်း တည်ဆောက်ရန် ရွေးချယ်ထားကြောင်း အစိုးရတာဝန်ရှိသူများက ပြောကြားကြသည်။

တောင်ကိုရီးယားနိုင်ငံသည် ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းနှင့် ကုမ္ပဏီများ၏ ယှဉ်ပြိုင်နိုင်စွမ်းတို့ကို မြှင့်တင်နိုင်ရေးအတွက် ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုကို ဝမ် ၂၅ ထရီလီယံအထိ မြှင့်တင်နိုင်ရန် အစီအစဉ်ရေးဆွဲ ဆောင်ရွက်သွားမည်ဟု အစိုးရအဖွဲ့က ဇန်နဝါရီ ၁၈ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြေရာဝန်ကြီးဌာနနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဝန်ကြီးဌာနတို့ အပါအဝင် အစိုးရဌာနများက ညှိနှိုင်းရေးဆွဲထားသော အစီအစဉ်အရ အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

သာယာလှပသော ပင်လယ်ကမ်းရိုးတန်းဒေသများ၌ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးစေရန် ရင်းနှီးမြှုပ်နှံမှုအသစ် ဝမ်ငွေ ၈ ဒသမ ၅ ထရီလီယံ ရှိလာစေရန် အစီအစဉ်ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

**ပီတီအိုင်။**



## မက်ဆီ၏အရည်အသွေး ဘယ်တော့မှ ကျမည်မဟုတ်ဟု ဟင်နရီကေးပြောကြား

ဘာစီလိုနာအသင်းမှ အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီသည် ဘာစီလိုနာအသင်းနှင့် ဒီပို့တီဗိုအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင် ဟက်ထရစ်ဂိုးသွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် တိုက်စစ်မှူး မက်ဆီ၏ အရည်အသွေးမှာ ဘယ်တော့မှ ကျသွားမည်မဟုတ်ကြောင်း ဘာစီလိုနာအသင်းနည်းပြ ဟင်နရီကေးက ထုတ်ဖော်ပြောကြားလိုက်သည်။

ဘာစီလိုနာအသင်းသည် ဒီပို့တီဗိုအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာတွင် တိုက်စစ်မှူးမက်ဆီ၏ ဟက်ထရစ် သွင်းဂိုးအပါအဝင် လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ တိုက်စစ်မှူးမက်ဆီ၏ အဆိုပါဟက်ထရစ်ဂိုးသည် မက်ဆီ၏ ၂၂ ကြိမ်မြောက် လာလီဂါဟက်ထရစ်သွင်းဂိုးလည်း ဖြစ်သည်။ ဘာစီလိုနာအသင်းသည် ထိုသို့ အနိုင်ရရှိလိုက်ခြင်းကြောင့် စပိန်လာလီဂါအမှတ်ပေးဇယားတွင် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိသည့် ရီးယဲလ်မက်ဒရစ်အသင်းနှင့် တစ်မှတ်အကွာသို့ တက်လှမ်းနိုင်ခဲ့သည်။

## ကယားပြည်နယ်နေ့ ဘော်လီဘောပြိုင်ပွဲဆုချီးမြှင့်

**လွိုင်ကော်၊ ဇန်နဝါရီ ၁၉**

(၆၃) နှစ်မြောက်ကယားပြည်နယ်နေ့အထိမ်းအမှတ် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၁၈ ရက် နံနက် ၁၀ နာရီက ကယားပြည်နယ် လွိုင်ကော်မြို့ ကန္ဒရဝတီကျောင်းသားအားကစားကွင်း ဘော်လီဘောအားကစားရုံ၌ ကျင်းပသည်။

ရှေးဦးစွာအမျိုးသမီးပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲအဖြစ်ပန်ကန်းအမျိုးသမီးဘော်လီဘောအသင်းနှင့်ပြည်နယ်မီးသတ်အမျိုးသမီးဘော်လီဘောအသင်းတို့ ယှဉ်ပြိုင်ကစားကြရာပန်ကန်းကျေးရွာအမျိုးသမီးဘော်လီဘောအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင်သေးဆူလဲအမျိုးသားဘော်လီဘောအသင်းနှင့် ဝါဘန်းဘလိုအမျိုးသား ဘော်လီဘောအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဝါဘန်းဘလိုအမျိုးသားဘော်လီဘောအသင်းက သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကိုပြုလုပ်ရာ အမျိုးသမီးပြိုင်ပွဲတွင်ဆုရရှိသောအသင်းများကို ပြည်နယ်သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးရဲဝင်းက ငွေသားဆုကိုလည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင်ဆုရရှိသောအသင်းများအား ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးပိုးရယ်ရန်အောင်ကငွေသားဆုကိုလည်းကောင်း၊ ပြည်နယ်လူမှုရေးဝန်ကြီး ဦးကိုရယ်ကပထမရရှိသော အသင်းများအား တံခွန်စိုက်ဒိုင်းဆုကိုလည်းကောင်း အသီးသီးဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်ပြန်/ဆက်**

## ထာဝရပုသိမ်နှင့် ရုပ်ရှင်သရုပ်ဆောင်အသင်းတို့ တိုင်းဆေးရုံကြီးရန်ပုံငွေ ဘောလုံးပွဲ ယှဉ်ပြိုင်

**ပုသိမ်၊ ဇန်နဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ တိုင်းဆေးရုံကြီးရန်ပုံငွေ ဘောလုံးပွဲကို ဇန်နဝါရီ ၁၈ ရက် တနင်္ဂနွေနေ့ ညနေပိုင်းတွင် ပုသိမ်မြို့ ကျောက်တိုင်အားကစားကွင်း၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်ကိုယ်တိုင် ပါဝင်ဆင်နွှဲသည့် ထာဝရပုသိမ်ဘောလုံးအသင်းနှင့် ရုပ်ရှင်သရုပ်ဆောင် ရာဇာနေဝင်း၊ ကျော်ရဲအောင်၊ အောင်ရဲလင်း၊ ဒါရိုက်တာကိုပေါက်၊ ဒါရိုက်တာကျော်ဇောလင်း တို့ပါဝင်သော ဘောလုံးအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ ရုပ်ရှင်သရုပ်ဆောင် ဘောလုံးအသင်းက ထာဝရပုသိမ်အသင်းကို သုံးဂိုး- နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အဆိုပါဘောလုံးပွဲ အကြိုကွင်းဖွင့်ပွဲအခမ်းအနား၌ သရုပ်ဆောင် သဥ္ဇာဝင့်ကျော်၊ ယွန်းရွှေရည်၊ အိတုန်၊ ဖူးပွင့်သခင်တို့က တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြရာ အားကစားဝါသနာရှင်များက ကွင်းလုံးပြည့်မျှ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ပုသိမ်(လှကြည်)**

# ကွင်းလယ်လူမိုဒရစ် တစ်လအတွင်း ပြန်ကစားနိုင်မည်ဟု အန်ဆယ်လ်လော့တီပြောကြား



ရီးယဲလ်မက်ဒရစ်ကွင်းလယ် ကစားသမား လူကာမိုဒရစ်သည် ပေါင်ခြံဒဏ်ရာရရှိခဲ့ခြင်းကြောင့် နိုဝင်ဘာလကတည်းက ရီးယဲလ်မက်ဒရစ်အသင်းနှင့် ပွဲထွက်ကစားနိုင်ခြင်း မရှိခဲ့ဘဲ လွဲချော်ခဲ့ရသည်။ သို့သော် လက်ရှိတွင်မူ ဒဏ်ရာမှ ပြန်လည်သက်သာလာပြီဖြစ်သောကြောင့် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ တစ်လအတွင်း ပြန်လည်ပွဲထွက်လာနိုင်တော့မည်ဖြစ်ကြောင်း ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ အန်ဆယ်လ်လော့တီက ပြောကြားလိုက်သည်။

ကွင်းလယ်ကစားသမား လူကာမိုဒရစ်သည် နိုဝင်ဘာလအတွင်းက အီတလီအသင်းနှင့် ခရိုအေးရှားအသင်း တို့ယှဉ်ပြိုင်ကစားခဲ့သည့် ယူရို ၂၀၁၆ ဝင်ခွင့်ပြိုင်ပွဲတွင် ပေါင်ခြံဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ထိုသို့ ရီးယဲလ်မက်ဒရစ် အသင်းနှင့်အတူ လူကာမိုဒရစ်မပါဝင်နိုင်ခြင်းကြောင့် မိုဒရစ်၏နေရာတွင် စပိန်ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သူ အစ္စကိုအား ထည့်သွင်းအသုံးပြုခဲ့ခြင်း ဖြစ်သည်။

လူကာမိုဒရစ်သည် ရှော်လ်ကေးအသင်းနှင့် ကစားမည့် ချန်ပီယံလိဂ်(၁၆)သင်းအဆင့်တွင် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ပြန်လည်ပါဝင်လာနိုင်မည်ဖြစ်ပြီး ချန်ပီယံလိဂ်(၁၆)သင်းအဆင့် ပထမအကျော့ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၈ ရက်တွင် လည်းကောင်း၊ ချန်ပီယံလိဂ်(၁၆)သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်ကို မတ် ၁၀ ရက်တွင် လည်းကောင်း ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

လူကာမိုဒရစ် အသင်းနှင့်အတူ ပြန်လည်ပါဝင်လာရန် အနည်းဆုံး တစ်လအနားယူရဦးမည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၈ ရက်က ဂီတာဖေးအသင်းအား သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်အပြီး ပြုလုပ်ခဲ့သည့် သတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်အတွင်း စပိန်လာလီဂါတွင် ၂၂ ပွဲဆက်တိုက် ရှုံးပွဲမရှိ စံချိန်တင်နိုင်ခဲ့သော်လည်း ၂၀၁၅ အစပိုင်းတွင် ရှုံးပွဲများကြုံတွေ့ခဲ့ပြီး စပိန်ဘုရင့်ဖလားပြိုင်ပွဲတွင်လည်း မြို့ခံပြိုင်ဘက် အက်သလက်တီကိုကို ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်လိုက်ရသည်။

**(ငွေကြယ်)**

## အာဆင်နယ်အားရှုံးနိမ့်ခဲ့သော်လည်း ချယ်လ်ဆီးကို အနိုင်ကစားကာ ဖလားရယူမည်ဟု ပယ်လီဂရီနီဆို

မန်စီးတီးအသင်းနည်းပြ ပယ်လီဂရီနီသည် အိမ်ကွင်း အီတီဟက်ဒ်တွင် အာဆင်နယ်အသင်းအား နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သော်လည်း စတမ်းဖို့ဒ်ဘရစ်ချ်တွင် ယှဉ်ပြိုင်ကစားမည့် ချယ်လ်ဆီးအသင်းနှင့် ပွဲစဉ်တွင် အနိုင်ကစားကာ ပရီမီယာလိဂ်ဖလားကိုအရယူသွားမည်ဖြစ်ကြောင်းပြောကြားလိုက်သည်။

မန်စီးတီးအသင်းသည် အာဆင်နယ်အသင်းအား ကာဇိုလာနှင့် အိုလီဗာဂီရောက်တို့၏ သွင်းဂိုးများကြောင့် အိမ်ကွင်းရှုံးပွဲကြုံခဲ့ရပြီး ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်က ချယ်လ်ဆီးအသင်း၏ ငါးမှတ်ဖြတ်ခြင်းကိုလည်း ခံထားရသည်။

ချယ်လ်ဆီးအသင်းသည် ဆွမ်ဆီးအသင်းအား ငါးဂိုးပြတ်အနိုင်ရရှိလိုက်ခြင်းကြောင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

မန်စီးတီးအသင်းနည်းပြ ပယ်လီဂရီနီသည် ချယ်လ်ဆီးအသင်းနှင့် ကစားမည့်ပွဲစဉ်မှာ အရေးပါသည့် ပွဲစဉ်တစ်ပွဲဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

## အာဆင်နယ်အသင်း ဝေဖန်မှုများကို အကောင်းဆုံးတုံ့ပြန်ခဲ့ဟု ဝင်းဂါး ပြောကြား



အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးက မန်စီးတီးအသင်းကို အနိုင်ယူ၍ ဝေဖန်မှုများကို အကောင်းဆုံး တုံ့ပြန်အဖြေရှာပေးခဲ့ပြီး ယမန်နှစ် ရလဒ် ၆-၃ ဂိုးဖြင့် ရှုံးနိမ့်ခဲ့မှုနှင့် နှိုင်းယှဉ်ပါကလည်း ခံစစ်ကို အကောင်းဆုံးတည် ဆောက်နိုင်ခဲ့သည်ဟု ပြောကြားခဲ့သည်။

ဗြိတိန်၏ နာမည်ကျော် ဘောလုံးသုံးသပ်သူ မစ္စတာတြိဗာဆင်ကတဲက "တနင်္ဂနွေနေ့က အီးတီးဟဒ်ကွင်းမှာ ကစားတဲ့ပွဲမှာဆိုရင်ဝင်းဂါးက သူ့ရဲ့အသင်းကို အခါတိုင်းလို အဝေးကွင်းမှာ တိုက်စစ်ဖွင့်မကစားစေဘဲ ခံစစ်ကို သေသေချာချာပြင်ဆင်ပြီး ပေးဂိုးလုံးဝမရှိအောင် ကစားစေခဲ့တယ်။ ဒါက သူတို့အသင်းအတွက် ကောင်းခြင်းနိမိတ် တွေကိုစတင်ယူဆောင်လာနိုင်ပြီလို့ ကျွန်တော်ထင်တယ်"ဟု ပြောကြားခဲ့သည်။

ယင်းအနိုင်ပွဲကြောင့် အာဆင်နယ်အသင်းသည် အမှတ်ပေးဇယား၏ ပဥ္စမနေရာတွင် ဆက်လက်တည်ရှိနေသော်လည်း စတုတ္ထနေရာရှိ မန်ယူအသင်းနှင့် တစ်မှတ်သာ ကွာဟတော့ရာ ချန်ပီယံလိဂ်ဝင်ခွင့် နေရာအတွက် အမှတ်လိုအပ်ချက်ကို အတိုင်းအတာတစ်ခုထိ လျှော့ချနိုင်ခဲ့သည်။ သို့သော် မန်စီးတီးမှာမူ ဦးဆောင်သူ ချဲလ်ဆီးအသင်းနှင့် ငါးမှတ်အထိ ကွာဟသွားခဲ့ပြီဖြစ်ရာ ဇန်နဝါရီလ ၃၁ ရက်တွင် ကစားမည့် အဝေးကွင်းပွဲစဉ်တွင် ချဲလ်ဆီးကို မဖြစ်မနေ အနိုင်ကစားရတော့မည်ဖြစ်သည်။

ဝင်းဂါးက "ကျွန်တော်တို့အနေနဲ့ တကယ်ကို စုစုစည်းစည်းနဲ့ တစ်ပွဲလုံး ကောင်းကောင်းထိန်းချုပ်ကစားနိုင်ခဲ့တယ်။ လာမယ့်လတွေမှာလည်း အကောင်းဆုံးကစားနိုင်အောင် ကြိုးစားရမယ်။ ဒါက ဒီဘောလုံးရာသီအတွက် တကယ်ကို အဆုံးအဖြတ်ကာလ ဖြစ်လာတော့မှာဆိုတော့လေ"ဟု ပြောကြားခဲ့သည်။

မန်စီးတီး၏ ယခုပွဲအားနည်းချက်မှာ ယာယာတိုရေး၏ နေရာတွင် ကောင်းစွာ ဖြည့်ဆည်းကစားပေးနိုင်မည့် ကစားသမားမရှိရာ တည်ကန်ဘောများမှ နှစ်ဂိုးစလုံး ပေးခဲ့ရသည်။



အမေရိကန်သမ္မတကတော် မစ်ရှဲလ်အိုဘားမား၏၅၁နှစ်ပြည့်မွေးနေ့ကို အိမ်ဖြူတော်တွင် ကျင်းပခဲ့ရာ အမေရိကန်နာမည်ကြီးအနုပညာရှင်များလည်းလာရောက်ဖျော်ဖြေပေးခဲ့ကြသည်။ မစ်ရှယ်လ်ကို အီလီနွိုက်ပြည်နယ် ချီကာဂိုမြို့တွင်၁၉၆၄ခုနှစ် ဇန်နဝါရီ(၁၇)တွင်မွေးဖွားခဲ့ပြီး အမေရိကန်ပြည်ထောင်စု၏ ပထမဆုံးလူမည်းသမ္မတကတော်ဖြစ်သည်။

## ယခုနှစ်အတွက် လူကြိုက်အများဆုံးစာရင်းတွင် လီမင်ဟိုထိပ်ဆုံး၌ရပ်တည်



၂၀၁၅ ခုနှစ်အတွက် ကိုရီးယားနိုင်ငံ၏ လူကြိုက်အများဆုံးသော အနုပညာရှင်များ စာရင်းတွင် မင်းသားချော လီမင်ဟိုထိပ်ဆုံးနံပါတ်တစ်နေရာ၌ ရပ်တည်လျက်ရှိကြောင်း သိရသည်။ မင်းသားလီမင်ဟိုကို ၁၉၈၇ ဇွန် ၂၂ ရက်၌ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် မွေးဖွားခဲ့သည်။

Boys Over FlowerS ဟူသော ဇာတ်လမ်းတွဲတွင် ဂူဂျွန်ဖြိုဟူသော ဇာတ်ကောင်အနေဖြင့် သရုပ်ဆောင်ရာမှ နာမည်ကျော်ကြားလာခဲ့သည်။ ယင်းဇာတ်ကားတွင် သူသည် Personal Taste ဟူသော ဇာတ်လမ်းတွဲတွင်လည်း အဓိကသရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သည်။

ယခုလက်ရှိ Gangnam Blues အမည်ရှိ ရုပ်ရှင်ဇာတ်ကားသစ်ကို ရိုက်ကူးလျက်ရှိပြီး ယင်းဇာတ်ကားတွင် ၁၉၇၀ ပြည့်နှစ်က ဆိုးလ်မြို့တောင်ပိုင်း Gangnam ပြည်နယ် ဖွံ့ဖြိုးတိုးတက်လာစဉ် နိုင်ငံရေးမငြိမ်မသက်မှုများကြောင့် သူငယ်ချင်းနှစ်ယောက် တိုက်ပွဲဖြစ်ရပုံအကြောင်းကို ရိုက်ကူးတင်ပြထားသည်။ ယင်းဇာတ်ကားတွင် လီမင်ဟိုနှင့် ကင်တေဝန်းတို့က ပါဝင်သရုပ်ဆောင်ထားပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် ဖြန့်ချိမည်ဖြစ်ကြောင်းလည်း သိရသည်။

## မိုက်ကယ်လ်မိုးက စနိုက်ပါသမားများကို သူရဲဘောကြောင်သူများဟုဆို

ဟောလိဝုဒ်နာမည်ကြီးဒါရိုက်တာ မိုက်ကယ်လ်မိုးက လက်ဖြောင့်သေနတ်သမားများ(စနိုက်ပါ)များအပေါ် ၎င်းထင်မြင်ယူဆချက်နှင့်ပတ်သက်၍ တွစ်တာစာမျက်နှာပေါ်တွင် ရေးသားထားသည်။ မိုးက "လက်ဖြောင့်သေနတ်သမားတွေက ကျွန်တော့်စိတ်အထင် သူရဲကောင်းတွေ မဟုတ်ဘူး။ ငကြောက်တွေပါ။ ဒုတိယကမ္ဘာစစ်အတွင်းက ကျွန်တော့်ဦးလေးတစ်ယောက်က သူတို့ရဲ့ လက်ချက်နဲ့ အသက်ဆုံးရှုံးခဲ့ရတယ်။ နောက်ကနေ ချောင်းမြောင်းပစ်တယ်ဆိုတာ သူရဲကောင်းတွေရဲ့ အလုပ်မှ မဟုတ်တာ"ဟု ၎င်းက တွစ်တာစာမျက်နှာပေါ်တွင် ရေးသားထားသည်။

ဆက်လက်၍ ၎င်းက အော်စကာဆန်ခါတင်ခြောက်ကားစာရင်းဝင် "American Sniper" ကားသည်လည်း အကယ်ဒမီဆုနှင့် အမှန်တကယ်ထိုက်တန်မှု ရှိ၊ မရှိဆိုသည်ကို ပိုမိုစဉ်းစားရန် လိုအပ်နေပြီဟု ဆက်လက်ရေးသားထားသည်။

မင်းသားဘရက်ဒလေကူးပါး ခေါင်းဆောင်ပါဝင်ထားသော အဆိုပါဇာတ်ကားသည် အမေရိကန်စစ်သမိုင်းတွင် အထင်ရှားဆုံးသော လက်ဖြောင့်သေနတ်သမား ခရစ္စခိုင်းလ်အကြောင်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသော ဇာတ်ကားဖြစ်ပြီး အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆု ရရှိရန် ရေပန်းစားနေသည်။

ယင်းအမေရိကန်စနိုက်ပါဇာတ်ကားကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် စတင်ရုံတင်ပြသခဲ့ရာ ယခုနှစ် ဇန်နဝါရီ တတိယပတ်အထိ ဝင်ငွေ အမေရိကန်ဒေါ်လာ ၉၀ ဒသမ ၂ သန်းရရှိထားရာ ၂၀၁၀ ဇန်နဝါရီလအတွင်း နာမည်ကြီးဒါရိုက်တာ ဒေးဗစ်ကင်မရွန်း၏ Avatar ဇာတ်ကားရရှိခဲ့သည့် ဝင်ငွေအမေရိကန်ဒေါ်လာ ၆၈ သန်းကိုများစွာ ကျော်လွန်ခဲ့ပြီးဖြစ်သည်။

## မင်းသားဟွန်ဘင်၏ ၂၀၁၅ဇာတ်လမ်းတွဲသစ်

မြန်မာပရိသတ်အကြိုက် Snow Queen, Secret Garden ဇာတ်လမ်းတွဲများမှ မင်းသား ဟွန်ဘင်သည် စစ်မှုထမ်းကာလ ပြီးဆုံးပြီးနောက် ပထမဆုံး ဇာတ်လမ်းတွဲအဖြစ် Hyde, Jekyll, Me ကို ရိုက်ကူးထားရာ ဇန်နဝါရီ ၂၁ ရက်မှ မတ် ၂၆ ရက်ထိ အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် ကြာသပတေးနေ့တိုင်း SBS မှ ထုတ်လွှင့်ပေးသွားမည်ဖြစ်သည်။

ယင်းဇာတ်ကားတွင် ဟွန်ဘင်သည် အေးစက်သည့် စရိုက်ရှိသူ ကိုစီဂျင်အဖြစ်လည်းကောင်း၊ ဖော်ရွေပျူငှာစွာနေတတ်သည့် ရော်ဘင် အဖြစ်လည်းကောင်း ကွဲကွဲပြားပြားသရုပ်ဆောင်နိုင်ခဲ့သည်။ ရောဘတ်လူဝစ်စတီဗင်ဆင်၏ နာမည်ကြီးဝတ္ထုဖြစ်သော ဒေါက်တာဂျက်ကေးနှင့် မစ္စတာဟိုက်ကို မှီငြမ်းကာ ကင်ဂျေဝန်းက ဇာတ်အိမ်ဖွဲ့ထားသော ဇာတ်လမ်းဖြစ်သည်။

ဒါရိုက်တာ ဂျိုယောင်ဂွမ်း၏ အပိုင်း ၂၀ ပါဝင်သော အဆိုပါ ဇာတ်လမ်းတွဲတွင် မင်းသား ဟွန်ဘင်က လူတစ် ယောက်တည်းမှ စရိုက်နှစ်မျိုးဖြစ်နေသည့်အသွင် ထူးထူးခြားခြား သရုပ်ဆောင်ထားကာ မင်းသမီး ဟန်ဂျီမင်း၊ ဆန်ဂွန်း၊ ဟေးရီတို့လည်း အားဖြည့်ပါဝင်သရုပ်ဆောင်ထားကြသည်။ အချစ်ဟာသ ဇာတ်လမ်းတွဲအမျိုးအစား ဖြစ်သော ယင်းဇာတ်လမ်းတွဲကို မပြသမီကပင် အာရှပရိသတ်များက အထူးစိတ်ဝင်စားနေသည်။



## နိုဘယ်-မြန်မာစာပေပွဲတော် အောင်မြင်စွာကျင်းပ

နိုဘယ်မြန်မာ စာပေပွဲတော်၏ ပထမညဖြစ်သော ဇန်နဝါရီ ၁၇ ရက် ညပိုင်းတွင် စာရေးဆရာများကိုယ်တိုင် ပါဝင်သရုပ်ဆောင်တင်ဆက်ထားသောမဟာဆန်ချင်သူ ပြဇာတ်ကို စတင်ကပြခဲ့ရာ ပရိသတ်များဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

မဟာဆန်ချင်သူပြဇာတ်ကို ဆရာကြီးဇော်ဂျီ ဘာသာပြန်ထားပြီး ဆရာ ချစ်ဦးညိုက ဇာတ်ညွှန်း ရေးပေးခဲ့ခြင်းဖြစ်ကာ ဦးဘုန်း(ဓာတု)၊ မောင်သာချို၊ မောင်လှမျိုး(ချင်းချောင်းခြံ)၊ လွမ်းဝေနိုင်၊ ရွှေကူမေနှင်း၊ အရိုးနှင့် စာရေးဆရာများ ပါဝင်ကပြခဲ့ကြသည်။ ယင်းပြဇာတ်မှာ ဘုရင်ရူး ရူးနေသော သူဌေးတစ်ယောက် မဆိုင်သည့်အလုပ်များ ဝင်လုပ်ရာမှ တလွဲတချော်ဖြစ်ခဲ့ရပုံကိုအကြောင်းကို သရုပ်ဖော်ထားခြင်း ဖြစ်သည်။

နိုဘယ်လ်မြန်မာ စာပေပွဲတော်ကို ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၌ ဇန်နဝါရီ ၁၇ ရက်က စတင်ကျင်းပခဲ့ကာ ပထမညတွင် မန္တလေးသိန်းဇော်၏ ကနေတဲ့ကမ္ဘာသီချင်းနှင့် စတင်ဖွင့်လှစ်ခဲ့သည်။

စာပေပွဲတော်ကို ဇန်နဝါရီ ၁၉ ရက်အထိ သုံးရက်ကြာ ကျင်းပခဲ့ခြင်းဖြစ်ပြီး မွန်းလွဲပိုင်းတွင် စာပေဟောပြောပွဲ၊ ဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲများ၊ ငြိမ်းချမ်းရေး ကာတွန်းပြပွဲ၊ ဓာတ်ပုံပြပွဲ၊ ကဗျာ ရွတ်ပွဲ၊ စာအုပ်စာပေ ပြခန်းများနှင့် စာအုပ်ဈေးပွဲတော်များ ပါဝင်ခဲ့ကာ ညပိုင်းတွင် ငြိမ်းချမ်းရေး ဂီတဖျော်ဖြေပွဲ၊ အငြိမ့်ပွဲ၊ အော်ပရာ၊ တစ်ခန်းရပ်ပြဇာတ်နှင့် စာရေးဆရာ၊ ဆရာမများ ကိုယ်တိုင်ပါဝင် သရုပ်ဆောင်ထားသော ပြဇာတ်များကို တင်ဆက်ခဲ့သည်။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

**၂၀-၁-၂၀၁၅ (အင်္ဂါနေ့)**

| | | | |
|---|---|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ် | ၇း၂၀ | မြန်မာရုပ်သံဇာတ်လမ်း "ပန်းနုသွေး"(အပိုင်း-၁၁) |
| ၉း၀၀ | MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော့်ရဲ့နှလုံးသား" (အပိုင်း-၈၅) | ၈း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော့်ရဲ့နှလုံးသား" (အပိုင်း-၈၆) |
| ၁၁း၅၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နတ်ဆေးသမားတော်" (အပိုင်း-၆၀) | ၉း၂၀ | MRTV-4 ရုပ်သံဇာက်လမ်းတွဲ "နတ်ဆေးသမားတော်" (အပိုင်း-၆၁) |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ပန်းနုသွေး"(အပိုင်း-၁၀) | ၉း၅၅ | သုံးရာသီ Myanmar Music Award ဆောင်းရာသီ Myanmar Top Songs |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းတစ်ပွင့်ရဲ့ ဒဏ္ဍာရီ" (အပိုင်း-၁၁၈) | ၁၁း၁၅ | ယာဉ်တိုက်မှုကြောင့် သေဆုံး၊ ဒဏ်ရာရသူများ အမှတ်တရနေ့ |

## မြဝတီရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

**၂၀-၁-၂၀၁၅ (အင်္ဂါနေ့)**

| | | | |
|---|---|---|---|
| ၆း၀၃ | တရားတော် | | မာရီမာ (အပိုင်း-၉၉) |
| ၈း၁၀ | စိုက်ပျိုးသုတ | ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာကလမ်း ကြမ္မာခါးခါး (အပိုင်း-၂၉) |
| ၈း၂၅ | မြတ်နိုးစရာရိုးရာလက်မှုပညာ | | |
| ၈း၃၅ | ခရီးလည်းသွား စကားလည်းဆို | ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာကလမ်း -ဂန္ဓဝင်အချစ်နဲ့တော်ဝင်စည်တော် အပိုင်း(၄၉) (ဇာတ်သိမ်းပိုင်း) |
| ၉း၀၀ | တည်ဆောက်ပြုပြင်မြို့တော်တစ်ခွင် | | |
| ၄း၂၅ | အလွမ်းတေးပန်းချီချစ်သူဆီ | | ရသစုံလင်ရုပ်မြင်ဇာကလမ်း -ဘဝအားမာန် အပိုင်း(၄၂) |
| ၅း၀၀ | သာယာသီကြွေးခေတ်ဆန်းတေး | | |
| ၅း၁၅ | ရသစုံလင်ရုပ်မြင်ဇာကလမ်း | | |

## Entertainment Channel

**၂၀-၁-၂၀၁၅ (အင်္ဂါနေ့)**

| | | | |
|---|---|---|---|
| | -လွင်မိုးခရီးသွားနေသည် (မြိတ်ကျွန်းစုများဆီသို့) (အပိုင်း-၉) | ၈း၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ခေတ်တစ်ခေတ်ရဲ့ကြေးမုံသွင်" (အပိုင်း-၂၈) |
| ၆း၂၅ | ဝတ်မှုံတေးဂီတဖျော်ဖြေခန်း (အပိုင်း-၃) | ၉း၂၀ | တေးဂီတအစီအစဉ်(စတီရီယို) |
| ၆း၄၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဒဏ္ဍာရီထဲကတေးကဗျာ" (အပိုင်း-၁၄) | ၉း၃၀ | ပြည်သူ့နီတိ"အတွင်းစိတ်" |
| | | ၉း၅၀ | China In Myanmar Cultural Show |
| ၇း၃၅ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ (ခိုင်သင်းကြည်) | ၁၀း၁၀ | မြန်မာဗီဒီယိုဇာတ်လမ်း "လူပျိုကြီးတော့မဖြစ်ချင်ဘူး" (ခန့်စည်သူ၊ နဝရတ်၊ ဆုပန်ထွာ) (ဒါရိုက်တာ-အောင်သြဘာ) |
| ၇း၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ခေတ်တစ်ခေတ်ရဲ့ ကြေးမုံသွင်" (အပိုင်း-၂၇) | | |

**တစ်နေ့(၆)နာရီစာ(၄)ကြိမ် ပြသပါမည်။**

## မြန်မာ့ရုပ်မြင်သံကြား New Channel

**၂၀-၁-၂၀၁၅ (အင်္ဂါနေ့)**

| | | | |
|---|---|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် | | (အပိုင်း-၂၁) |
| | | ၃း၃၅ | လူမှုစီးပွားမြင်ကွင်းများ |
| ၆း၂၅ | ကျန်းမာဖို့ အတူကစားစို့ | ၅း၄၀ | ပြည်သူတို့ရဲ့စကားသံများ |
| ၆း၃၅ | "ထူးမြတ်ပါသည်ဒါနပါရမီ" | ၅း၅၀ | စက်မှုတက္ကသိုလ်ရွှေရတုခရီး (၁၉၆၄-၂၀၁၄) |
| ၇း၃၅ | လူမှုစီးပွားမြင်ကွင်းများ | | |
| ၁၂း၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဂုဏ်ရည်မတူတဲ့အချစ်" | ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |

**MYANMAR INTERNATIONAL**

**Programme in Brief**

**(20-1-2015) (Tuesday)**

- Local News
- World News
- Chorl Dance(Duel)
- Porcelin and Glass
- Photographer;Kyaw Win Hlning
- Traditional Handicrfts from the Golden land
- Sticdy Shan Snack
- History And Mystery Behind The Caves
- School for the Blind
- Chef Life "Kyi Soe"
- Myanmar Railways City Circular Train

# အင်တာနက်ဝက်ဘ်ဆိုက်များ ဖန်တီးကြမလား




**à ulNGuG(wmwuúdf**

ယနေ့ခေတ်တွင် အင်တာနက်သည်လူသား အားလုံးတို့နှင့် မလွဲမရှောင်သာ ပတ်သက်လာသည့် ကမ္ဘာ့ဆက်သွယ်ရေးကွန်ရက် ဖြစ်လာသည်။ အင်တာနက်ချိတ်ဆက်ထားသော နေရာဒေသမရွေး၊ အချိန်အခါမရွေး အချိန်တိုအတွင်း ဝင်ရောက်အသုံးပြုနိုင်ခြင်း၊ ဆက်သွယ်နိုင်ခြင်းက အင်တာနက်၏ အားသာချက်ဖြစ်သည်။ အင်တာနက်သုံးစွဲမှု များပြားလာသည်နှင့်အမျှ အင်တာနက်ဝက်ဘ်ဆိုက်များ၏ အခန်းကဏ္ဍသည် အရေးပါလာသည်။ ကမ္ဘာတစ်ဝန်းမှ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများသည် မိမိတို့တင်ပြလိုသော အကြောင်းအရာများကို ကမ္ဘာတစ်ဝန်းသို့ မိမိပိုင်ဝက်ဘ်ဆိုက်မှနေ၍ အချိန်တိုအတွင်းစာများ၊ ပုံများဖြင့် တင်ပြလာကြသည်။ လူသားတို့အတွက် တန်းတူကြည့်ရှုခွင့်၊ လေ့လာခွင့်၊ သင်ယူခွင့် အခွင့်အရေးရရှိစေသော အင်တာနက်သည် ဝါဒဖြန့်ချိရာ၊ ဆွေးနွေးအကြံဉာဏ် ယူရာနေရာအဖြစ် အသုံးချနိုင်သလို စီးပွားရေးသမားများအတွက် ဈေးသက်သာစွာဖြင့် မိမိတို့၏ ကုန်ပစ္စည်းများကို ကြော်ငြာနိုင်ခွင့်ရှိသည်။ နှစ်ဆယ့်လေးနာရီပတ်လုံး ကမ္ဘာတစ်ဝန်းတွင် ရုံးခန်းဖွင့်အလုပ်လုပ်နိုင်သည့်သဘောဖြစ်သည်။ လူငယ်များအတွက် ပညာသင်ကြားခြင်း၊ လေ့လာခြင်းများကို ဝက်ဘ်ဆိုက်မှတစ်ဆင့် ပြုလုပ်နိုင်သည်။ နိုင်ငံတကာ ပညာရေးစနစ်နှင့် ဘာသာရပ်များကိုလည်း လေ့လာကြည့်ရှုနိုင်မည်ဖြစ်သည်။ ထို့ကြောင့် အင်တာနက် ဝက်ဘ်ဆိုက်ဖန်းတီး လွှင့်တင်မှုများသည် ယခုနောက်ပိုင်း များစွာတွေ့လာရသည်။

အင်တာနက်တွင် ငွေကြေးမကုန်နိုင်သည့် ဘလော့ဖန်တီးမှုများ၊ ဖေ့စ်ဘွတ်ကဲ့သို့ လူမှုကွန်ရက်ဆိုက်များ အသုံးပြုကြသည်ကိုလည်းတွေ့ရသည်။သို့သော် ပရော်ဖက်ရှင်နယ်ကျကျ အသုံးပြုရန်အတွက်မူဝက်ဘ်ဆိုက်တစ်ခု ဖန်တီးဖို့လည်း လိုအပ်ပါလိမ့်မည်။ ပြည်တွင်းတွင်လည်း ယခုအခါ အင်တာနက်ဝက်ဘ်ဆိုက်ဖန်တီးမှုများပြားလာနေပြီဖြစ်သည်။

ဝက်ဘ်ဆိုက်တစ်ခုဖန်တီးတော့မည်ဆိုလျှင် ပထမ doaminname ကိုစဉ်းစားရမည်ဖြစ်သည်။ မိမိဒိုမိန်းနိမ်း(ဥပမာ www.aaa.com) သည် မိမိလုပ်ငန်းအတွက် အင်တာနက်ပေါ်မှ ကိုယ်စားပြုလိပ်စာဖြစ်ပြီး အဆိုပါအမည်သည်လွန်ကဲစွာ မရှည်လျားသင့်ဘဲ လူအများ၏နှုတ်တွင် အလွယ်တကူ ခေါ်ဝေါ်နိုင်သည့် အမည်မျိုးဖြစ်သင့်သည်။

အမည်ကိုသက်ဆိုင်ရာ နိုင်ငံကိုယ်စားပြု (eg. .mm,.sg,.uk) ရွေးချယ်နိုင်သလို top level domain(.com,.org,.edu,.net) များကိုလည်းရွေးချယ်နိုင်သည်။ ထို့နောက်တွင်မူ အဆိုပါဝက်ဘ်ဆိုက်ထားရှိရန် hosting ပြုလုပ်ရပေလိမ့်မည်။ hosting ဝယ်ယူရာတွင် မိမိအသုံးပြုမည့်ဒေတာပမာဏထက် ပိုမိုဝယ်ယူထားမှသာ အဆင်ပြေပါလိမ့်မည်။ ပြည်တွင်းရောင်းချမှုများတွင် ဒိုမိန်းနှင့် hosting တစ်နှစ်စာကို ၁၈၀၀၀မှ ၅၀၀၀၀ကျပ်ဝန်းကျင် ဖြင့်ရောင်းချသည်ကိုတွေ့ရသည်။ ဝန်ဆောင်မှုပေး ရေးသားပေးသော အဖွဲ့အစည်းတစ်ခုနှင့်တစ်ခု ဈေးနှုန်းခြင်း မတူညီကြပေ။ အချို့ကလည်း package အလိုက်ရောင်းချကြသည်ကို တွေ့ရသည်။

> **အင်တာနက်သည် ဝါဒဖြန့်ချိရာ ဆွေးနွေးအကြံဉာဏ်ယူရာနေရာအဖြစ်အသုံးချနိုင်သလို စီးပွားရေးသမားများအတွက်**

Domain and Hostingဝယ်ယူပြီးလျှင် ရေးသားမည့် နည်းပညာအဖွဲ့အစည်းသို့ အလုပ်အပ်နှံရပေမည်။ web developer အဖွဲ့အစည်းများသည် ဒေတာပမာဏလိုက်၍ လိုအပ်ချက်အလိုက် ကောက်ခံကြသည်ကို တွေ့ရသည်။ ဆိုက်တစ်ခုကို နှစ်သိန်း၊ သုံးသိန်းမှ ၁၀ သိန်း၊ ၁၅ သိန်း အထိရပြီး ပုံမှန်ဆိုက်အဆင့်များသာ ဖြစ်သည်။ ထည့်သွင်းမည့် စာများ၊ ပုံများကို ဆိုက်ပိုင်ရှင်မှ ပေးအပ်ရသည်။

အပ်နှံမည်ဆိုလျှင် ကိုယ်တိုင်ပြင်ဆင်ထည့်သွင်း၍ရနိုင်သော CMS(content man gament system)ဆိုဘ်ကိုသာ အပ်နှံကြသည်ကိုတွေ့ရသည်။ ဆိုက်အတွင်း ပြင်ဆင်ခြင်း၊ အသစ်ထည့်သွင်းခြင်းကို သက်ဆိုင်ရာ ဝန်ဆောင်မှုပေးသော ကုမ္ပဏီက သင်ကြားပေးပါလိမ့်မည်။ အင်တာနက် ကော်နက်ရှင်ကောင်းဖို့တော့လိုအပ်မည်ဖြစ်သည်။ လက်ရှိပြည်တွင်းတွင် CMS ဆိုက်များဖြစ်သော Joomla နှင့်rupal ကဲ့သို့ open source ဆော့ဖ်ဝဲကိုသာအသုံးပြုမှုများသည်။ မိမိဝက်ဘ်ဆိုက်သည် လုံခြုံရေးပိုမိုလိုအပ်လျှင် open sourceအသုံးပြုခြင်းထက် အခြားပိုမိုလုံခြုံမှုရှိသော ပုံစံဖြင့်သာ ရေးသားသင့်သည်။ ဆိုက်လွှင့်တင်သူသည် လုံခြုံရေးကိုလိုက်၍ ငွေကြေးထပ်မံ ကုန်ကျနိုင်သည်။

ဝက်ဘ်စာမျက်နှာတွင် စာများပုံများ အပြင် application များကို ထည့်သွင်းလိုပါက သီးခြားအဖိုးအခ ထပ်မံကုန်ကျမည်ဖြစ်သည်။ application အပိုင်းတွင်မှန်ကန် ကျွမ်းကျင်ရန်မှာweb developer အဖွဲ့အစည်းများအတွက် လွန်စွာအရေးကြီးသည်။

web developer ပညာရပ်များကိုသင်ယူမည်ဆိုလျှင် ပထမဆုံးwebdesign ဘာသာရပ်ကိုစတင်သင်ယူရမည်ဖြစ်သည်။ အဆိုပါဘာသာရပ်တွင် HTML, CSS, Jave script နှင့်အချို့မှာ Dreamwaver ကိုပါ ထည့်သွင်းသင်ကြားပေးကြသည်။ ထို့ပြင် ဝက်ဆိုက်နှင့် ပတ်သက်သော သိသင့်သည့်အကြောင်းအရာများ ဗဟုသုတများ နက်ပ်ဝက်ခ်အခြေခံကိုပါ သင်ကြားပေးကြသည်ကိုတွေ့ရသည်။

ဝက်ဘ်ဆိုက်တစ်ခုတွင် တင်ပြပုံအချက်အလက်ကောင်းမွန်ရုံသာမက မြင်တွေ့ရမည့် ဒီဇိုင်းသည် ဝင်ရောက်ကြည့်ရှုသူတိုင်းကို စွဲမက်ဖွယ်ဖြစ်နေသင့်ပြီး မလိုအပ်သောရုပ်တွေးမှုများ၊ လှုပ်ရှားမှုများ(animation) အလွန်အကျွံ သုံးထားခြင်း မပြုသင့်ပေ။ စာမျက်နှာတိုင်းတွင် တစ်မျက်နှာမှ အခြားစာမျက်နှာသို့ ကူးပြောင်းနိုင်ရန် link များပါရှိရန်လိုအပ်ပြီး အဖွင့်စာမျက်နှာများမှအပ ကျန်စာမျက်နှာများတွင် အကြောင်းအရာတစ်ခုသာထားရှိသင့်သည်။ ဝက်ဘ်ဆိုဘ်တစ်ခုသည် ရေးသားထားရုံနှင့်မပြီးဘဲ ဝင်ရောက်ကြည့်ရှုနိုင်စေရန် marketing ပါပြုလုပ်ပေးရပါလိမ့်မည်။ ဥပမာ မိမိ၏လုပ်ငန်းလိပ်စာ၊ ကုန်ပစ္စည်းကြော်ငြာများတွင် မိမိဒိုမိန်းလိပ်စာကို ထည့်သွင်းခြင်းပြုလုပ်ရန် လိုအပ်သည်။ ပညာရပ်လေ့လာသင်ယူသူများသည် အခြေခံအဆင့်ပြီးလျှင် CMS ပိုင်းကိုဆက်လက်လေ့လာနိုင်သည်။ ထိုမှတစ်ဆင့်PHP ASP.net ကဲ့သို့ web languague များကိုလည်း ဆက်လက်လေ့လာနိုင်မည်ဖြစ်သည်။

မကြာမီ ပြည်တွင်းတွင် နည်းပညာအခွင့်အလမ်းများကောင်းမွန်လာဖွယ်ရှိရာ အင်တာနက်ဝက်ဘ်ဆိုက်ရေးသားခြင်းဆိုင်ရာဘာသာရပ်များသည် ခေတ်စားလာဖွယ်ရှိသည်။ နယ်ပယ်အသီးသီးတွင် အင်တာနက်ဝက်ဘ်ဆိုက်များ လွှင့်တင်လာမှုများစွာ တွေ့ရှိရပေဦးမည်ဖြစ်သည်။ ။












# စိတ်ကြွရူးသွပ်ဆေးပြား၊ အိုက်စ်နှင့် ကဖင်းများဖမ်းဆီးရမိ

**တာချီလိတ်၊ ဇန်နဝါရီ ၁၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု(၁၀၂)နေပြည်တော်မှ ဒုတိယရဲမှူးအောင်ကိုနိုင် ဦးစီးအဖွဲ့နှင့် ပူးပေါင်းအဖွဲ့တို့သည် ဇန်နဝါရီ ၁၇ ရက် နံနက် ၆နာရီခွဲက တာချီလိတ်မြို့နယ် ဖန်မင်အုပ်စု ဝမ်ကောင်းမွန်းကျေးရွာရှိ ပါအိုက်(ခ) နန်းအွန်၏ နေအိမ်အား မူးယစ်ဆေးဝါးသတင်းအရဝင်ရောက်ရှာဖွေခဲ့ရာ WY စာတန်းပါ စိတ်ကြွဆေးပြား ၈၁၀ အလေးချိန် ၈၁ ဂရမ်၊ ကာလတန်ဖိုးကျပ် ၂၀ ဒသမ ၂၅ သိန်းနှင့် အိုက်စ်အဖြူရောင် ပုံဆောင်ခဲအလေးချိန် ၈ ဂရမ်၊ ကာလတန်ဖိုး ၁ ဒသမ ၈၄ ဂရမ်တို့အား ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

အလားတူ နံနက် ၈ နာရီတွင် မိုင်းကိုး အုပ်စု ရန်ကုန်(၂)ရွာရှိ နန်းပိုးခမ်း၏ နေအိမ်အား မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြား ၈၁ ပြား အလေးချိန် ၈ ဒသမ ၁ ဂရမ်၊ ကာလတန်ဖိုးကျပ် ၂ ဒသမ ဝ၂၅ သိန်းအား ရှာဖွေတွေ့ရှိခဲ့သည်။

အလားတူ နံနက် ၈ နာရီခွဲတွင် တာချီလိတ်မြို့နယ် မိုင်းကိုးအုပ်စု ရန်ကုန်(၂)ရွာရှိ အိုက်စိုင်း(ခ)နော်ခမ်း (၃၀)နှစ်၏ နေအိမ်အား ဝင်ရောက် ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြား ၁၁ ပြား အလေးချိန် ၁ ဒသမ ၁ ဂရမ်နှင့် ကဖင်းအဖြူရောင်အမှုန့် အလေးချိန်သုည ဒသမ ၈ ဂရမ်တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အိုက်စိုင်း(ခ)နော်ခမ်းနှင့် ကဖင်းရောင်းချခိုင်းခဲ့သော စိုင်းယုလိုင်(ခ)ပီဆန်(၃၇) နှစ် ရန်ကုန်(၂)ရွာ မိုင်းကိုးအုပ်စု တာချီလိတ်မြို့နယ် နေသူတို့အား အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

နံနက် ၈ နာရီ ၄၅ မိနစ်တွင် တာချီလိတ်မြို့နယ် ဖန်မင်အုပ်စု ဧဒင်ကျေးရွာရှိ မယားမီး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွဆေးပြား ၇၄ ပြား အလေးချိန် ၇ ဒသမ ၄ ဂရမ်အားတွေ့ရှိသဖြင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အသီးသီးအရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**မောင်ကြီး(တြိဂံနယ်မြေ)**



# မန္တလေး-ပြင်ဦးလွင်လမ်း ၂၄မိုင် ရှုခင်းသာအနီး ကုန်တင်ယာဉ်အရှိန်လွန်ပြီးချောက်ထဲထိုးဆင်း

**မန္တလေး ဇန်နဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ၂၄ မိုင် ရှုခင်းသာအနီး မိုင်တိုင်အမှတ် ၂၄/၆နှင့် ၂၄/၇ကြား မန္တလေး-ပြင်ဦးလွင် အဆင်းလမ်းတွင် ဇန်နဝါရီ၁၅ရက် မွန်းလွဲ၃နာရီ ၄၅မိနစ်ခန့်က မူဆယ်မှ မန္တလေးမြို့သို့ထွက်ခွာလာသော ၂၂ ဘီး ကုန်တင်ယာဉ် ၆ဂ /-- သည် အရှိန်လွန်ပြီး ၂၄ မိုင် ယာဉ်အန္တရာယ်ကင်းရှင်းရေး ပြုလုပ်ထားသော လမ်းကားတုံးများအား ဖြတ်ကျော်ကာ ချောက်အတွင်းထိုး ဆင်းသွားရာ**(အပေါ်ပုံ)** ယာဉ်အောက်တွင် ချိတ်ထားသော အပိုဘီးနှင့် တိုက်မိပြီး ရပ်တန့်သွားခဲ့သည်။ ယာဉ်ပေါ်လိုက်ပါလာသူ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် ကြီးကြပ်သူတို့ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိချေ။ ယာဉ်မောင်းအားပြင်ဦးလွင်မြို့နယ် ပြင်စာနယ်မြေရဲစခန်းက အမှုဖွင့်အရေး ယူထားကြောင်းသိရသည်။

**မောင်ပြည့်သူ(မန္တလေး)**

# လောင်းကစားပြုလုပ်သူများအား ဖမ်းဆီး

**ဒလ၊ ဇန်နဝါရီ ၁၉**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့အနေဖြင့် ဒုစရိုက်မှုများနှင့် လောင်းကစားမှုများဖော်ထုတ်ဖမ်းဆီးလျက်ရှိသဖြင့် ဒလမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် ဒလမြို့နယ် ဆာပါချောင်ကျောင်းစုရပ်ကွက်နေ မလှဲ့လှဲ့ဝင်း(ခ)လှဲ့ရည်မြင့်(၂၆)နှစ်၏ နေအိမ် နောက်ဘက်မြေကွက်လပ်၌ ဖဲလောင်းကစားနေကြောင်း သတင်းအရ ဇန်နဝါရီ ၁၇ ရက် ညနေ ၃ နာရီခွဲက သွားရောက်ဖမ်းဆီးခဲ့သည်။

ယင်းနောက် ဒလမြို့နယ်နေသူများဖြစ်သည့် မလှဲ့လှဲ့ဝင်း(ခ)လှဲ့ရည်မြင့်၊ မဝင်းခိုင်(၃၀)နှစ်၊ မဝင်းမာ(၂၈)နှစ်၊ မအငယ်မ(၂၆)နှစ်နှင့် မင်းမင်းတို့ ငါးဦးအား ဖဲချပ်များ၊ ဖဲလောင်းကစားရာတွင် အသုံးပြုသောပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၁၄၆၀၀ တို့နှင့်အတူ ဖဲလောင်းကစားနေသည်ကိုတွေ့ရှိရ၍ဖမ်းဆီးစဉ် မင်းမင်း(စုံစမ်းဆဲ)မှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ပြီး ကျန်လေးဦးအား ဖမ်းဆီးရမိခဲ့သည်။ ဖဲလောင်းကစားပြုလုပ်သူ မလှဲ့လှဲ့ဝင်း(ခ)လှဲ့ရည်မြင့်ပါ ငါးဦးအား အမှုဖွင့်အရေးယူကာ ထွက်ပြေးတိမ်းရှောင်သွားသူ မင်းမင်းအား ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(စိုးဝင်း-MLA)**

# ခိုးမှုဖြင့်မသက်သာ၍ ဖမ်းဆီးထားသူအား စစ်ဆေးရာမှ ဆိုင်ကယ်ခိုးမှု ထပ်မံပေါ်ပေါက်

**နေပြည်တော်၊ ဇန်နဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် မတ္တရာမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၇ ရက် နံနက် ၉ နာရီက သက်သေများနှင့်အတူ မတ္တရာမြို့မရဲစခန်း(ပ) ၁၈/၂၀၁၅၊ ပြစ်မှုပုဒ်မ ၃၇၉/ကျင့် ၅၄ အမှုမှ မသက်သာသူ မတ္တရာမြို့နယ် လက္ကောင်းကြီးကျေးရွာနေ သန်းမင်းထိုက်(၂၀)နှစ်အား စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ လွန်ခဲ့သောတစ်လကျော်ခန့်က မတ္တရာမြို့ ရွှေချောင်းကျေးရွာအဝင်လမ်းမပေါ်တွင် ရပ်ထားသော New Anbo-125 စိမ်း/နက်ရောင် ဆိုင်ကယ်တစ်စီးအား ခိုးယူခဲ့ကြောင်း စစ်ဆေးသိရှိရ၍ သက်သေခံပစ္စည်းအား သိမ်းဆည်းပြီး သန်းမင်းထိုက်အား မတ္တရာမြို့မရဲစခန်းက ထပ်မံအမှုဖွင့် အရေးယူထားကြောင်းသိရသည်။

**(ရဲပြန်ကြား)**

# လူတစ်ဦးရေနစ်သေဆုံး

**မန္တလေး ဇန်နဝါရီ ၁၉**

အောင်မြေသာစံမြို့နယ်(၂၄)လမ်းနှင့်(၂၅)လမ်းကြားလမ်း(၈၀)ရေပြင်တွင် ဇန်နဝါရီ ၁၅ ရက်နံနက်၈နာရီက လူတစ်ဦးရေနစ်သေဆုံးနေကြောင်း သတင်းအရ အမှတ် (၂) နယ်မြေ ရဲစခန်းမှရဲအုပ် ဇော်ဝင်းမိုးနှင့်အဖွဲ့ သွားရောက်စစ်ဆေးရာအမည်မသိ အသက်(၃၅)နှစ်ခန့် အမျိုးသားတစ်ဦး ပြင်ပဒဏ်ရာတစ်စုံတစ်ရာ မရှိဘဲရေနစ်သေဆုံးနေကြောင်း သိရသည်။

**မောင်စေတနာ(မန္တလေး)**

**ကျေးဇူးဆပ်ပါမည်**

ကျွန်မ ဒေါ်သီတာမြင့် (ခ) တင်တင်လှ မှတ်ပုံတင်အမှတ်[၁၂/ကတတ(နိုင်)၀၁၀၈၄၉] ကိုင်ဆောင်သူ၏ ခရီးသွား Pass Port နှင့် အခြားစာရွက်စာတမ်းများ ပျောက်ဆုံးသွားပါ၍ လက်ခံရရှိထားသူများ Ph: 09-250085362 သို့ ဆက်သွယ်ပေးပါရန်။

ဒေါ်သီတာမြင့်(ခ)တင်တင်လှ

































# ကျေးလက်ဒေသဖွံ့ဖြိုးရန် ကျေးရွာချင်းဆက် တံတားနှစ်စင်း ဆောက်လုပ်ပြီးစီး

**ကလေး၊ ဇန်နဝါရီ ၁၉**

ကလေးမြို့နယ် ကျောက်ပြုတ်-ကျောက်ဆည် ကျေးရွာချင်းဆက်တံတားနှင့် ကျောက်ပြုတ်-မန္တာ ကျေးရွာချင်းဆက်တံတားနှစ်စင်းအား ကလေးမြို့နယ် မြစ်သာမြစ်အရှေ့ဘက်ခြမ်းရှိ ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရန်နှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ စီစဉ်လမ်းညွှန်မှုဖြင့် ဆောက်လုပ်လျက်ရှိရာ ယခုအချိန်တွင် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကျောက်ပြုတ်-ကျောက်ဆည်တံတားနှင့် ကျောက်ပြုတ်-မန္တာ တံတားနှစ်စင်းတို့သည် အရှည် ၄၀ ပေ၊ အကျယ် ၁၅ ပေ၊ အမြင့် ၁၂ ပေ နှင့် ကျောက်ရိုးစီ၊ သံပေါင်ရက်မ၊ သစ်သားတံတားများအဖြစ် ဆောက်လုပ်လျက်ရှိပြီး ပြည်နယ်/ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (ဖဖရ) မုံရွာ၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေမှ တံတားတစ်စင်းလျှင် ကျပ်သန်းပေါင်း ၂၁ ဒသမ ၂၃၂၅ သန်းစီ အကုန်အကျခံလျက် ၂၀၁၄ ခုနှစ် မတ် ၃ ရက်က တံတားနှစ်စင်းလုံး စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ယင်းတံတားနှစ်စင်းဆောက်လုပ်ပြီးစီးမှု၊ မြစ်သာမြစ်အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်း ဆက်သွယ်သည့် ကျေးလက်ဒေသ မြေသားလမ်းမပေါ်ရှိ ချောင်းဖြတ်တံတားသစ်များ ထပ်မံဆောက်လုပ်နေမှုနှင့် ကျေးရွာချင်းဆက်လမ်းမများ ထပ်မံဖောက်လုပ်နိုင်ရန် လမ်းအူကြောင်းရှာဖွေမှုများကို ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများလိုက်ပါလျက် ဇန်နဝါရီ ၁၇ ရက်တွင် လက်တွေ့ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

လမ်းပန်းဆက်သွယ်ရေးအလွန်ခက်ခဲသည့် အဆိုပါကျေးလက်ဒေသများအတွက် ကျေးရွာချင်းဆက်မြေသားလမ်းများ ဖောက်လုပ်ပေးခြင်း၊ ချောင်းဖြတ်တံတားများဆောက်လုပ်ပေးခြင်းအားဖြင့် ကျေးရွာနေပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ လူမှုရေးနှင့် ကျန်းမာရေးတို့တွင် ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုလာမည်ဖြစ်ကြောင်း သိရသည်။

**ဂျိုးနက်**

## ဗို့အားပြည့်ဝစွာသုံးစွဲနိုင်ရေးအတွက် 160 KVA ထရန်စဖော်မာ သုံးလုံး ဓာတ်အားချိတ်ဆက်တပ်ဆင်ပေး

**သုံးခွ၊ ဇန်နဝါရီ ၁၉**

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆန်းနှင့် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများက လျှပ်စစ်သုံးစွဲသူပြည်သူများအား လျှပ်စစ်အန္တရာယ်ကင်းရှင်းစေပြီး လျှပ်စစ်ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းစေရေး၊ ဗို့အားပြည့်ဝစွာသုံးစွဲနိုင်ရေးတို့အတွက် 160 KVA ထရန်စဖော်မာ သုံးလုံးကို ဓာတ်အားချိတ်ဆက်တပ်ဆင်၍ ပေးလွှတ်ပြီးဖြစ်ကြောင်းသိရသည်။

ယင်းထရန်စဖော်မာသုံးလုံးကို အမှတ် ၁ ရပ်ကွက် မေတ္တာမွန်လမ်းထိပ်တွင် ဇန်နဝါရီ ၁၃ ရက်၌လည်းကောင်း၊ အမှတ် ၃ ရပ်ကွက် ကျန်စစ်လမ်းထိပ်တွင် ဇန်နဝါရီ ၁၄ ရက်၌လည်းကောင်း၊ အမှတ် ၁၁ ရပ်ကွက် စည်သူလမ်းထိပ်တွင် ဇန်နဝါရီ ၁၈ ရက် ညနေ ၄ နာရီခွဲခန့်၌လည်းကောင်း တပ်ဆင်ပေးခဲ့ပြီး လျှပ်စစ်ဓာတ်အား အောင်မြင်စွာပေးလွှတ်နိုင်ခဲ့ကြောင်း သိရသည်။

**ကြည်စိုးလွင်(သုံးခွ)**



# ရွှေချောင်းလျှပ်စစ်မြစ်ရေတင်တွင် နွေစပါးဧက ၃၅၀ ကျော် စိုက်ပျိုးမည်

**ရေစကြို၊ ဇန်နဝါရီ ၁၉**

ရွှေချောင်းလျှပ်စစ်မြစ်ရေတင် ရေသောက်ဧရိယာတွင် ယခုနှစ်၌ နွေစပါးဧက ၃၅၀ ကျော်လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

မိုးစပါးများရိတ်သိမ်းပြီး မကြာမီနွေစပါးများ ပြန်လည်စိုက်ပျိုးကြတော့မည်ဖြစ်ရာ ရွှေချောင်း လျှပ်စစ်မြစ်ရေတင် ရေသောက်ဧရိယာတွင် တောင်သူများ လယ်မြေအတွင်း နွားချေးမြေဩဇာနှင့် သဘာဝသစ်ရွက်ဆွေးများချ၍ မြေသဘာဝကိုပြုပြင်လျက်ရှိပြီး မကြာမီ ရေသွင်း၊ ထယ်ထိုး၊ ထွန်မွှေ၊ မြေပြင်၍ နွေစပါးစိုက်ပျိုးကြတော့မည်ဖြစ်သည်။

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်သည် လျှပ်စစ်မြစ်ရေတင်နှင့် ဆည်တမံများ၏အကျိုးကြောင့် မိုးစပါးစိုက်ပျိုးခြင်းအပြင် နွေစပါးကိုပါ စိုက်ပျိုးသည့် မြို့နယ်ဖြစ်ကြောင်း သိရသည်။

၁၉၈၈ ခုနှစ်မတိုင်မီကာလက မိုးကောင်းသောက်စပါးနှင့် ရေကျနောက်စိုက်စပါးကိုသာ စိုက်ပျိုးနိုင်ခဲ့ပြီး ဒေသဝမ်းစာဖူလုံမှုမှာ ၁၆ ရာခိုင်နှုန်းခန့်သာရှိခဲ့သည်။ တပ်မတော်အစိုးရလက်ထက်တွင် ဆည်တမံ ငါးခုနှင့် လျှပ်စစ်မြစ်ရေတင် ခုနစ်ခုကို တည်ဆောက်လုပ်ခဲ့သဖြင့် ယာစိုက်ပျိုးရာမှလယ်အဖြစ်သို့ပြောင်းလဲစိုက်ပျိုးလာနိုင်သည့်အတွက် မိုးစပါးအပြင် နွေစပါးပါစိုက်ပျိုးစိုက်ဧကများ တိုး၍ သီးထပ်လည်းစိုက်ပျိုးနိုင်ကြောင်းနှင့် လက်ရှိကာလတွင် မျိုးကောင်းမျိုးသန့်စပါးများကို ရွေးချယ်၍ သိပ္ပံနည်းကျစိုက်ပျိုးရေး (GAP) စနစ်ဖြင့် စိုက်ပျိုးကြသည့်အတွက် စပါးအထွက်တိုးလာခြင်းနှင့်အတူ ဒေသဝမ်းစာဆန် ဖူလုံမှုမှာလည်း ၆၀ ရာခိုင်နှုန်းထိတိုးတက်လာခဲ့ကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

## စာကြည့်တိုက်ဆောက်လုပ်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

**ဝေါ၊ ဇန်နဝါရီ ၁၉**

ဇန်နဝါရီ ၁၄ ရက် နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ရှမ်းကိုင်းကျေးရွာ၌ ပညာအလင်းစာကြည့်တိုက် ဆောက်လုပ်ပြီးစီးမှုအား ဝေါမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းအေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု စစ်ဆေးကြသည်။

ယင်းသို့ကြည့်ရှုစစ်ဆေးရာတွင် ပညာအလင်းစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဒေါ်သိန်းသိန်းနွယ်က စာကြည့်တိုက်တည်ဆောက်မှုနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို မှာကြားခဲ့သည်။ နိုင်ငံတော်မှ စာကြည့်တိုက်ဆောက်လုပ်ရန် မတည်ငွေကျပ် ၁၀ သိန်း၊ ပြည်ပရောက်ကျေးရွာသူ၊ ကျေးရွာသားများနှင့် ဒေသခံများကလှူဒါန်းငွေကျပ် ၄၅ သိန်း အကုန်အကျခံကာ တည်ဆောက်ခဲ့ကြောင်းသိရသည်။ **တင်စိုး(ပဲခူး)**

COHABO
Asia Dragon
DASHI
KATSUO DASHI
MYANMA BRIGHT WING CO.,LTD
Ph: 098627054, 09250910533



ဖတ်စရာ

# ထမင်းရည်မှရရှိနိုင်မည့် အကျိုးကျေးဇူးများ

à တင်ထက်ထက်ဇော်

'ထမင်းရည်သည် ခွန်အားကိုဖြစ်စေသည်' လို့ မူလတန်းကလေးဘဝက သံပြိုင်ရွတ်ဆိုခဲ့ဖူးတာကို မှတ်မိနေကြမှာပါ။ ဘိုးဘိုးဘွားဘွားတို့ခေတ်က ဆန်ကိုသန့်စင်သွားအောင်ရေနဲ့ဆေး၊ ပြီးတော့ ထမင်းချက်တဲ့အခါ ရေပိုထည့်၊ ထမင်းအိုးဆူပွက်လာရင် ထမင်းရည်ကို ဇလုံခွက်ကြီးထဲငှဲ့ထည့်၊ ဆားအနည်းငယ်ခပ်၍ ထမင်းရည်သောက်လေ့ရှိပါတယ်။ ရှေးလူကြီးများက ထမင်းရည်ကို အဆာပြေစားစရာတစ်ခုသဖွယ် စားသောက်ခဲ့ကြသလို ခွန်အားဖြစ်စေဖို့၊ ခန္ဓာကိုယ်တွင်း အပူအအေးမျှတစေဖို့၊ ဝမ်းမှန်စေဖို့၊ ခံတွင်းနာအပူကန်နာတွေသက်သာဖို့၊ မျက်စိအားကောင်းစေဖို့၊ အစာအိမ်နဲ့ အူရောင်နာတို့မှ ကာကွယ်ဖို့ စသဖြင့် ကျန်းမာရေးအတွက် ဆေးတစ်ခွက်အဖြစ် သောက်သုံးလာခဲ့ကြတာပါ။

ယင်းပြင် မျှစ်ချဉ်ရည်ဟင်းချက်တဲ့အခါမှာ အနည်းငယ်ပျစ်စေပြီး အရသာကောင်းစေဖို့အတွက် ထမင်းရည်အနည်းငယ်ထည့်၍ ချက်ကြသလို၊ ဖော့ရှုံနှင့် အရိပ်ပန်းတို့လို အကျီအပျော့သားတွေကို ကော်တင်တဲ့အနေနဲ့ ရိုးရိုးရေထဲမှာ ထမင်းရည်အနည်းငယ်ရောဖျော်၍ အသုံးပြုခဲ့ကြပါတယ်။ ဒါတင်မကသေးပါဘူး။ ချဉ်ဖတ်တည်တဲ့အခါမှာလည်း စဉ့်အိုးတစ်လုံးထဲမှာ အချဉ်တည်လိုတဲ့ ဟင်းသီးဟင်းရွက်တွေထည့်ပြီး ဆားအနည်းငယ်နဲ့အတူ ထမင်းရည်ပူပူလောင်း၍ အိုးကိုလုံအောင်ပိတ်ကာ အချဉ်တည်ခဲ့ကြပါတယ်။ ဒီလို သဘာဝနည်းဖြင့် အချဉ်တည်ခြင်းကယနေ့ခေတ်မှာ ချဉ်ဖတ်မြန်မြန်ရစေဖို့ အက်ဆစ်အပျော့စားတွေထည့်တာမျိုးမဟုတ်တဲ့အတွက် အန္တရာယ်ကင်းဝေးစေပါတယ်။

ကျန်းမာရေးသုတေသီများ၏ လေ့လာဆန်းစစ်ချက်များအရ၊ ထမင်းရည်ထဲမှာ မရှိမဖြစ် အမိုင်နိုအက်စစ်ရှစ်မျိုးပါဝင်နေတဲ့အတွက် ခန္ဓာကိုယ်၏ တစ်သျှူးနဲ့ ကြွက်သားများပြန်လည်တည်ဆောက်ရာမှာ အထောက်အပံ့ပေးနိုင်ကြောင်း၊ နံနက်အိပ်ရာထ ခြေလက်အဆစ်အမြစ်တွေအကွေးအဆန့်နာကျင်မှုမှ သက်သာစေကြောင်း၊ ခြေသလုံးကြွက်သားများ ကြွက်တက်ခြင်းမှ ကာကွယ်ပေးနိုင်ကြောင်း၊ နောက်ပြီး ထမင်းရည်ထဲမှာ ကာဗိုဟိုက်ဒရိတ်အများအပြားပါတာကြောင့် လိုအပ်တဲ့စွမ်းအင်ဖြစ်ပေါ်ဖို့ကူညီပေးနိုင်ကြောင်း၊ အစာအိမ်နဲ့ အူလမ်းကြောင်းရောင်ရမ်းလို့ ကုသတဲ့နေရာမှာ အသုံးဝင်ကြောင်း၊ ခေါင်းကိုက်၊ ဇက်ကြောတက်ဝေဒနာတွေကို ပြေပျောက်စေရုံမျှမက အယ်လ်ဇိုင်းမားရောဂါဖြစ်ခြင်းမှလည်း ကာကွယ်ပေးနိုင်ကြောင်း၊ ကိုယ်အပူချိန်ကျစေတဲ့အပြင် ကင်ဆာကြောင့်ဖြစ်တဲ့ သွေးဖိအားတိုးတာတွေမှလည်း ကာကွယ်ပေးနိုင်ကြောင်း ဖော်ပြထားပါတယ်။

အလှအပရှုထောင့်မှကြည့်တဲ့အခါ ထမင်းရည်ဟာ (က) မျက်နှာအသားအရေ၊ (ခ) ဆံပင်၊ (ဂ) ခန္ဓာကိုယ်အရေပြားတို့အတွက် သူမတူအောင် ကောင်းကျိုးပြုပေးနိုင်ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါတယ်။

(က) ထမင်းရည်မှာ Inositol (ခေါ်) ဗီတာမင်ဘီဓာတ်တစ်မျိုး ကြွယ်ဝတာကြောင့် အိုမင်းရင့်ရော်မှုဖြစ်စဉ်ကိုနှေးစေပါတယ်။ ဒါ့အပြင် ရေဓာတ်ကိုထိန်းသိမ်းပေးနိုင်တဲ့ဓာတ်တွေ၊ အင်တီအောက်ဆီဒင့် (ခေါ်) အကျိုးပြုဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေ၊ ခရမ်းလွန်ရောင်ခြည်ကို စုပ်ယူနိုင်တဲ့ဓာတ်တွေ ပါရှိနေတာကြောင့် မျက်နှာပြင်အသားအရေကို ကြည်လင်ဝင်းပစေရုံမျှမက အသက်ကြီး၍ဖြစ်ပေါ်လာတတ်တဲ့ အနီကွက်တွေမှ ကာကွယ်ပေးပါတယ်။ ဒါကြောင့် ထမင်းရည်နဲ့မျက်နှာသစ်ပေးခြင်းအားဖြင့် ဖော်ပြပါအကျိုးကျေးဇူးတွေကို ရရှိနိုင်မှာဖြစ်သလို၊ ပိတ်နေတဲ့ ချွေးပေါက်မွေးညှင်းပေါက်တွေကို ပွင့်လာစေတာကြောင့် အဆိပ်အတောက်ပြေစေပါတယ်။ မျက်နှာအသားအရေ နူးညံ့ချောမွေ့လာပါတယ်။ ဒါ့ပြင် အသားအရေမှာ အောက်ဆီဂျင်ဓာတ်ရရှိသွားကာ သွေးလည်ပတ်မှုကောင်းလာတာကြောင့် ဝက်ခြံကင်းစေဖို့ အထောက်အပံ့ဖြစ်လာပါတယ်။

(ခ) ခေါင်းလျှော်ပြီးတဲ့အခါမှာ ကြိုတင်အအေးခံထားတဲ့ ထမင်းရည်အနည်းငယ်ကို ဆံသားမှာလိမ်းပေးပြီး မိနစ်အနည်းငယ်ထားပါ။ နည်းနည်းကြာရင်ရေဆေးချပါ။ ထမင်းရည်ထဲမှာပါတဲ့ ပရိုတင်းဓာတ်အစွမ်းကြောင့် ဦးရေပြားနဲ့ ဆံသားတွေကို ကျန်းမာစေပြီး၊ ဆံပင်အရောင်ကို နက်မှောင်တောက်ပစေပါတယ်။ ဆံပင်နှစ်ခွ သုံးခွကွဲထွက်နေသူများအတွက် ထမင်းရည်က အကျိုးကျေးဇူးများလှပါတယ်။

(ဂ) ထမင်းရည်မှာ ချောမွေ့နေတဲ့သဘာဝရှိတာကြောင့် ခန္ဓာကိုယ်မှာ အဖုအပိန့်ထွက်၍ ကျိန်းစပ်စပ်ဖြစ်နေတဲ့ ဒဏ်ရာတွေ၊ နာကျင်မှုခံစားနေရတဲ့ အရေပြားနေရာတွေမှာလိမ်းပေးရင် ဝေဒနာသက်သာစေပါတယ်။ Brussels University လေ့လာတွေ့ရှိချက်အရ အရေပြားရောဂါရှိသူတွေနဲ့ နာတာရှည်အရေပြားရောင်ရမ်းသူတွေအတွက် တစ်နေ့နှစ်ကြိမ်ကျစီဖြင့် တစ်ဆယ့်ငါးမိနစ်ခန့်ထမင်းရည်နဲ့ဆေးပေးခြင်းဖြင့် ရက်အနည်းငယ်အတွင်းမှာပင် ထိုအရေပြားရောဂါများမှာ တိုးတက်မှု ၂၀ ရာခိုင်နှုန်းထိ ရှိလာတယ်လို့ ဆိုပါတယ်။

သို့သော် အဲဒီလို ဘက်စုံကျန်းမာလှပရေးအတွက် အာနိသင်အပြည့်အဝရစေနိုင် ဖို့အတွက်ကတော့ ထမင်းမချက်ခင် ဦးစွာဆန်ဆေးတဲ့အခါမှာ ရေနဲ့တစ်ကြိမ်သာဆေးပေးရမှာဖြစ်ပါတယ်။ အကယ်၍ဆန်ကိုရေဖြင့် နှစ်ကြိမ်လောက် ပွတ်တိုက်ဆေးကြောလိုက်တဲ့အခါ ဆန်ထဲမှာပါရှိတဲ့ အာဟာရဓာတ်များဟာ ဆန်ဆေးရည်နဲ့အတူ ပါသွားပါတော့တယ်။

ယနေ့ခေတ်မှာတော့ ထမင်းကို ငှဲ့မချက်ကြတော့ဘဲ (၁) ထမင်းပေါင်းအိုးဖြင့် ထမင်းရေခန်းချက်ခြင်း (၂) ရိုးရိုးထမင်းအိုးဖြင့် ရေခန်းချက်စားလာကြပါတယ်။ ၎င်းနှစ်နည်းမှ မည်သည့်နည်းကိုပဲသုံးသုံး ဦးစွာဆန်ကို ရေဖြင့်တစ်ထပ်တည်းသာ ဆေးကြောပေးခြင်းဖြင့် အလားတူကျန်းမာရေးအကျိုးကျေးဇူးတွေကို အပြည့်အဝရှိစေမှာ ဖြစ်ပါတယ်။ သို့ပါ၍ ထမင်းရည်ငှဲ့ချက်သူများအတွက် အထူးမှာကြားလိုသည်မှာ အလှအပအတွက်သာမက ကျန်းမာရေးအတွက်ပါ အသုံးတည့်လှတဲ့ ထမင်းရည်ကို လက်တွေ့ မိမိတို့ရရှိမည့်အခွင့်အရေးကို လက်မလွှတ်ကြစေလိုကြောင်း အကြံပြုလိုက်ရပါတယ်။

## မျောက်ငိုသီးဈေးကွက်ဖြစ်ထွန်း၊ အိန္ဒိယသို့ တင်သွင်းရောင်းချ

ရိခေါ်ဒါရ်၊ ဇန်နဝါရီ ၁၉

ယခုနှစ်ပွင့်လင်းရာသီတွင် ချင်းပြည်နယ် ရိဒ်ဒေသ၌ ဒေသအခေါ် မျောက်ငိုသီး (Zawngtah) များ ဈေးကွက်အတွင်း ဝယ်လိုအားများပြားလာပြီး တစ်ဖက်အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်ဘက်သို့လည်း တင်သွင်းရောင်းချကြကြောင်း သိရသည်။

အဆိုပါ မျောက်ငိုသီးများမှာ ရိခေါ်ဒါရ်ဒေသမှ ထွက်ရှိသော မျောက်ငိုသီးများသာမက တီးတိန်မြို့နယ်မှတင်သွင်းလာခြင်းဖြစ်ပြီး မျောက်ငိုသီးတစ်ထောင့်လျှင် ဒေသပေါက်ဈေး ငွေကျပ် ၁၀၀ ရရှိသည်။

"အသီးထွက်ကောင်းတဲ့ မျောက်ငိုပင်တစ်ပင်က မျောက်ငိုသီးရောင်းရငွေ တစ်သိန်းခွဲခန့်ရရှိနိုင်ပါတယ်။ မျောက်ငိုသီးတစ်ခိုင်မှာ မျောက်ငိုတောင့် ၁၀ တောင့်ကနေ ၂၀ တောင့်အထိ ရှိနိုင်ပါတယ်။ မျောက်ငိုပင်တွေ အောင်မြင်စွာစိုက်ပျိုးနိုင်ပြီးတော့ အခုအခြေအနေအတိုင်း ဒီဈေးနှုန်းနဲ့ ဈေးကွက်ကောင်းသွားမယ်ဆိုရင် မိသားစုတစ်ပိုင်တစ်နိုင်ဝမ်းစာအတွက်တော့ လုံလောက်နိုင်ဖွယ်ရှိပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

မျောက်ငိုပင်သည် တစ်နှစ်သားပျိုးပင်စိုက်ပါက ငါးနှစ်သားတွင် အသီးသီးကာ နှစ်စဉ်နယ်စပ်ဈေးကွက်တွင် ဈေးကောင်းရနေသောကြောင့် ချင်းပြည်နယ်အပြင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နှင့် တမူးမြို့တို့၌ တစ်ပိုင်တစ်နိုင်အဖြစ်စိုက်ပျိုးမှုများ ပိုမိုများပြားလာကြောင်း၊ စားသုံးရာတွင် မျောက်ငိုသီးခြောက်အား အစေ့ထွင်ကာ ချက်ပြုတ်၍သော်လည်းကောင်း၊ အစိမ်းချက်စား၍သော်လည်ကောင်း စားသုံးကြပြီး ဆေးဖက်ဝင်အဖြစ် သတ်မှတ်ကြသည်။

မျောက်ငိုပင်များ အဖူးဖူးချိန်တွင် အသီးအရွယ်အစားကိုခန့်မှန်းပြီး ငွေကျပ်တစ်သိန်းကျော်အထိ ဈေးပေး၍ အပင်ကို နှစ်ချုပ်ဖြင့် ချုပ်ကြကြောင်း သိရသည်။

ဇိုဟေဆာ

NAY LIN AUNG
FINANCE & ACCOUNTANCY ACADEMY
U NAY LIN AUNG (B.Com, CPA)
ခုံနံပါတ်ကြိုတင်ယူ၍ ကျောင်းအပ်နိုင်ပါပြီ
LCCI(UK)
Level I,II,III
FOR SERIES 3- 2015
JUNE EXAM
အမှတ် (၁၈)၊ (၃အေ-၆ဘီ)၊ သပြေညို (၂) တိုက်၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်။
၀၁ ၅၀၄၇၃၇၊ ၅၁၂၉၀၀၊ ၀၉ ၄၅၀၀၂၂၆၄၆၊ ၀၉ ၇၃၁၀၈၄၀၉၊ ၀၉ ၅၁၇၀၁၀၅
တာမွေကျောင်းခွဲ ၀၁ ၅၅၆၄၂၅၊ ၀၉ ၃၀၁၆၇၂၇၂၊ ၀၉ ၃၆၁၇၃၈၃၀

သိဒ္ဓိကျော် ( TDK ) ခရီးသွား ဝန်ဆောင်မှု
ထိုင်းနိုင်ငံ အလည်အပတ် ခရီးစဉ်များ
( FEB 12,28 / MAR 26 / APR 4,11,13,17 ) ( စရိတ်ငြိမ်း )
၁။ ဗန်ကောက် ၊ ပတ္တရား ၊ အယုဒ္ဓယ (၄ည/၅ရက်)/(၅ည/၆ရက်) (495000)(550000)
၂။ ချင်းမိုင် ပန်းပွဲတော် ( JAN 28 ) ၄ည / ၅ရက် (470000)(No Ticket)
၃။ ဗန်ကောက် ၊ ကမ္ဘောဒီးယား ၅ည / ၆ရက် (690000)
၄။ ဗန်ကောက် ၊ ဖူးခက် / Krabi ကမ်းခြေ ၊ ၅ည / ၆ရက် (690000)
သင်္ကြန် ခရီးစဉ်များအတွက် တစ်လ ကြိုတင် စာရင်းပေးသွင်းကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။
မိသားစု သီးသန့် ခရီးစဉ်များ စီစဉ်ပေးပါသည်။
ဘန်ကောက်အခြေပြု ညီအစ်ကိုမောင်နှမများကိုယ်တိုင် လိုက်လံပို့ဆောင်ပေးပါသည်။
အမှတ်(၁၆၀) ပ' ထပ်၊ ကျွန်းတောလမ်း (ဟံသာဝတီမီးပွိုင့်အနီး)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
Tel: - 09 42 831 4085, 0951 96 746, 09 2536 40004 , 09250 94 26 04
Email:myanmartdktravels@gmail.com Website:www.myanmartdktravels.com

Microsoft International Certificate
Training & Test Center
G.L.C. Technology
New class starts every 15th
Free Gifts
Microsoft Office Specialist
- Microsoft Word
- Microsoft Excel
- Microsoft PowerPoint
- Microsoft Access
- Microsoft Outlook
- Microsoft SharePoint
CERTIPORT
AUTHORIZED TESTING CENTER
Microsoft Office Specialist
MOS is the future, JOIN US NOW!
G.L.C Technology : 6F, No.444 Merchant Road, Yangon.
Tel: 09-252729281, 0997-5283032.
Email: glioncomputer2014@gmail.com Website: www.glioncomputer.com


2015
ပြည်တွင်းမှာအသုံးပြုနေတဲ့
ဆေးဝါးမိတ်ဆက်နှင့်
ရောဂါအမျိုးအစားအလိုက် ဆေးဝါးလမ်းညွှန်
အတွဲ(၂)
ထွက်ပြီ
မြန်မာတစ်ပြည်လုံး ဖြန့်ချိရေး
ရတနာသိုက် စာပေတိုက်
အမှတ်-၁၄၂-(ပထမထပ်)၊ ၄၇ လမ်း (အထက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁- ၂၀၀၆၉၉၊ ၀၉ ၅၁ ၉၆၁၂၃၊ ၀၉ ၅၅၀ ၆၁၉၈

# လယ်ယာမြေပိုင်ဆိုင်မှုအခွင့်အရေးနှင့် မှတ်ပုံတင်ခြင်း ဆိုင်ရာ သိကောင်းစရာများ အသိပညာပေးဆွေးနွေး

**သထုံ၊ ဇန်နဝါရီ ၁၉**

မွန်ပြည်နယ် သထုံမြို့နယ် နောင်ကုလားအလယ် ရွာတိုက်ကျောင်းတွင် ဇန်နဝါရီ ၁၇ ရက် နံနက် ၉ နာရီက သထုံမြို့နယ်အခြေစိုက် ခွန်တန်နွယ် ပအိုဝ်းလူငယ်များကွန်ရက်နှင့် ချောင်းဆုံမြို့နယ် အခြေစိုက် လူငယ်ရှေ့ဆောင် လူ့အခွင့်အရေးပညာပေးအဖွဲ့ တို့ပူးပေါင်းကာ ဒေသခံတောင်သူများအား လယ်ယာမြေပိုင်ဆိုင်မှုအခွင့်အရေးနှင့် မှတ်ပုံတင်ခြင်းဆိုင်ရာ သိကောင်းစရာများကိုရှင်းလင်းဆွေးနွေးပြီး အသိပညာပေး လက်ကမ်းစာစောင်များ၊ တီရှပ်များကို ဝေငှပေးခဲ့ကြကြောင်းသိရသည်။

အခမ်းအနားတွင် လယ်ယာမြေမှတ်ပုံတင်ခြင်းမရှိသောကြောင့် ဖြစ်ပေါ်လာမည့်ဆိုးကျိုးများနှင့် အခက်အခဲများ၊ မှတ်ပုံတင်ခြင်းအားဖြင့်ရရှိလာမည့် အခွင့်အရေးများနှင့် အကျိုးကျေးဇူးများ၊ မှတ်ပုံတင်ခြင်းအဆင့်ဆင့်နှင့် တောင်သူများလိုက်နာရမည့် စည်းကမ်းများ၊ တာဝန်များကို ခွန်တန်နွယ် ပအိုဝ်းလူငယ်များကွန်ရက်နှင့် လူငယ်ရှေ့ဆောင် လူ့အခွင့်အရေးပညာပေးအဖွဲ့မှ ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

တရားဝင်မှတ်ပုံတင်ထားလျှင် ကုမ္ပဏီတစ်ခုခုသို့မဟုတ် သက်ဆိုင်ရာအဖွဲ့အစည်းများမှ လာရောက်သိမ်းဆည်းသွားပါက ၎င်းတို့၏လယ်ယာမြေနှင့် တန်းတူညီမျှသည့်တန်ဖိုးကို အချိန်မရွေး ပြန်လည်လျော်ကြေးတောင်း၍ရသည်ဆိုသောမှတ်သားစရာရသွားနိုင်ရန် မျှော်လင့်ကြောင်း၊ လူငယ်ရှေ့ဆောင် လူ့အခွင့်အရေးပညာပေးအဖွဲ့မှ ညှိနှိုင်းရေးမှူး မိဇာနည်မြင့်က ပြောသည်။

မြန်မာနိုင်ငံရှိ လူတန်းစားအများစုမှာ လယ်လုပ်သူများဖြစ်ရာ လယ်သမားအခွင့်အရေးများကို ကာကွယ်သည့်အနေဖြင့် ယခုလိုပညာပေးပွဲများကို သက်ဆိုင်ရာမြို့နယ်များရှိ ဒေသခံအဖွဲ့အစည်းများ၏ အကူအညီများရယူကာ ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း လူငယ်ရှေ့ဆောင် လူ့အခွင့်အရေးပညာပေးအဖွဲ့မှ သိရသည်။

**သက်ဦး(သထုံ)**

## အင်္ဂပူမြို့နယ် ရေကျော်ကျေးရွာတွင် မိုးပွင့်(အထူး) စီမံချက် ကွင်းဆင်းဆောင်ရွက်

**အင်္ဂပူ၊ ဇန်နဝါရီ ၁၉**

အင်္ဂပူမြို့နယ် ရှမ်းခေါင်းပြဲကျေးရွာအုပ်စု ရေကျော်ကျေးရွာ စန္ဒာရုံကျောင်းတိုက်အတွင်းရှိ ဓမ္မာရုံတွင် ဇန်နဝါရီ ၁၇ ရက် နံနက် ၉ နာရီက မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ခြင်းပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အင်္ဂပူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဦးက မိုးပွင့်အထူးစီမံချက်ဖြင့် ဆောင်ရွက်မည့်အစီအစဉ်များအား ပြည်သူများကို အသိပေးပြောကြားခဲ့သည်။ ယင်းနောက် ကျေးရွာပြည်သူများ၏ လိုအပ်သောအခက်အခဲများအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ အဆိုပါမိုးပွင့်အထူးစီမံချက် ကွင်းဆင်းဆောင်ရွက်ခြင်းအခမ်းအနားသို့ အင်္ဂပူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဦးနှင့်ဝန်ထမ်းများ၊ ရပ်/ကျေးအထောက်အကူပြုကော်မတီများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူ၊ ကျေးရွာသား စုစုပေါင်းအင်အား ၃၀၀ ခန့် တက်ရောက်ခဲ့ကြောင်းနှင့် မိုးပွင့်အထူးစီမံချက်ဖြင့် အသက် ၁၀ နှစ်ပြည့်နှင့် ၁၈ နှစ် ပြည့်၊ မှတ်ပုံတင်လဲလှယ်၊ ပျောက်ပျက်မိတ္တူလျှောက်ထားခြင်းလုပ်ငန်းများကို ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

# နတ်တလင်းမြို့နယ်တွင် ပဲပိစပ်စိုက်ပျိုးမှုအောင်မြင်

**နတ်တလင်း၊ ဇန်နဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်အနောက်ခြမ်း တောင်ယာတောကျေးရွာ၊ ပျဉ်းမကုန်းကျေးရွာ၊ ဖလံကုန်းကျေးရွာ၊ ရေကြည်ကျေးရွာအုပ်စုများနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများတွင် ပဲပိစပ်စိုက်ပျိုးမှုအောင်မြင်နေကြောင်း သိရသည်။

"ကျုပ်တို့ဒေသကစိုက်ပျိုးတဲ့ပဲပိစပ်မျိုးမှာ ပင်ရှည်မျိုးနဲ့ ပင်ထောင်မျိုးတွေကိုပဲ စိုက်ကြပါတယ်။ ပဲထွက်နှုန်းက ထူးခြားမှုမရှိပေမယ့် ပင်ထောင်မျိုးက ပဲကြီးနဲ့ရောစိုက်တဲ့အခါ ပိုပြီးရိတ်သိမ်းရတာလွယ်ကူတယ်။ နှစ်သီးစားရတာပေါ့။ ပြောရရင် သီးထပ်သီးညှပ်စိုက်တာပါ။ ပဲပိစပ်နဲ့ ပဲကြီးမျိုးတွေကို တော်သလင်းလနဲ့ သီတင်းကျွတ်လဆန်းပိုင်းမှာ ထယ်ထိုးထွန်ယက်ပြီး မျိုးစေ့တွေကြဲရတယ်။ အပင်ပေါက်လာတော့လည်း လိုအပ်တဲ့ဆေးတွေဖျန်း ပေးရသေးတယ်။ ရိတ်သိမ်းချိန်အထိသုံးလခွဲလောက်ကြာတယ်။ အခုလိုပြာသိုလရောက်တော့ပဲကြီးပင်တွေချန်ရစ်ပြီး ပဲပိစပ်ပင်တွေကို အရင်ရိတ်ရတာပေါ့။တလင်းပြန့်ထဲမှာ နေလှမ်းနယ်ဖတ်ပြီးအစေ့တွေကိုရောင်းတယ်။အခုပေါက်ဈေးကတော့ တစ်တင်းကို ၁၄၇၀၀ကျပ်ဈေး ရောင်းရပါတယ်ဈေးကတော့ အတက်အကျတော့ရှိတာပေါ့ပြီးခဲ့တဲ့နှစ်ကထက်ဈေးပိုပါတယ်။ ပဲပိစပ်တစ်ကျိုးကို ပျမ်းမျှငါးတင်းလောက်ထွက်တယ်။ စိုက်ပျိုးချိန်မှာပဲ မျိုးတစ်တင်းကို သုံးသောင်းကျပ်ပေးဝယ်ရတယ်။ တစ်ကျိုးကို ၆ ပြည်နှုန်းမျိုးကြဲရပြီး ဆေးဖိုး၊ ထွန်ယက်ခနဲ့ ရိတ်သိမ်းခက တစ်ကျိုးကို ၆၀၀၀ ကျပ်ပေးရတယ်။ လက်လုပ်လက်စားတွေလည်း စားဝတ်နေရေးအဆင်ပြေသွားကြတယ်လေ။ အားလုံးကုန်ကျစရိတ်တွေနုတ်ပြီးရင် တစ်ဧကကို တစ်သိန်းလောက် ကိုယ့်မိသားစုအတွက်ကျန်ပါတယ်။ ကျုပ်ကတော့ ပဲပိစပ်နဲ့ ပဲကြီး ခုနစ်ဧကစိုက်ထားတယ်။ တပေါင်းလဆိုရင် ပဲကြီးကထပ်စွက်ရမယ်" ဟု ဆင်သေကုန်းရွာမှတောင်သူတစ်ဦးကပြောသည်။ **(ဝ၇၁)**

**ရန်ကုန်တိုင်းဒေသကြီး ပန်းဆိုးတန်း နန်းသီတာဆိပ်ကမ်းရှိ စာပေရေချမ်းစင်အား နိုင်ငံခြားခရီးသွားဧည့်သည်များကလည်း စိတ်ဝင်စားလျက်ရှိပြီး အဆိုပါစာပေရေချမ်းစင်တွင် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာပါရှိသော စာအုပ်များထားရှိပေးချင်ကြောင်း အင်္ဂလန်နိုင်ငံသား Mr. Kenedy က အကြံပြုပြောခဲ့သည်။**

သတင်းနှင့် ဓာတ်ပုံ
ပန်းမဥ္ဇူ







တိုကျောင်းသား အခြေခံပညာအဌမတန်း
အခြေခံပညာစတုတ္ထတန်း
တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်စစ်ဆေးမည့်
ပညာရေးဌာနမှ ပြဌာန်းလိုက်သော နမူနာမေးခွန်းပုံစံသစ်အတိုင်း
အမှတ်ပေးစည်းမျဉ်းနှင့်အညီ စာမေးပွဲအထောက်အကူပြု
ဘာသာစုံ ဖြေဆိုနည်းလမ်းညွှန် (၃) စုံ

ထူးချွန် တက္ကသိုလ်ဝင်တန်း စာမေးပွဲအထောက်အကူပြု
★ မြန်မာစာ ★ ရူပဗေဒ
★ အင်္ဂလိပ်စာ ★ ဓါတုဗေဒ
★ သင်္ချာ ★ ဇီဝဗေဒ
★ ဘောဂဗေဒ

09 255781353
09 250644566
09 254046497

**တိုက်ခန်းရောင်းမည်**
ရန်ကင်း၊ နေရာကောင်း
1MBR, 2BR, ပြင်ဆင်ပြီး
ဖုန်း ၀၉-၅၀၄၄၉၂၆

**ခွေးရောင်းမည်**
ထိုင်ဝမ် Titer, Shih tzu, Pekingese, Chi hua hua, အင်းခွေးရောင်းရန်ရှိသည်။
**Ph : 09 425330828**

**ပျောက်ဆုံးကြောင်း**
ကျွန်တော် ဦးစောကွယ်ထူး [၃/ဘအန(နိုင်)၂၅၁၈၄၄]၏ နိုင်ငံကူးလက်မှတ်အမှတ် ၆၁၀၄၃၀၊ CDC No 79682 SID၊ သင်္ဘောသားလက်မှတ်အားလုံး၊ ယာဉ်မောင်းလိုင်စင်၊ နိုင်ငံသားကတ်ပြား၊ အိမ်ထောင်စုစာရင်းပါရှိသည့်အိတ်အပြာမှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။
ဖုန်း-၀၉-၂၆၀၂၈၅၄၁၈၊ ၀၉-၅၀၂၅၅၇၇

**သွေးသည် အသက်**

# ပခုက္ကူမြို့တွင် သီဟိုဠ်ရှင်စေတနာဆေးခန်းဖွင့်လှစ်

**ပခုက္ကူ၊ ဇန်နဝါရီ ၁၉**

နိုင်ငံတော်အနေဖြင့် လူတိုင်းလူတိုင်း ကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမီရရှိခံစားနိုင်ရေးအတွက် ပြည်တွင်းစေတနာရှင် လူမှုရေးအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိရာ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းက လူထုအခြေပြုကျန်းမာရေးအစီအစဉ်ဖြင့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့တွင် သီဟိုဠ်ရှင်စေတနာဆေးခန်းကို ဇန်နဝါရီ ၁၈ ရက် နံနက် ၉ နာရီက အမှတ် ၁၄ ရပ်ကွက် မြဇရာလမ်းတွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သီဟိုဠ်ရှင်စေတနာဆေးခန်းကို သီဟိုဠ်ရှင်မြတ်စွာဘုရားကြီးဝင်းရှိ မြေနေရာတွင် တည်ဆောက်ထားရှိပြီး တစ်ပတ်လျှင် တနင်္လာနှင့် ကြာသပတေးနေ့တို့တွင် ညနေ ၃ နာရီမှ ၆ နာရီထိ ဖွင့်လှစ်ထားသည်။ လူမျိုးဘာသာမရွေး အခမဲ့လာရောက်ဆေးကုသမှုခံယူနိုင်ရန်နှင့် မြန်မာတစ်ပြည်လုံးတွင် ဆေးခန်းပေါင်း ၁၇ ခု ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ယခု ၁၈ ခုမြောက်ဆေးခန်းကို ပခုက္ကူမြို့တွင်ဖွင့်လှစ်ခြင်းဖြစ်၍ ဝင်ငွေနည်းပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းနေ့အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်စား သစ်တောသတ္တုတွင်းဝန်ကြီး ဦးသိန်းထွန်းနှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးကိုယ်စား မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမြင့်တို့က အဖွင့်မိန့်ခွန်းပြောကြားသည်။ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာသန်းစိန်က သီဟိုဠ်ရှင်စေတနာဆေးခန်းဖွင့်ရခြင်းအကြောင်းအား ရှင်းလင်းတင်ပြ၍ ဒေသခံရပ်မိရပ်ဖ ဦးသန်းလွင်က ကျေးဇူးတင်စကားပြောကြားကာ ကျပ်တစ်သိန်း၊ ကျပ်ခုနစ်သောင်း၊ ကျပ်ငါးသောင်းနှင့် အောက်ဆီဂျင်ဘူး၊ ထာဝရရေသန့်ကုသိုလ်ရှင်နှင့် အလှူရှင် ၁၆ ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့ကြောင်း သိရသည်။ **(၅၁၇)**

# မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်း မော်လိုက်မြို့၌ကျင်းပ



**မော်လိုက်၊ ဇန်နဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဇန်နဝါရီ ၁၅ ရက် မွန်းလွဲ ၂ နာရီက အဆိုပါမြို့မဈေးကြီးအတွင်း၌ကျင်းပရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်မိုး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဦးစီးအရာရှိနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူ၊ ဈေးသားများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်း၌ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်သည့် မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ အပေါ့စားမီးသတ်စက်တစ်လုံး၊ မီးသတ်ဆေးဘူးများကို အသုံးပြု၍ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူ၊ ဈေးသားတို့က ပူးပေါင်း၍ လက်တွေ့မီးငြိမ်းသတ်မှုများကို ဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။

"ကျွန်တော်တို့ မော်လိုက်မြို့ မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်တာကို အရင်နှစ်တွေကဆိုရင် မီးငြိမ်းသတ်ယာဉ်တစ်စီးနဲ့သာ ဇာတ်တိုက်လေ့ကျင့်ခဲ့ကြပြီး အခုဆိုရင် အဆင့်မြင့်မီးငြိမ်းသတ်ယာဉ်များ၊ အပေါ့စားမီးသတ်စက်များ၊ မီးသတ်ဆေးဘူးများနဲ့ လက်တွေ့ကျကျ လေ့ကျင့်ဇာတ်တိုက်ရတာ ကျွန်တော်တို့လို ဈေးသူ၊ ဈေးသားတွေအတွက် အတွေ့အကြုံကောင်းတွေရစေပြီး အခုလို အဆင့်မြင့်မီးငြိမ်းသတ်ယာဉ်များကို ထောက်ပံ့ပေးအပ်တဲ့အတွက် အလွန်မှ ဝမ်းမြောက်ရပါတယ်" ဟု ဒေသခံဈေးသည်တစ်ဦးက ပြောသည်။

မော်လိုက်မြို့နယ် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များကလည်း မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းများသာမက ရပ်ကွက်အတွင်းများသို့လည်း လှည့်လည်၍ မီးသုံးစွဲလျှင် သတိရှိရန်နှင့် မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရန် လိုက်လံနှိုးဆော် သတိပေး ခြင်းများ ပြုလုပ်ခဲ့ကြသည်။

**မော်လိုက်သားလေး**

# ဝန်ထမ်းများစွမ်းဆောင်ရည်မြင့်မားစေရေး ဝန်ထမ်းများရုံးလုပ်ငန်း စီမံခန့်ခွဲမှုသင်တန်း(၁/၂၀၁၅) ဆင်းပွဲကျင်းပ

**မြိတ်၊ ဇန်နဝါရီ ၁၉**

တနင်္သာရီတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ တိုင်းဒေသကြီးအတွင်းရှိ ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားစေရေးအတွက် ရုံးလုပ်ငန်းများစီမံခန့်ခွဲမှုသင်တန်း (၁/၂၀၁၅) ဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၁၇ ရက် မွန်းလွဲ ၂ နာရီက မြိတ်ခရိုင်ရုံးတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး တနင်္သာရီတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နီနီချိုက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား မြိတ်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြပြီး တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

သင်တန်းတွင် တိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ရုံးများမှ ဝန်ထမ်း ၃၈ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကို ဇန်နဝါရီ ၁၁ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့သည်။

တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နီနီချို၊ ကော့သောင်းခရိုင်ဦးစီးအရာရှိ ဒေါ်ကြင်ကြင်သန်းနှင့် ရေဖြူမြို့နယ်ရုံးဦးစီးမှူး ဒေါ်ဖြူဖြူရှိန်တို့က နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးဆိုင်ရာ မူဝါဒများ၊ ဝန်ကြီးဌာန၏ရည်မှန်းချက်တာဝန်များ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ တတိယအဆင့် အရှိန်မြှင့်တင်မှုလုပ်ငန်းများ၊ ဝန်ထမ်းစည်းကမ်းနှင့်ကျင့်ဝတ်၊ သတင်းရေးသားပေးပို့ခြင်းနှင့် Social media ဘာသာရပ်၊ လူထုဟောပြောခြင်းဘာသာရပ်၊ ငွေစာရင်းထိန်းသိမ်းခြင်းနှင့် လချုပ်ဆောင်ရွက်ခြင်းဘာသာရပ်၊ စာကြည့်တိုက်ပညာဘာသာရပ်၊ စာစုလုပ်ငန်း စာပြုလုပ်ငန်း ဘာသာရပ်၊ စာရွက်စာတမ်း ထိန်းသိမ်းခြင်းဘာသာရပ်၊ ရုံးလုပ်ငန်းနှင့် လုပ်ငန်းစီမံချက်ရေးဆွဲခြင်းဘာသာရပ်များ၊ အခြေခံစာကြည့်တိုက်ပညာဘာသာရပ်၊ နံရံကပ်၊ ပြခန်း၊ လက်ကမ်းစာစောင် လက်တွေ့ဆောင်ရွက်ခြင်းများကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ ရုံးလုပ်ငန်းစီမံခန့်ခွဲမှု၊ ကျွမ်းကျင်မှုရှိရန်ရည်ရွယ်၍ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးတွင် ဌာနတွင်းသင်တန်းများ ပို့ချလျက်ရှိသည်။ **မြိတ်ခရိုင်(ပြန်/ဆက်)**

"စက်မှုဇုန် မြေကွက်ပိုင်ရှင်များအတွက် သတင်းကောင်း"

79 Home Builder
Steel Structure & Construction Co.,Ltd.

Steel Structure & Civil Works "1 sqft - 10,000/- ~ 12,000/- (Material & Labour Cost)"
(Design, Estimate & Structure)

Ph : 09-5120750, 09-8625750, 09-73085552,
E-mail : 79builder@gmail.com

ICEC

ကိုယ်ပိုင်အထက်တန်းကျောင်းနှင့်အဆင့်မြင့်ပညာရေး ဘော်ဒါ
သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက်
ကျောင်းအပ်လက်ခံနေပါပြီ။

• ကျောင်းသားဦးရေ ကန့်သတ်ထားပါ၍ ကြိုတင်အပ်နှံပေးကြပါရန် •

ရှင်းရှင်း

စားသောက်ဆိုင်

- ဆိတ်ကောင်လုံးကင်
- ဆိတ်သားဟော့ပေါ့
- ဘဲကင်
- အသားကင်
- ယူနန်ဟင်းလျာများ

နေရပ်လိပ်စာ-အမှတ်(၁၀၄)၊ ၆၇ ဘီ၊ ရတနာလမ်း၊ ဒဂုံ(ဆိပ်ကမ်းမြို့နယ်)။
ဖုန်း။ ၀၉-၂၅၆၄၆၆၀၅၁၊ ၀၉-၇၃၀၀၈၆၉၆၊ ၀၉-၇၃၁၀၂၁၁၄၊
၀၉-၄၂၀၁၁၁၇၅၊ ၀၉-၂၅၆၀၁၉၅၉၅၊ ၀၉-၂၅၂၁၆၀၀၀၁

FAME
Nephrotec®
For healthy kidney
GMP Certified
Organic Certified

FAME
Rejuvir®
Phytoestrogen supplement
GMP Certified
Organic Certified

# KNU ကရင်အမျိုးသားအစည်းအရုံး(ဗဟို)ရှိမိသားစုဝင်များအတွက် ဆေးစိမ်ခြင်ထောင်နှင့်ဆန်ရိက္ခာများထောက်ပံ့

**ဘားအံ၊ ဇန်နဝါရီ ၁၉**

မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့်ပြန်လည်ထူထောင်ရေး လုပ်ငန်းဌာန(PC)နှင့် နီပွန် ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးသည့် အနေဖြင့် KNUကရင်အမျိုးသားအစည်းအရုံး(ဗဟို) အတွက် ဆန်ရိက္ခာ၊ဆိုလာမီးအိမ်နှင့် ဆေးစိမ်ခြင်ထောင်များပေးအပ်ခြင်းကို ဇန်နဝါရီ ၁၉ ရက် နံနက် ၇ နာရီခွဲတွင် ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံးရှေ့သီရိ လမ်းမကြီးပေါ်တွင် ဆောင်ရွက်ခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းနှင့် နီပွန် ဖောင်ဒေးရှင်းမှ မစ္စတာမက်စုချီးမားတို့က ဆန်အိတ် ၁၉၉၄၂အိတ်၊ ဆိုလာမီးအိမ် ၂၄၅၈စုံနှင့်ဆေးစိမ်ခြင်ထောင် ၂၄၅၈လုံးကိုပေးအပ်ရာ KNU ကရင်အမျိုးသား အစည်းအရုံး(ဗဟို)မှတာဝန်ခံများကလက်ခံရယူကြသည်။

အဆိုပါထောက်ပံ့ပစ္စည်းများအား ကရင်အမျိုးသား အစည်းအရုံးKNU (ဗဟို)နယ်မြေများမှ ကျေးရွာအုပ်စု ငါးအုပ်စုတွင် ပါဝင်သောကျေးရွာ ၅၇ရွာ၊ အိမ်ထောင်စု ၃၆၃၃စု၊ လူဦးရေ ၂၀၀၅၉ ဦးရှိသော မိသားစုဝင်များအတွက် အကူအညီပေးထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါပေးအပ်ပွဲသို့ ကရင်ပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ KNU (ဗဟို)မှ တာဝန်ရှိသူများ၊ နီပွန်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



# နွေစပါးစိုက်တောင်သူများ စက်ကိရိယာများပိုမိုသုံးစွဲလာ

**ရေတာရှည်၊ ဇန်နဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ဆာချောင်းရေလှောင်တမံရေပေးဝေမှုဖြင့် ဇန်နဝါရီ ဒုတိယပတ်မှ စတင်ကာ နွေစပါးများစိုက်ပျိုးလျက်ရှိရာ လယ်ယာသုံးစက်ပစ္စည်းများပိုမို သုံးစွဲလျက်ရှိကြောင်းသိရသည်။ ကျွဲ၊ နွားဈေးနှုန်းမြင့်တက်ခြင်း၊ လယ်ယာလုပ်သားရှားပါး၍ လုပ်အား ခမြင့်တက်ခြင်းများကြောင့် စက်ပစ္စည်းများကို ပိုမိုသုံးစွဲလာခြင်းဖြစ်ကာ စက်ကိရိယာသုံးစွဲခြင်းဖြင့် အချိန်တိုအတွင်း လုပ်ငန်းပြီးစီးနိုင်မည်ဖြစ်သည်။

"မနှစ်ကထက်စာရင် ဒီနှစ်မှာတောင်သူတွေ စက်ကိရိယာ ဝယ်ယူတာအတော်များတယ်။ သမဝါယမနဲ့ချိတ်ဆက်ပြီးဝယ်ယူတာရှိသလို အပြင်ကလည်း အရစ်ကျ ဝယ်ယူတာတွေလည်းရှိတယ် နောက်ဆိုရင် ကျွန်တော်တို့ ဂျပန်ကနေသွင်းတဲ့ မစ်ဆူဘီရှီ ထွန်စက်တွေ ဖြန့်ဖြူးရောင်းချဖို့ရှိတယ်။ သိန်း ၂၅၀ ကို အရစ်ကျနဲ့ရောင်းပေးမှာ"ဟု ရီရှင်းလယ်ယာသုံးစက်ပစ္စည်း ရောင်းဝယ်ရေး ကုမ္ပဏီ အရောင်းဆိုင်တာဝန်ခံ ဦးအေးနိုင်က ပြောပြသည်။လယ်ယာစိုက်ပျိုးရေးလုပ်ငန်းခွင်တွင် အလုပ်သမားရှားပါးခြင်းမှာ ဒေသရွှေ့ပြောင်းလုပ်သားထွက်ခွာမှုများမှာ အများဆုံးဖြစ်ပြီး ကျွဲ၊ နွားဈေးနှုန်းများမှာလည်း ယခင်ကထက် ဈေးနှုန်းမြင့်တက်လျက်ရှိသည့်အတွက် စက်ကိရိယာများကို တောင်သူများအနေဖြင့် ကြိုးပမ်းဝယ်ယူသုံးစွဲလာခြင်းဖြစ်ကြောင်း တောင်သူတစ်ဦးကပြောပြသည်။"ကျွဲ၊ နွားဈေးက တစ်ရှဉ်းကို ၁၅ သိန်း၊ ၁၆သိန်းလောက်ပေးမှ သင့်တင့်တာရတာ။ နောက်အစားအစာ၊ ကျန်းမာရေးကိုလည်း ဂရုစိုက်ရသေးတယ်။ စက်ကျတော့ ဒါတွေမလိုဘဲ အချိန်တိုအတွင်းလုပ်ငန်းပြီးစီးနိုင်တော့ စက်ကိရိယာတွေကိုဝယ်ကျတာ သဘာဝကျပါတယ်"ဟု အထက်ပါတောင်သူကပင်ဆက်၍ပြောသည်။

ရေတာရှည်မြို့နယ်တွင်နွေစပါးစိုက်ဧကနှစ်သောင်းရှစ်ထောင်ကျော်ရှိပြီး စိုက်ဧကအလိုက် တင်း ၈၀ ကျော်မှ ၁၃၀ အထိ ထွက်နှုန်းကောင်းမွန်သည့်အတွက်တောင်သူများအနေဖြင့် အထူးပင်ကြိုးစားစိုက်ပျိုးလျက်ရှိသည်ကိုတွေ့သည်။ **ကိုလွင်(ဆွာ)**

# မီးဘေးကြိုတင်ကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်

**နေပြည်တော်၊ ဇန်နဝါရီ ၁၉**

နေပြည်တော် လယ်ဝေးမြို့နယ် သီရိရတနာ(မြို့မ)ဈေး၌ မီးဘေးအန္တရာယ်ကင်းဝေးရေး ပညာပေးဟောပြောပွဲနှင့် မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဒီဇင်ဘာ ၇ ရက် နံနက် ၁၀ နာရီက အဆိုပါ ဈေးတာဝန်ခံရုံး၌ ကျင်းပရာ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်ဦး၊ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယ ဦးစီးမှူး ဦးမျိုးဇေယျာဝေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတို့မှ တာဝန်ရှိသူများ၊ ဈေးတာဝန်ခံနှင့် ဈေးသူဈေးသားများတက်ရောက်ကြသည်။

မီးဘေးအန္တရာယ်ကင်းဝေးရေး ပညာပေးဟောပြောပွဲတွင် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်မီးသတ်ဒုတိယဦးစီးမှူးတို့က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာဆောင်ရန်၊ ရှောင်ရန်အချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။


ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးဖြင့် လက်တွေ့သရုပ်ပြမီးငြိမ်းသတ်ပြခြင်း၊ မီးသတ်ကားများ၊ အပေါ့စားမီးသတ်စက်များဖြင့် ဇာတ်တိုက်လေ့ကျင့်ခြင်း၊ ဈေးဆိုင်ခန်းများတွင် သွယ်တန်းထားသော လျှပ်စစ်မီးကြိုးများနှင့် မီးခလုတ်များကြံ့ခိုင်မှုရှိ၊ မရှိစစ်ဆေးခဲ့ကြောင်း သိရသည်။ **(၁၀၇)**











ပြည်တွင်းရေးရာ

# တိုးချဲ့ဝန်ထမ်းအိမ်ရာများနှင့် ခန့်ထည်စွာတည်ရှိသော မီးရထားမြို့

**မြစ်ငယ်၊ ဇန်နဝါရီ ၁၉**

၁၉၁၂ခုနှစ်မှ စတင်တည်ဆောက်ခဲ့သောသက်တမ်းရာကျော် အိမ်များနှင့် စည်ကားခဲ့သောမြို့မှာ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ မြစ်ငယ်မြို့ပင်ဖြစ်သည်။ မြစ်ငယ်မြို့ကို မီးရထားတွဲပြင်စက်ရုံရှိရာမြို့၊ မြန်မာနိုင်ငံ၏ သမိုင်းဝင်မီးရထားဝန်ထမ်းမြို့ဟုပင်တင်စားနိုင်သည်။

မြစ်ငယ်မီးရထားတွဲပြင်စက်ရုံ လူစီးတွဲနှင့် ကုန်တွဲစက်ရုံကို ၁၉၀၅ခုနှစ်တွင် တည်ဆောက်ကာ ၁၉၁၁တွင် ပြီးစီး၍ ၁၉၁၂ ခုနှစ်တွင် စက်ရုံစတင်လည်ပတ်ကြောင်း သိရှိရသည်။ စက်ရုံမှာ စတင်တည်ဆောက်ချိန်မှစကာ ဝန်ထမ်းအိမ်ရာများစွာကို ပါတည်ဆောက်ခဲ့သဖြင့် မြစ်ငယ်မီးရထားတွဲပြင်စက်ရုံနှစ်ပေါင်းတစ်ရာကျော်ခြင်းနှင့်အတူ ဝန်ထမ်းအိမ်ရာများစွာသည်လည်း နှစ်ပေါင်းတစ်ရာကျော်တည်ရှိပြီး ရှေးမူအတိုင်းတည်ရှိနေဆဲပင်ဖြစ်သည်။

မြစ်ငယ်မြို့ကိုလေ့လာသမျှ ဆောက်လုပ်ရေးလုပ်ငန်းနှင့် မြို့ပြအင်ဂျင်နီယာစနစ်ကောင်းမွန်ခဲ့ပုံကိုအတုယူနိုင်သည်ဟု ညွှန်းဆိုနိုင်သည်။ ရှေ့မီနောက်မီအသက် ၉၀ အရွယ် မီးရထားအငြိမ်းစားကြီးများ၏ လက်ဆင့်ကမ်းပြောပြမှုအရ အလုပ်ခန့်ပုံ၊ စမ်းသပ်ပုံ၊ ထိုခေတ်လစာနှင့်လစာပေးပုံစနစ်၊ လူမျိုးစုံဘာသာပေါင်းစုံရှေးယခင်မှစကာ ယခုအထိ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ကာ သူ့ပွဲကိုယ့်ပွဲအတူပျော်ရွှင်စွာ ဆင်နွှဲခဲ့ပုံများ၏ ကောင်းမွန်သော ဆက်ဆံရေးကို သိရသည်။ ဘာသာပေါင်းစုံဘုရားကျောင်းများ ယခုတိုင်တည်ရှိနေသည်။

မြစ်ငယ် မီးရထားဝန်ထမ်းမြို့သည် မြန်မာနိုင်ငံမီးရထားလုပ်ငန်းအတွက် အရေးပါသော မြို့ကလေးဖြစ်ပြီး တွဲဟောင်းပြင်ခြင်း၊ တွဲသစ်တည်ဆောက်ခြင်းတို့ကို အဆက်မပြတ်ထုတ်လုပ်လျက်ရှိသည်။ဝန်ထမ်းများအတွက်လည်း လေးထပ်တိုက်ခန်းများ တိုးချဲ့ဝန်ထမ်းအိမ်ရာများကိုလည်း တည်ဆောက်ပေးထားပြီး မီးရထားဝန်ထမ်းများအတွက် အစွမ်းကုန်ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်လျက်ရှိသည်။ ယခုအခါတွင် ယခင်က ဂျပန်လေယာဉ်ကွင်းတည်ရှိရာ မြစ်ငယ်မီးရထားတွင် စက်ရုံနှင့်ကွန်ကရစ်ဇလီဖားတုံးစက်ရုံ အနောက်ဘက်တွင်တိုးချဲ့ဝန်ထမ်းအိမ်ရာများကို တည်ဆောက်လျက်ရှိသည်။



ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြစ်ငယ်မြန်မာ့မီးရထားဝန်ထမ်းများအတွက် အဆောက်အဦးများကို Myanmar Land and Development Co.,Ltd. က တည်ဆောက်လျက်ရှိသည်။ တိုးချဲ့ဝန်ထမ်းအိမ်ရာများတွင် ခြောက်ခန်းတွဲ လေးထပ်အဆောက်အဦးစုစုပေါင်းခြောက်လုံးပါဝင်သည်။အဆောက်အဦးတစ်လုံးတွင် အခန်းခြောက်ခန်းပါဝင်ပြီး အိပ်ခန်းနှစ်ခန်း၊ ဧည့်ခန်း၊ ထမင်းစားခန်း၊ မီးဖိုခန်း၊ ရေချိုးခန်း၊ ရေအိမ်ခန်းတို့ပါရှိသည်။ တိုးချဲ့တည်ဆောက်သော တိုးချဲ့ဝန်ထမ်းအိမ်ရာများမှာ လေးထပ်အဆောက်အဦးများဖြစ်ပြီး မကြာမီဝန်ထမ်းအိမ်ရာသစ်များဖြင့်ခန့်ထည်စွာမြင်တွေ့ရတော့မည်ဖြစ်ကြောင်းသိရသည်။ **တိမ်တမန်**

# အိန္ဒိယနိုင်ငံရောက် ရေလုပ်သားများနေရပ်သို့ ပြန်လည်ရောက်ရှိ

**ပုသိမ် ဇန်နဝါရီ ၁၉**

အိန္ဒိယနိုင်ငံသို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိသွားကြသော ရေလုပ်သားများသည် အိန္ဒိယနိုင်ငံ ပို့ဘလဲမြို့မှ မြန်မာနိုင်ငံရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့်လည်းကောင်း၊ ရန်ကုန်မြို့မှ ပုသိမ်မြို့သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ပုသိမ်မြို့ မြို့တော်ခန်းမသို့ ဇန်နဝါရီ ၁၇ရက် ည ၇နာရီတွင် ရောက်ရှိသည်။

အဆိုပါအဖွဲ့အား ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအေးကျော်နှင့် တာဝန်ရှိသူများက နွေးထွေးစွာကြိုဆိုကြပြီး ကျန်းမာရေးစောင့်ရှောက်မှုများပေးခြင်း၊ ညစာများကျွေးမွေးခြင်းနှင့် နေရပ်သို့ အမြန်ဆုံးရောက်ရှိရန် မော်တော်ယာဉ်များ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ရောက်ရှိလာသော ရေလုပ်သား ၂၃ ဦးသည် ပုသိမ်ခရိုင်မှဖြစ်ပြီး ဇန်နဝါရီ ၁၈ရက်နှင့် ၁၉ ရက်တို့တွင် ကျန်ရှိနေသောရေလုပ်သားများ ရောက်ရှိလာမည်ဖြစ်ပြီး နေရပ်များသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


**ခရိုင်ပြန်/ဆက် (ပုသိမ်)**


**စာမျက်နှာ ၂၂ မှ**

(၃၂) ငါသည် ခက်ထန်မာကြော သဘောထား တင်းမာသူ မဖြစ်စေရ။
သဘောထား ပျော့ပျောင်းသူသာ ဖြစ်ရမည်။
(၃၃) ငါသည် ဘဝင်မြင့်သူ မဖြစ်စေရ။
ဆက်ဆံရေး ပြေပြစ်သူသာ ဖြစ်ရမည်။
(၃၄) ငါသည် ပြောရဆိုရ ခက်ခဲသူ မဖြစ်စေရ။
ပြောရဆိုရ လွယ်ကူသူသာ ဖြစ်ရမည်။
(၃၅) ငါသည် မကောင်းသော အပေါင်းအသင်းရှိသူ မဖြစ်စေရ။
မိတ်ကောင်းဆွေကောင်း ပေါင်းတတ်သူသာ ဖြစ်ရမည်။
(၃၆) ငါသည် ယစ်မူးမေ့လျော့သူ မဖြစ်စေရ။
ကောင်းမှုရေးရာ သတိရှိသူသာ ဖြစ်ရမည်။
(၃၇) ငါသည် ကောင်းမှုအရာ ယုံကြည်မှုကင်းမဲ့သူ မဖြစ်စေရ။
ယုံကြည်သူ၊ စိတ်ဝင်စားသူသာ ဖြစ်ရမည်။
(၃၈) ငါသည် မကောင်းမှုဒုစရိုက်အရာ အရှက်မရှိသူ မဖြစ်စေရ။
မကောင်းမှုဒုစရိုက်ကို ရှက်တတ်သူသာ ဖြစ်ရမည်။
(၃၉) ငါသည် မကောင်းမှုကို မကြောက်သူ မဖြစ်စေရ။
မဟုတ်တာလုပ်ရမှာ ကြောက်တတ်သူသာ ဖြစ်ရမည်။
(၄၀) ငါသည် အကြားအမြင်သုတ ကင်းမဲ့သူ မဖြစ်စေရ။
အကြားအမြင် သုတများသူသာ ဖြစ်ရမည်။
(၄၁) ငါသည် ပျင်းရိသူ မဖြစ်စေရ။
ထကြွလုံ့လ ဝီရိယရှိသောသူသာ ဖြစ်ရမည်။
(၄၂) ငါသည် ပညာကင်းမဲ့သူ မဖြစ်စေရ။
အစဉ်သတိရှိသူသာ ဖြစ်ရမည်။
(၄၃) ငါသည် ပညာကင်းမဲ့သူ မဖြစ်စေရ။
အသိပညာ ကြွယ်ဝသူသာ ဖြစ်ရမည်။
(၄၄) ငါသည် မမှန်ကန်သည့် ကိုယ်ပိုင်အမြင်ကို ခိုင်မြဲစွာ ဆုပ်ကိုင်ထားသူ၊ စွန့်လွှတ်ရန် ခက်သူ မဖြစ်စေရ။
ဆုပ်ကိုင်မထားသူ စွန့်လွှတ်ရန် လွယ်ကူသူသာ ဖြစ်ရမည်။

ဒီအဓိဋ္ဌာန်စကား (၄၄)ပါးလုံးကို သေချာစွာ တွေးကြည့်တော့ ငါးပါးသီလလုံခြုံခြင်း၊ ဒုစရိုက်မှုများကို ရှောင်ရှားခြင်း၊ သုစရိုက်များကို ကျင့်ကြံခြင်းနှင့် မဂ္ဂင်ရှစ်ပါး တရားများကို လိုက်နာကျင့်ကြံခြင်းများသာ ဖြစ်ကြောင်း ကျွန်တော် တွေ့မြင်စဉ်းစား ဆင်ခြင်မှတ်သားမိခဲ့ပါသည်။








# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး အမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဂ) ၁-၁-၂၀၁၅ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။

(ဃ) အရပ်(၅)ပေ(၂)လက်မ၊ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။(အထက်ပါအတိုင်း ကိုယ်အလေးချိန် သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) မိဘအုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက် ရှိရမည်။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၇-၁-၂၀၁၅ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၇-၁-၂၀၁၅ ရက်နေ့မှ ၂၂-၁-၂၀၁၅ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်သတင်းပို့လျှောက်ထားရမည်။

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တစ်လအတွင်းရရှိသော ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့်သင်တန်းကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၁ နှစ်၆ လကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၁ နှစ် ၆လအတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် တပ်သားသစ်လစာ ၇၅၀၀၀ိ/- ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သား အခြေခံလစာ ၇၆၀၀၀ိ/-ကျပ်ကိုလည်းကောင်း ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (တတိယတန်း)(အခြေခံလစာ၉၄၀၀၀ိ+အရည်အချင်းလစာ၁၀၀၀ိ+**M.H.R.A**၅၀၀၀ိ=၁၀၀၀၀၀ိ)အဖြစ် ခန့်အပ်ပေးမည်။ [၎င်းအပြင် နိုင်ငံတော်မှ ခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေး (၃၀၀၀၀ိ/-) ခံစားခွင့်ပြုသည်။]

၆။ တပ်မတော်(ကြည်း၊ရေ၊လေ)တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) အဆင့်/အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့်/အတန်းတိုးမြှင့်ရေးစာမေးပွဲသို့ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ စာမေးပွဲအောင်မြင်ပါက အောက်ဖော်ပြပါ အဆင့် /အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ လစာ၊ စရိတ်များရရှိမည်-

| **အဆင့်အတန်း** | **အခြေခံ လစာ** | **အရည်အချင်း လစာ** | **M.H.R.A** | **ပေါင်း** |
|---|---|---|---|---|
| (က) တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ)(ဒုတိယတန်း) | ၉၄၀၀၀ | ၁၅၀၀ | ၅၀၀၀ | ၁၀၀၅၀၀ |
| (ခ) တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၉၄၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၁၀၁၀၀၀ |
| (ဂ) ဒုတိယအရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၁၀၆၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၁၁၃၀၀၀ |
| (ဃ) အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၁၁၂၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၁၁၉၀၀၀ |

**မှတ်ချက်။** (၁) နှစ်တိုးလစာကို ၂ နှစ်လျှင် ၁၀၀၀ိ/- နှုန်းဖြင့် ၅၀၀၀ိ/- အထိ ခံစားခွင့်ရှိသည်။

(၂) နိုင်ငံတော်မှခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေး (၃၀၀၀၀ိ/-) ခံစားခွင့်ပြုသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

ခေမာ်ရွှေကျော် Travel & tours

ရာပြည့် ကြက်လည်ဆံလက်ဖက်ခြောက် အပန်ချည်

Myanmar TECH Institute

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအတွက်
## (ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အိမ်သုံးမီတာ (၁၅၀၀၀၀)လုံးအတွက် Transparent Box & Accessories နှင့် Mega Twister Seal များအား မြန်မာကျပ်ငွေ (Kyat)ဖြင့် ဝယ်ယူလိုပါသည်။ (ပစ္စည်းလက်ဝယ်ရှိသူကို ဦးစားပေးရွေးချယ်ဆုံးဖြတ်ပါမည်။)

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၁၉-၁-၂၀၁၅ရက်
တင်ဒါပိတ်မည့်ရက် - ၂၃-၁-၂၀၁၅ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၅၃)၊**
**နေပြည်တော်၊ ဖုန်း-၀၆၇-၄၃၁၁၇၅၊ Fax-၀၆၇-၄၃၁၁၈၅**

## (၁၉)ကြိမ်မြောက် ဗုဒ္ဓသာသနာတော်လုံးဆိုင်ရာ
## ရွှေကျင်နိကာယသံဃာ့အစည်းအဝေးကြီး အကြိုတရားပွဲများကျင်းပမည်

အစည်းအဝေးကြီးကျင်းပမည့် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဓမ္မဒူတဇေတဝန်တောရ ဆေကိန္ဒာရာမကျောင်းတိုက်အတွင်း ဓမ္မသဘင်၌ ညစဉ်(၇)နာရီတိတိတွင် အောက်ဖော်ပြပါဆရာတော်များက နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားချီးမြှင့်တော်မူကြမည်ဖြစ်သည်။

**ဓမ္မသဘင်အစီအစဉ်**

| | |
|---|---|
| တပို့တွဲလဆန်း (၇)ရက် | - ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ၊ |
| ၂၆-၁-၂၀၁၅ရက်(တနင်္လာနေ့) | အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခချုပ်၊ မဟာသုဗောဓာရုံစာသင်တိုက်၊ စစ်ကိုင်းမြို့။ |
| တပို့တွဲလဆန်း (၈)ရက် | - ဘဒ္ဒန္တသိရိန္ဒာဘိဝံသ၊ တိပိဋကယောဆရာတော် |
| ၂၇-၁-၂၀၁၅ရက်(အင်္ဂါနေ့) | မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| တပို့တွဲလဆန်း (၈)ရက် | - ဒေါက်တာဘဒ္ဒန္တဉာဏိဿရ |
| ၂၈-၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) | သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့။ |

"စိန်ပင်လယ်" စိန်ရွှေရတနာဆိုင်

စိန်ချစ်သူများအတွက်" Happy New Year

(750) ... 5% မှ 20% ထိ ...

Face book တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

1. Junction Square Center, ...
2. AKK Shopping Mall, ...
3. Myanmar Culture Valle (G-50) ...

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ဗိုလ်မှူးကြီးမင်းချစ်ဦး(ငြိမ်း)၏ဇနီး **ဒေါ်ညိုညိုဝေလွင်**အား နိုင်ငံတော်မှချီးမြှင့်သည့် **သုဓမ္မသိင်္ဂီဘွဲ့** အား ထိုက်ထိုက်တန်တန်ရရှိခဲ့သည့်အတွက် သူငယ်ချင်းမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

**တေဇ(၁၁)မှ သူငယ်ချင်းနှင့်မိသားစုများ**

FAME
Osteomax®
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME
Arthrotec®
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

## (၆)နှစ်ပြည့်လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

### ရဲမှူးကြီးငွေစိုးထွန်း(ငြိမ်း)မှူးယစ်ဗဟို

### ဒုတိယဗိုလ်မှူးကြီး(ငြိမ်း)ကြည်း/၈၉၂၀

အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ဖေဖေကြီး ကွယ်လွန်သည်မှာ ၂၀-၁-၂၀၁၅ ရက်တွင် (၆)နှစ်ပြည့်ပြီဖြစ်သော်လည်း ဖေဖေ၏ ဂုဏ်ကျေးဇူးများကို တစ်နေ့မှမမေ့မရပါ။ ဖေဖေကြီးအားရည်စူးပြီး ပြုလုပ်ခဲ့သော နေ့စဉ်၊ လစဉ်ကုသိုလ်ကောင်းမှုအစုစုကို ဖေဖေကြီး အား အမျှဝေပါသည်။

မြင့်မြတ်သောဘုံဘဝမှသာဓုခေါ်ဆိုနိုင်ပါစေ။

**ကျန်ရစ်သူဇနီး-ဒေါ်ဘေဘီနှင့်မိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း ဦးစိုးဝင်း(၇၁)နှစ်

**(သန်လျင်နာရေးကူညီမှုအသင်း ပို့ဆောင်ရေးကော်မတီဥက္ကဋ္ဌ)**
**(သန်လျင်ဖားအောက်ရိပ်သာနုဂ္ဂဟ အမှုဆောင်လူကြီး)**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ မြို့ဟောင်းအလယ်ရပ်ကွက်၊ ဗိုလ်ချုပ်နေဝင်းလမ်း၊ အမှတ်(၆၅)နေ ဦးစိုးဝင်းသည် ၈-၁-၂၀၁၅(ကြာသပတေးနေ့) ည ၈း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **နုဂ္ဂဟအဖွဲ့၊ ဖားအောက်တောရရိပ်သာခွဲ(သန်လျင်)**

---

## (၃)နှစ်ပြည့်လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

ပြင်ဦးလွင်မြို့၊ အမှတ်(၂၁)(ခ)၊ စန္ဒာလမ်း၊ သန္တာခြံနေ၊ ကျေးဇူးရှင်ချစ်ခင်ပွန်း ဦးရဲဝင်း(စန္ဒာဗီဒီယိုဖြန့်ချိရေး၊ ဖားကန့်မြို့) အစ်ကိုကြီးရေ ညီမတို့မိသားစုနှင့်မထင်မှတ်ဘဲ ခွဲခွာသွားတာ ၂၀-၁-၂၀၁၅ ရက်ဆိုရင် (၃)နှစ်ပြည့်ခဲ့ပြီး တစ်နေ့မှမမေ့မရပါ။ ယူကျုံးမရတမ်းတလျက် သတိရ၍ နေ့စဉ်လစဉ်ပြုသည့် ကုသိုလ်ကောင်းမှုအစုစုတို့ကို မြင့်မြတ်သော ရောက်ရာဘုံဘဝမှ ခံစားစံစားနိုင်ပါစေလို့ ဆုတောင်းမေတ္တာပို့သပါသည်။ ရောက်ရာဘုံဘဝမှာ ခင်ပွန်းသည်ကြားသိပါစေ။ သာဓုခေါ်ဆိုနိုင်ပါစေ။

**အမျှ---အမျှ---အမျှ---**

**ချစ်ဇနီး-ဒေါ်ခင်မေထွန်း**
**စန္ဒာဗီဒီယို ဖြန့်ချိရေး**
**ရပ်ကွက်ကြီး(၅)၊ မြို့မရပ်၊ ဖားကန့်မြို့၊ ကျန်ရစ်သူမိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

### ကိုကျော်သက်[အလုပ်ရုံစုမှူး၊ အမှတ်(၂)သံမဏိစက်ရုံ၊ မြောင်းတကာ]၊

**မြန်မာစီးပွားရေးကော်ပိုရေးရှင်း**

**အသက်(၃၇)နှစ်**

မိတ္ထီလာမြို့၊ စအရ(၉၁၀)ခွဲ(၂)နေ (ဦးတင်မာင်ဝင်း)-ဒေါ်စန်းမြင့်တို့၏သားကြီး၊ မှော်ဘီမြို့၊ လမ်းအထူးအဖွဲ့(၁၅) ဆလရဝင်းနေ (ဒေါက်တာဘိုဘို)-ဒေါက်တာ လှလှဝင်း တို့၏သားသမက်၊ အမှတ်(၂)သံမဏိစက်ရုံ၊ ဝန်ထမ်းအိမ်ရာနေ မရာရာလပြည့်၏ဖခင်၊ မခိုင်ခိုင်သင်း(အမှတ်-၂၊ သံမဏိစက်ရုံ)၏ခင်ပွန်း၊ ကိုကျော်သက်(အလုပ်ရုံစုမှူး၊ အမှတ်-၂ သံမဏိစက်ရုံ)သည် ၁၀-၁-၂၀၁၅ (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စက်ရုံမှူးကြီးနှင့်ဝန်ထမ်းမိသားစုများ**
**အမှတ်(၂)သံမဏိစက်ရုံ(မြောင်းတကာ)**
**မြန်မာစီးပွားရေးကော်ပိုရေးရှင်း**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

### ရဲမှူး သိန်းဌေး(ရဲ-၂၈၁၀)၊ အသက်(၅၆)နှစ်

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဌေးသည် ၁၃-၁-၂၀၁၅ ရက်တွင် ဘားအံပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒုရဲအုပ်လောင်းအပတ်စဉ် ၁၇/၈၆ ကျောင်းဆင်းသူငယ်ချင်းများ**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး**
**အောင်ဗောဓိဆုတောင်းပြည့်စေတီတော် ဂေါပက**

### ဦးစန်းမောင်(ဒေးဒရဲ) (၈၁)နှစ်

ဒေးဒရဲမြို့နေ (ဦးစိန်ငွေ-ဒေါ်အေးရင်)တို့၏သားကြီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ (ဦးဘိုးကြည်)-ဒေါ်အေးကြည်တို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၁)လျှော်ကားလမ်း၊ (၂၀)ရပ်ကွက်၊ တောင်ဒဂုံနေ (ဒေါ်သန်းစိန်)၏ ချစ်လှစွာသောခင်ပွန်း၊ Dr. ဇင်လင်းထိုက် (လက်ထောက်ဆရာဝန်၊ ရန်ကုန်ကလေးဆေးရုံကြီး)၊ မောင်ဝင်းမျိုးဟန် [B.E (Mechanical)]၊ မဝင်းသန္တာ [B.A (Chinese)]၊ မောင်ဝေလင်းအောင် [B.E (Mechanical)]၊ မအေးမြတ်နန္ဒာဦး (FP II UM I)၊ မမြတ်အဥ္စလီခိုင်(U.S.A)၊ မောင်အောင်မိုးမြင့် (3nd year Civil)၊ မောင်စန်းဘဦး [3nd year(Eng)]၊ မခိုင်သဥ္စာထက်၊ မခိုင်မြတ်ယမုံသူ [2nd year (Eng)]၊ မသက်နှင်းစု [1st year (chem)]၊ မရွှန်းလဲ့နန္ဒာ၊ မောင်မြင့်မြတ်ကောင်း၊ မောင်ဘုန်းခန့်ကျော်(ILBC)၊ မောင်အောင်ဇေယျ၊ မောင်ဉာဏ်ရဲသူ၊ မောင်အောင်ခန့်ကျော်၊ မဝင်းလဲ့ရတီ၊ မခင်ဘုန်းသစ်၊ မအိမ့်ကြယ်စင်လင်း၊ မောင်တိုးမင်းထက်၊ မောင်အာကာမျိုးမင်း၊ မောင်ကျော်ကျော်ဇံ၊ မောင်အားမာန်ဖြိုး၊ မောင်ဟိန်းလင်းအောင်၊ မမေသရဖီလွင်တို့၏ ဘိုးဘိုးကြီး ဦးစန်းမောင်သည် ၁၇-၁-၂၀၁၅(စနေနေ့) နံနက် ၈နာရီတွင် အကယ်ဒမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁-၂၀၁၅ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ကျေးဇူးတင်ရှိခြင်း

### နော်ဝင်းစမ်းမြိုင် ညွှန်ကြားရေးမှူးသူနာပြု(ငြိမ်း)

**အသက်(၇၉)နှစ်**

၇-၁-၂၀၁၅ ရက် ည ၉း၄၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားသော အမိုး-နော်ဝင်းစမ်းမြိုင်၏ နာရေးကိစ္စအဝဝတွင် အစစအရာရာကူညီပေးကြသော သမိုင်းကရင်နှစ်ခြင်းအသင်းတော်မှ Rev:Dr.ဦးစောဝေါလ်ဒိုသိန်းနှင့် လ/ထသင်းအုပ် ဆရာတော်ကြီးများ၊ အသင်းသူ၊ အသင်းသားများ၊ (၃၁)တပည့်တော်စု (၃၀)တပည့်တော်စုနှင့် ရှင်မသဲအသင်းတော်၊ မဒဂုံသိက္ခာတော်ရ ဆရာကြီးများ၊ တပည့်တော်စုများမှ ဆရာ၊ ဆရာမနှင့် အသင်းသူ၊ အသင်းသားများ၊ တောင်ဥက္ကလာပနှစ်ခြင်းအသင်းတော်မှ Rev:ဦးစောနယ်ဆင်မင်းအားလည်းကောင်း၊ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီ/အသင်းအားလည်းကောင်း၊ သူနာပြုတက္ကသိုလ်နှင့် သူနာပြုသင်တန်းကျောင်းမှ ဆရာ၊ ဆရာမကြီးများနှင့်ဌာနမှူးများ၊ Y.G.H နှင့်အရိုးဆေးရုံမှ ဆရာ၊ ဆရာမကြီးများ၊ ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများအားလည်းကောင်း၊ (၁၀)ရပ်ကွက်၊ မြောက်ဒဂုံနာရေးကူညီမှုအသင်းလည်းကောင်း၊ South East Shipping မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ နယ်အဝေးနှင့် ရန်ကုန်မြို့မှ ဆွေမျိုးမိတ်သင်္ဂဟများ၊ အလှူငွေဖြင့်လည်းကောင်း၊ ပန်းခွေပန်းခြင်းဖြင့်လည်းကောင်း၊ ဖုန်းအားဖြင့် အဝေးမှနှစ်သိမ့်ပေးသောသူအားလုံးကိုလည်း ကျေးဇူးတင်ရှိပါသည်။ လာရောက်နှစ်သိမ့်ပေးသောသူအားလုံးအပေါ်၌ ဘုရားသခင်၏ကောင်းချီးနှင့် နှစ်သိမ့်ခြင်းပြန်လည်ရယူခံစားနိုင်ကြပါစေလို့ ဆုတောင်းပေးလိုက်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဝမ်းနည်းကြေကွဲခြင်း

**ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်မြင့်သွင်(ခ)Dolly Singh

**အသက်(၈၃)နှစ်**

(Kalaw) St. Agnes' Convent ကျောင်းသူဟောင်း ဒေါ်မြင့်သွင်(ခ) Dolly Singh သည် ၁၁-၁-၂၀၁၅ (တနင်္ဂနွေနေ့) ညနေ ၆း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**(Kalaw) St.Agnes' Convent**
**ကျောင်းသူ/ကျောင်းသားဟောင်းများ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**

### ဦးကြိုင် အသက်(၈၀)

ဦးဇော်လွင်ဦး(ဒု-ဥက္ကဋ္ဌ-နေကြယ်ဦး ကုမ္ပဏီများအုပ်စု)-ဒေါ်ခင်ခင်ချို တို့၏ဖခင် ဦးကြိုင် အသက်(၈၀)သည် ၁၂-၁-၂၀၁၅ ရက် နံနက် ၅း၀၁ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခဦးအေးကျော် မိသားစု**
**ကျောင်းအုပ်ကြီး(MHR)**

---

### ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ရွှေသရဖီရိပ်မွန်၊ (D/8)နေ ဒေါ်ယမင်းသူရ၏ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးအောင်မြတ်ဦး(ငြိမ်း) အသက်(၄၅)နှစ် (လက်ထောက်ညွှန်ကြားရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန)သည် ၁၅-၁-၂၀၁၅ ရက် ညနေ ၆း၃၅ နာရီတွင် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)နေပြည်တော်၌ ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးခွန်ဌေးကျော်(ငြိမ်း)နှင့် ဇနီး ဒေါ်ခင်သူဇာ**
**ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)**

---

### ဦးလွင်(စား/ဖျော်-ငြိမ်း)

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၂၅၁/၂၅၃)၊ ပထမထပ်၊ ဗိုလ်မြတ်ထွန်းလမ်းနေ (ဦးအေး-ဒေါ်သစ်)တို့၏သား၊ ဒေါ်ခင်ဖြူဖြူ(စာတိုက်ကြီး-ငြိမ်း)၏ခင်ပွန်း၊ (ဦးခင်မောင်ဇော်-ဒေါ်သန္တာ)၊ ဦးခင်မောင်ဇင်၊ ဦးအောင်ကျော်မိုး (St Johns Co.,Ltd.)-ဒေါ်ခင်မာချို (စာတိုက်ကြီး)၊ ဦးခင်မောင်ရင် (Uniteam Marine Co., Ltd.)-ဒေါ်ဖြူဖြူသင်း(အကောက်ခွန်-ငြိမ်း)၊ ဦးခင်မောင်ဖြူ (Rettles Co.,)-ဒေါ်ဝင်းစန္ဒာထွန်း၊ ဦးခင်မောင်ညို (Uniteam Marine Co., Ltd.)-ဒေါ်စုမာဝင်း၊ ဦးသန့်လှိုင် (Tony)-ဒေါ်ခင်မေချိုတို့၏ ဖခင်၊ မြေး ၁၀ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုး ဦးလွင်သည် ၁၇-၁-၂၀၁၅(စနေနေ့) ညနေ ၅း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၁၅(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၂၃-၁-၂၀၁၅(သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်အမာ(ဝင်းသီရိဆေးဆိုးပန်းရိုက်)

**အသက်(၈၅)နှစ်**

ဘိုကလေးမြို့နေ(ဦးဘတင်-ဒေါ်ဝက်)တို့၏သမီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ စစ်ကိုင်းလမ်း (၃၀)၊ အမှတ် (၅၂၈)နေ [ဦးသန်းကြည် (လူထုပညာရေးမှူး-ငြိမ်း)၏ဇနီး၊ ဦးအောင်ထွန်း-ဒေါ်နုနုဝင်း၊ (ဦးစံထွန်းအောင်) -ဒေါ်ခင်ခင်ကြီး၊ ဦးတင်ဝင်းလှိုင်-ဒေါ်တင်ကြည်(ကော့ကရိတ်)၊ ဦးဇော်ဝင်း-ဒေါ်အေးအေးသန်း၊ဦးသန်းဌေး-ဒေါ်တင်တင်ချို (ခေတ္တ-USA)၊ ဦးဌေးအောင်(ခေတ္တ-Japan)၊ ဦးကိုကိုဦး-ဒေါ်မာမာကြည် (ခေတ္တ-USA)၊ ဦးအောင်အောင်ကျော် -Mrs.Kawakami Megum (ခေတ္တ-Japan)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၅ယောက်၊ မြစ် ၁၄ယောက်တို့၏ ဘွားဘွားကြီးသည် ၁၆-၁-၂၀၁၅(သောကြာနေ့) မွန်းလွဲ ၂း၁၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၅(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ခင်သန်းဌေး (၆၁)နှစ်

ရန်ကုန်မြို့၊လှိုင်သာယာမြို့နယ်၊နဝဒေး အိမ်ရာ၊ ပင်းယလမ်း၊ ဘလောက်(၃၉)၊ အမှတ် (၆/၇)နေ ဒေါက်တာညွှန့်လှိုင်-ဒေါ်သိန်းသိန်းဆွေတို့၏သမီး၊ဒေါက်တာလှဖေ-ဒေါ်စန်းစန်းမြင့်တို့၏သမီးချွေးမ၊ ဦးဇော်ဝင်း၏ဇနီး၊ ဒေါ်ခင်သန်းကြွယ်-ဦးရဲထွန်းတို့၏ညီမ၊ ဒေါ်ခင်သန်းအေး-ဦးအောင်ကြွယ်၊ ဦးပည်နွ(ပုညကာရီကျောင်းတိုက်)၊ ဒေါ်အေးအေးမြင့်-(ဦးလှငွေ)၊ ဒေါ်နီလာ-ဦးဥက္ကာ၊ ဒေါ်သီတာ၊ ဒေါ်မြင့်မြင့်ခိုင်-ဦးထိန်ဝင်း၊ (ဦးလှမြင့်)၊ ဒေါ်တင်တင်ဝေ-ဦးသန်းဦးတို့၏အစ်မ၊ မခင်ဝင်းမော်-ကိုသက်နိုင်၊ ကိုမြင့်သူ၊ မဝင်းယုမာလာ-(ကိုဆက်နောင်ကျော်)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးလေးယောက်တို့၏အဘွားသည် ၁၈-၁-၂၀၁၅ (တနင်္ဂနွေနေ့) နံနက် ၉း၂၀နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၂၀-၁-၂၀၁၅(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဦးမျိုးလှိုင်(BOSUN)

**(CDC NO. 12258)**
**WAN HAI LINES**

**အသက် (၅၃)နှစ်**

**အထက-၅၊ ဗိုလ်တထောင်**
**ကျောင်းသားဟောင်း**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ နိဗ္ဗာန်လမ်း၊ အမှတ်(၅၄)နေ ဦးစိန်မောင်-ဒေါ်တင်စိန်တို့၏သား၊အလုံမြို့နယ်၊သိပ္ပံလမ်း၊အမှတ်(၈၄) နေ ဦးအောင်မြင့်-ဒေါ်ကျင်လွမ်တို့၏သားသမက်၊ဒေါ်အေးအေးဝင်း(လက်ထောက် ညွှန်ကြားရေးမှူး၊ အမျိုးသားလွှတ်တော်ရုံး၊ နေပြည်တော်)၊ ဒေါ်ဌေးဌေးဝင်း (လက်ထောက်ညွှန်ကြားရေးမှူး၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နေပြည်တော်)တို့၏မောင်/အစ်ကို၊ ဒေါ်ရီရီဝေ၏ခင်ပွန်း၊ ကိုအောင်ရဲကျော် (Mechanical Engineer)၏ဖခင် ဦးမျိုးလှိုင်သည် ၁၈-၁-၂၀၁၅ ရက် နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၅ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

## သင့်သွေးဖြင့် အသက်ကယ်ပါ

---

### ဦးချစ်စိန် (၈၃)နှစ်

**စာရင်းကိုင်အုပ်(ငြိမ်း)**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

ထားဝယ်မြို့၊ သရက်ချောင်းမြို့နယ်နေ (ဦးဘစိန်-ဒေါ်ငြိမ်းနိုင်)တို့၏သား၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ (ဦးဘရင်-ဒေါ်ငြိမ်းခင်)တို့၏ သားသမက်၊ နေပြည်တော်နေ (ဦးကျော်စိန်)-ဒေါ်သီးပိုတို့၏ညီ၊ အမှတ် (ခ/၅)၊ စပယ်လမ်း၊ စော်ဘွားကြီးကုန်း၊ အင်းစိန်မြို့နယ်နေ ဒေါ်ခင်နွဲ့(စာရင်းကိုင်-ဒု၊ ဆောက်လုပ်ရေးဝန်ကြီးဌာန-လေယာဉ်ကွင်းအထူးအဖွဲ့-၂)၏ ချစ်လှစွာသောခင်ပွန်း ဦးချစ်စိန်သည် ၁၈-၁-၂၀၁၅ (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၅ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယိကာမကြီး**

### ဒေါ်သန်းညွှန့်

**အသက်(၇၈)နှစ်**

တောင်ငူမြို့နေ (ဦးအောင်မြင့်-ဒေါ်ခလေးမ)တို့၏သမီး၊ ရန်ကုန်မြို့၊ အမှတ် (၂၃)၊ အာသာဝတီလမ်း၊ ပထပ်၊ အလုံမြို့နယ်နေ [ဦးကျော်သန်း(ဆိပ်ကမ်းအာဏာပိုင်-ငြိမ်း)]၏ဇနီး၊ ကိုဆန်းထွန်း-မနီနီမာ၊ ကိုမျိုးမြင့်-မသန်းသန်းဆင့်၊ ကိုဇော်ထွန်း-မသီသီလွင်၊ ကိုမြတ်ကျော်-မအေးမြသင်းတို့၏မိခင်ကြီး၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွား ဒေါ်သန်းညွှန့်သည် ၁၈-၁-၂၀၁၅ရက် နံနက် ၃း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၅ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (အာသာဝတီလမ်း၊ အလုံမြို့နယ် နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

### ဒေါ်ခင်မြိုင်(ကျိုက္ခမီ) (၆၆)နှစ်

ကျိုက္ခမီမြို့နယ်နေ (ဦးသိန်းဇံ-ဒေါ်ရီစိန်)တို့၏သမီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ ဦးသိန်းအောင်-(ဒေါ်ခင်လှိုင်)၊ (ဦးအောင်မြိုင်)-ဒေါ်ငွေတင်တို့၏ညီမ၊ ဦးအောင်လှိုင်-ဒေါ်မွှေးအိမ်၊ (ဦးသက်ဝေ)-ဒေါ်ခင်အေးမြင့်၊ ဦးရွှေသိုက်-ဒေါ်လှထွေးတို့၏အစ်မ၊ ဦးတင်သန်း၏ဇနီး၊ ဦးကျော်မင်းဦး၊ ဦးနေဇာဝင်း-ဒေါ်မျိုးပပလင်း၊ ဦးသန်းနိုင်ဦး-ဒေါ်မျိုးမြတ်မြတ်မင်းတို့၏ မွေးသမိခင်၊ မောင်ရဲလင်းထက်၊ မောင်လင်းထက်ပိုင်တို့၏အဘွားသည် ၁၈-၁-၂၀၁၅(တနင်္ဂနွေနေ့) နံနက်၄နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၅ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်မြမြစီ(မိတ္ထီလာ)

### အသက်(၈၀)

သူငယ်ချင်း ပါမောက္ခ ဒေါက်တာ နေစိုးမောင်(ပါမောက္ခချုပ်၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်)၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်မြမြစီသည် ၁၂-၁-၂၀၁၅(တနင်္လာနေ့) မွန်းလွဲ ၁း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အောင်လွင်၊ ကြည်ထိန်၊ ကျော်ခိုင်၊ ကျော်ဝင်း၊ ဝင်းခိုင်၊ ကျော်ရွှေ၊ သိန်းမြင့်၊ ဆန်းမြင့်၊ စန္ဒာတင်ရှိန်၊ ခင်မောင်ကြိုင်၊ သီသီမြင့်၊ သန်းသန်းဝင်း၊ သင်းနွယ်ဝင်း၊ ဉာဏ်ထွတ်၊ အောင်သန့်၊ နှင်းယု၊ မြန်လင်း၊ မြမြဝင်း၊ ထွန်းလွင်၊ ထိန်ဝင်းဇော်၊ သိန်းဝင်း၊ သန်းသန်းအေး၊ ခင်ရွှေမာ၊ တင်ဝင်း(ပု)၊ မြင့်ဟန်၊ မခင်ဌေး**

---

### ဝမ်းနည်းကြေကွဲခြင်း

သန်လျင်နာရေးကူညီမှုအသင်းမှ ဦးမျိုးမြင့်(တွဲဖက်အတွင်းရေးမှူး-၄)၊ (မေတ္တာရိပ်အခမဲ့ဆေးခန်းတာဝန်ခံ)-ဒေါ်တင်နုတို့၏မိခင် ဒေါ်တင်မြင့်(၈၃)နှစ်သည် ၁၃-၁-၂၀၁၅ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **နာယကများနှင့်အလုပ်အမှုဆောင်အဖွဲ့၊ သန်လျင်နာရေးကူညီမှုအသင်း**

---

### ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

### ဒေါ်ကျင်ယုံ(တိုက်ကြီးမြို့)

**အသက်(၉၄)နှစ်**

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးသိန်းဝင်း(ငြိမ်း)-ရဲမှူးဒေါ်နန်းမိုခမ်း(စည်ပင်ရဲတပ်ဖွဲ့-ရန်ကုန်)တို့၏ချစ်လှစွာသောမိခင်ကြီး ဒေါ်ကျင်ယုံသည် ၁၃-၁-၂၀၁၅ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **OTS(61)မှ သူငယ်ချင်းများ**

---

### ဦးအောင်ကျော်လင်း (၅၀)နှစ်

**CDC-31909,Filter.SB Shipping Co.**
**(နတ်မောက်)**

နတ်မောက်မြို့နေ (ဦးအောင်သန်း-ဒေါ်ရွှေချစ်)တို့၏သား၊ ဦးသိန်းညွှန့်-ဒေါ်ကြည်ကြည်တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၄)ရပ်ကွက်၊ ပိတောက်မြိုင်(၃)လမ်း၊ အမှတ်(၁၂၆၇)နေ မောင်မင်းသန့်ဟိန်း (Grade-VI-A၊ ထ-၅၊ မရမ်းကုန်း)၊ မသက်မွန်ကျော် (Grade-III-A၊ ထ-၅၊ မရမ်းကုန်း)တို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်လှလှမိုး၏ချစ်လှစွာသောခင်ပွန်း ဦးအောင်ကျော်လင်းသည် ၁၈-၁-၂၀၁၅(တနင်္ဂနွေနေ့) နံနက် ၄း၄၅နာရီ တွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၅ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၁၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

Hot Line No-0930500100

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန် အိန္ဒိယနိုင်ငံသို့ရောက်ရှိ

**ဂါယာ ဇန်နဝါရီ ၁၉**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန် ဦးဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ရန် ဇန်နဝါရီ ၁၉ ရက် နံနက် ၈ နာရီ မိနစ် ၄၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အပြည်ပြည်ဆိုင်ရာမြန်မာ့လေကြောင်းဖြင့် ထွက်ခွာခဲ့ရာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ သုဝဏ္ဏဘူမိအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၂၅ မိနစ်တွင်ရောက်ရှိကြသည်။

ဒုတိယသမ္မတအား ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဝင်းမောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ထိုင်းလေကြောင်းခရီးစဉ်ဖြင့် အိန္ဒိယနိုင်ငံ ဂါယာမြို့သို့ ဆက်လက်ထွက်ခွာကြရာ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ် ဂါယာမြို့သို့ ရောက်ရှိကြသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့**



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့ ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီတော်မြတ်ကြီးအတွင်း လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

# အာရှဖွံ့ဖြိုးရေးဘဏ်အထောက်အပံ့ဖြင့် ရန်ကုန်မြို့လယ်ပြန်လည်ဖွံ့ဖြိုးရေးနှင့် ပြည်သူများ၏ နေထိုင်မှုဘဝအကြောင်း အကြိုလေ့လာမှုဆောင်ရွက်မည်

**ရန်ကုန် ဇန်နဝါရီ ၁၉**

အာရှဖွံ့ဖြိုးရေးဘဏ်၏ အထောက်အပံ့ဖြင့် စီမံကိန်းတစ်ခု ဆောင်ရွက်သွားမည်ဖြစ်ပြီး ရန်ကုန်မြို့လယ် ပြန်လည်ဖွံ့ဖြိုးရေးနှင့် ရန်ကုန်မြို့လယ်ဧရိယာနေ ပြည်သူတွေအကြောင်း အကြိုလေ့လာမှုအစီအစဉ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေယာစီမံခန့်ခွဲမှုဌာနမှ သတင်းရရှိသည်။

အာရှဖွံ့ဖြိုးရေးဘဏ်မှ အမေရိကန်ဒေါ်လာသုံးသိန်းကျော်ထောက်ပံ့ပေးသွားမည့် အဆိုပါ အကြိုလေ့လာမှု စီမံကိန်းတွင် ရန်ကုန်မြို့လယ်ပြန်လည်ဖွံ့ဖြိုးရေးနှင့် မြို့ပြအမွေအနှစ်များ ထိန်းသိမ်းနိုင်ရေးနည်းလမ်းများ၊ ပြည်သူများ၏ နေထိုင်မှုဘဝအကြောင်းတို့အပါအဝင် အကြိုလေ့လာမှုအပေါ် ဆက်လက်ဆောင်ရွက်သွားမည့် စီမံကိန်းများအကြောင်းကိုလည်းအစီရင်ခံသွားမည်ဟု သိရသည်။

" အာရှဖွံ့ဖြိုးရေးဘဏ်ရဲ့အထောက်အပံ့နဲ့ လုပ်မယ့်စီမံကိန်းရှိပါတယ်။ အဓိက က ရန်ကုန်မြို့လယ်ဖွံ့ဖြိုးရေးကဘာလဲ၊ ဘယ်လိုဖြေရှင်းမလဲ၊ မြို့ပြအမွေအနှစ်တွေ မပျက်စီးအောင် ဘက်ပေါင်းစုံက ဘယ်လိုဆောင်ရွက်မလဲဆိုတာတွေပါမယ်။ ရန်ကုန်မြို့ထဲက ပြည်သူတွေအကြောင်း လေ့လာမယ်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

## မာတိကာ

ယနေ့

ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး အင်္ဂလိပ်-မြန်မာ ဒီမိုကရက်တစ် ခက်ဆစ်အသုံးအနှုန်းများ မှုဝေ — စာမျက်နှာ - ၂
မြရည်နန္ဒာတန်ဖိုးနည်းအိမ်ရာ မဲနှိုက်ရောင်းချ လက်ငင်းငွေချေစနစ်ဖြင့် ဝယ်ယူသူများအား တိုက်ခန်းသော့ပေးအပ် — စာမျက်နှာ - ၄
ပြည်ထောင်စုလွှတ်တော်အစည်းအဝေး — စာမျက်နှာ - ၅
ပြည်သူ့လွှတ်တော်အစည်းအဝေး အမျိုးသားလွှတ်တော်အစည်းအဝေး — စာမျက်နှာ - ၇
အသည်းရောင် အသားဝါ ဘီပိုးတားဆီးရန် ကာကွယ်ဆေးများ ထိုးခြင်းက အကောင်းဆုံးနည်းလမ်းဖြစ် — စာမျက်နှာ - ၈

# အခုလိုအချိန်အခါမဟုတ်မိုးတွေ နောက်တစ်ခါလည်း ရွာနိုင်ပါသေးတယ်

**အမေးအရေးနှင့် ဓာတ်ပုံ – ရာမည(ကြေးမုံ)၊ နိုင်လင်းကြည်(ကြေးမုံ)**


*မြန်မာနိုင်ငံတွင် ယခု ၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်း အချိန်အခါမဟုတ်မိုးရွာသွန်းမှုနှစ်ကြိမ်တိုင်တိုင်ဖြစ်ပေါ်ခဲ့ပြီး ဇန်နဝါရီ ၇ ရက်နှင့် ၈ ရက်တို့တွင် တစ်ကြိမ်နှင့် ဇန်နဝါရီ ၁၅ ရက်မှစတင်ကာ ၁၉ ရက်အထိ တစ်ကြိမ် အချိန်အခါမဲ့မိုးများရွာသွန်းခဲ့သည်။*

*အချိန်အခါမဟုတ်မိုးရွာသွန်းခြင်းသည် ရာသီဥတုဖောက်လွဲဖောက်ပြန်ခြင်းတစ်မျိုးဖြစ်ပြီး ထိုသို့ဖြစ်ရခြင်းကြောင့် လူတို့၏ကျန်းမာရေးကို ထိခိုက်စေနိုင်သကဲ့သို့ ဆောင်းသီးနှံများဖြစ်ထွန်းမှု အားနည်းခြင်းများ ဖြစ်ပေါ်လာနိုင်သည်။ ထို့ကြောင့် ယခုကဲ့သို့ အချိန်အခါမဟုတ် မိုးရွာသွန်းရသည့် ဖြစ်စဉ်များနှင့် ဖြစ်တတ်သည့်သဘာဝကို သိလိုသဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန မိုးလေဝသဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးလှထွန်းနှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။*


**ဦးလှထွန်း (ဒုတိယညွှန်ကြားရေးမှူး၊ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန)**

"အချိန်အခါမဟုတ် မိုးရွာသွန်းတာနဲ့ ပတ်သက်ပြီးတော့ ဇန်နဝါရီလထဲမှာ နှစ်ခါရွာပါတယ်။ အရင်တစ်ခါ ဇန်နဝါရီ ၇ ရက်၊ ၈ ရက်မှာ ရွာတုန်းက ရွာပြီးပြန်အေးသွားတယ်။ ပြန်အေးသွားပြီး ၁၅ ရက်နေ့ကနေ စပြီးတော့ ဒီနေ့အထိပါ။ အထူးသဖြင့် မြန်မာနိုင်ငံ အထက်ပိုင်းဒေသတွေနဲ့ အရှေ့ပိုင်းဒေသတွေမှာ မိုးရွာသွန်းခဲ့တာပါ။ ဘာကြောင့်အချိန်အခါမဟုတ်မိုးရွာရသလဲဆိုရင် မြန်မာနိုင်ငံမှာ အချိန်အခါမဟုတ် မိုးရွာတတ်တဲ့ အချက်နှစ်ချက်ရှိပါတယ်။ ပထမအချက်ကတော့ မြန်မာနိုင်ငံအထက်ပိုင်းဒေသတွေမှာ အနောက်ဘက်နဲ့ အရှေ့ဘက်ကလာတဲ့ လေပွေလှိုင်းတွေကြောင့် ဖြစ်ရသလို

**စာမျက်နှာ ၈ ကော်လံ ၃ သို့**



မြန်မာနိုင်ငံအတွင်း အချိန်အခါမဟုတ် မိုးရွာသွန်းမှုနှင့်ပတ်သက်သည့် မြေပြင်လေထုဖိအား အခြေအနေပြပုံ။




themirror.npt@gmail.com
www.facebook.com/themirrordaily